www.burmeseclassic.com

ရွှေသတ္တာစာပေ

# ဝင်းဝင်းလတ်

# သီပါလေစကျောင်းသွားဖော်

နှင့်

## ရသဝတ္ထုတိုများ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>၂၀၁၄ ခုနှစ်၊ မေလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| စီစဉ်သူ | - | ကိုသက်မော်ဦး (သာယာဝတီ) |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ<br>အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း၊ ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်စန္ဒာတင်<br>ဖွဲ့မာန်သစ်ပုံနှိပ်တိုက်<br>အမှတ်–၂၇၁၊ လမ်း(၄၀)၊<br>ကျောက်တံတားမြို့နယ်။ |
| ဖြန့်ချိရေး | - | ရွှေသစ္စာစာပေ<br>ဖုန်း – ၀၉ ၄၉၅၀၈၆၈၂<br>၀၉ ၃၁၀၃၉၈၈၅ |

၈၉၅–၈၃

ဝင်းဝင်းလတ်

သိပါလေစကျောင်းသွားဖော်နှင့်ရသတ္တုတိုများ

သင်းစာပေ/၂၀၁၄

၁၃၇စာ၊ ၁၂.၅ × ၂၀.၅ စင်တီ


(၁) သိပါလေစကျောင်းသွားဖော်နှင့်ဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

(၁၉-၅-၂၀၀၆) နေ့တွင် ကွယ်လွန်ခြင်း

(၈) နှစ်ပြည့်အမှတ်တရ



# ဝင်းဝင်းလတ်

## သိပါလေစကျောင်းသွားဖော်

နှင့်

## ရသဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# ဆရာမဝင်းဝင်းလတ်၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဝင်းဝင်းရှိန်ဖြစ်ပြီး အဖ ဒုတိယဗိုလ်မှူးကြီး ထွန်းရှိန်(ငြိမ်း)၊ အမိ ဒေါ်မြအုန်းတို့မှ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်တွင် လက်ပံတန်းမြို့၌ မွေးဖွားခဲ့သည်။

တက္ကသိုလ်ဝင်တန်းကို ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့ အထက(၁) ကမာရွတ်(မရမ်းခြံအမျိုးသမီးကျောင်း)မှ အောင်မြင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အလုပ်သင်ဆရာဝန်ဖြစ်ခဲ့သည်။

၁၉၈၁ မှ ၁၉၉၅ ခုနှစ်အတွင်း စစ်တွေ ပြည်သူ့ဆေးရုံ၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ကချင်ပြည်နယ် မိုးကောင်းပြည်သူ့ဆေးရုံ၊ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅ တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ် ဖားကန့်၌ ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ပြီး လုံးချင်းဝတ္ထုအပြင် မဂ္ဂဇင်းဝတ္ထုရှည်၊ ဝတ္ထုတိုများစွာကို ရေးသားခဲ့သည်။

ထို့နောက် ၁၉၉၇ ခုနှစ်တွင် "အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ" လုံးချင်းဝတ္ထုနှင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တွင် လူမှုဖွံ့ဖြိုးရေးအရာရှိအဖြစ် ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

BURMESE CLASSIC

၂၀၀၁–၂၀၀၅ အတွင်း Save the Children တွင် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ မျိုးဆက်ကျန်းမာရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅– ၂၀၀၆ အတွင်း (Care Myanmar) တွင် assitant Program Coordinator အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် မေ ၁၉ ရက် (Care Myanmar) တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့သည်။

ခင်ပွန်းဖြစ်သူ ဒေါက်တာစိန်လှကျော် (Myanmar Isos Total Myanmar) နှင့် သားသုံးဦး ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝင်းဝင်းလတ်

# သိပါလေစကျောင်းသွားဖော်
# နှင့်
# ရသဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ကျေးရူးတင်ခြင်းများနှင့်အတူ ၁၁

၂။ ပန်းရောင်ရဲ့ကိုကိုအောင် ၂၅

၃။ ရုပ်မြင်သံကြား ၄၉

၄။ စိတ်သိအိပ်မက် ၆၃

၅။ စလူရှက် ဖြူလက်ဝယ်ကိုင်မိုးလို့ ၆၉

၆။ သိပါလေစ ကျောင်းသွားဖော် ၁၁၁


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ခြင်းများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com


# ကျေးရူးတင်ခြင်းများနှင့်အရူ

အပြင်ဘက်မှာ သိပ်အေးနေမှာပါပဲ . . . တံခါးတွေ အလုံပိတ်ထားတဲ့ မွန်ရဲ့အခန်းလေးထဲကိုတောင် အအေးဓာတ်တွေ စိမ့်ဝင်လာနေတယ်။ ည သန်းခေါင်ယံဆိုတော့ ကျောင်းသားတစ်ယောက် အိပ်ရာဝင်ချိန်တောင် လွန် လာနေပါပြီ။ မွန်တော့ မအိပ်နိုင်သေးပါဘူး။ 'ညဏ့်'အကြောင်းကို တွေးချင် ပါသေးတယ်။

ဒီညလေ . . . ညဏ် မွန့်အတွေးထဲမှာ ဘယ်လောက်များ ပါဝင်လှုပ် ရှားနေလဲဆိုရင် . . . ခါတိုင်းလို ညဏ့်အတွက်လို့ ရည်စူးပြီးတောင် စာကျက် လို့ မရအောင်ပါဘဲ . . .

ညဏ့်ကိုတော့ မွန်သိတာပေါ့။ ညဏ့်ကို မသိတဲ့သူဟာ မွန်တို့ ကျောင်းက မဟုတ်လို့ ဖြစ်မှာပဲ . . . ရွယ်တူတစ်ယောက်လို 'ညဏ်'လို့ ခေါ်မိနေတာကို တောင်းပန်ရပါဦးမယ်။ မွန်က ညဏ့်ထက် ငယ်ပါတယ်။ ငယ်တာမှ . . . ညဏ့်ကို မွန်တို့ မော်ကြည့်မိကြတော့ ညဏ်က မရယ်မပြုံး တော့တဲ့ အထိပါပဲ။ ညဏ်က ဘယ်ပြုံးပါတော့မလဲ။ မွန်တို့မော်ကြည့် ကြည့်နေမိတာက အထက်တန်းကျောင်းတုန်းက ကျောင်းခန်းမဆောင်ထဲ မှာ . . . ကျောင်းရဲ့ ဂုဏ်ထူးဆောင်အဖြစ် ချိတ်ဆွဲထားတဲ့ ညဏ်ရဲ့ဓာတ်ပုံ ဖြစ်နေလို့ပေါ့။ ညဏ် တက္ကသိုလ်ရောက်သွားပေမယ့် ဓာတ်ပုံက ကျန်နေရစ်


www.burmeseclassic.com

www.burmeseclassic.com


တာကို း . . . မွန်တို့လို ညဏ့်ထက် ဂျူနီယာကျတဲ့ကျောင်းသားတွေကတော့ ရွှေတံဆိပ် သုံးလေးခုချိတ်ဆွဲထားတဲ့ ညဏ့်ကို မော်ကြည့်အားကျကြတာ ပေါ့။ မွန် တက္ကသိုလ်ရောက်လို့ တွေ့ရတော့လည်း ညဏ်က ခါတ်ပုံထဲကလို ပဲ . . . ညဏ့်ကို ချက်ချင်းမှတ်မိနိုင်တာပါပဲ . . . ခါတ်ပုံထဲကထက် ပိုပြီး ထူးထူးခြားခြား သတိပြုမိစရာကတော့ ညဏ့်မျက်လုံးတွေပဲပေါ့။ စူးရှထက် မြက်ပြီး ယုံကြည်မှုအပြည့်အဝရှိတဲ့ အကြည့်မျိုးကို ညဏ် ဘယ်လိုများပိုင်ဆိုင် တာပါလိမ့်။ အစဉ်တစိုက် ထူးချွန်လာသူတိုင်းသာ ဒီလို ယုံကြည်မှုမျိုးနဲ့ချည်း ထင်ပါရဲ့ . . .

မွန် . . . ကျောင်းမှာတုန်းကတော့ ညဏ့်ကိုမလိုခဲ့မိပါဘူး ညဏ်။ အမြင့်က စပျစ်သီးမို့ ချဉ်တဲ့မြေခွေးလိုပါပဲ . . . ခန်းမဆောင်ထဲက ညဏ်ရဲ့ ခါတ်ပုံကို မကြည့်ဘဲလည်း မနေဘူး။ ကြည့်ပြီးပြန်တော့လည်း သူငယ်ချင်း တွေနဲ့ အတိုက်မခံပါဘဲ . . .

"နှုတ်ခမ်းတင်းတင်းစေ့ထားပုံက မာနကြီးမှန်း သိသာလိုက်တာ၊ ပညာတော်တယ်ပေါ့၊ ဒီလို ပြင်ပအသိုင်းအဝိုင်းနဲ့ ကင်းကွာလွန်းလို့ တော် လာရတာမျိုးလည်း မဖြစ်ချင်ပါဘူး"

လို့ ညဏ့်ကို ချီးကျူးကြတာကိုပဲ မလိုသလို ပြောကျင့်ရှိခဲ့ပါရဲ့။ ဒီတုန်းက ကျောင်းမှာ သတင်းမျိုးစုံကျော်ကြားနေလို့ မွန်ရဲ့အရွဲ့တိုက်လို စိတ်က ဆိုးသွမ်းလာခြင်းပါပဲ . . . ညဏ်က ကျောင်းမှာစာတော်သလို၊ ပြင်ပမှာလည်း အားလုံးက အရေးမပေးဘဲ မနေလိုတဲ့အခြေအနေမျိုး ပိုင်ဆိုင် ဆုတောင်းကောင်းခဲ့သူ . . . ညဏ် တစ်ခုခုစားသောက်တဲ့အခါကျမှ သတင်းတို့ . . . ဆောင်းပါးတို့ကို အနားကတစ်ယောက်က ဖတ်ပြရတယ် ဆိုတာမျိုး။ စာတစ်ပုဒ်ကို တိပ်နဲ့သွင်းထားပြီး ခဏခဏ ဖွင့်နားထောင်ရင်း ကျက်မှတ်တယ်ဆိုတာမျိုး။ တစ်သက်လုံး မှတ်သားသင့်တဲ့စာမျိုး။ စကား မျိုးကျတော့ ခါတ်ပြားတောင် လုပ်ထားတယ်ဆိုတာမျိုး။ အို . . . စုံလို့ ပါပဲ . . . ညဏ်ရဲ့ တချို့အကြောင်းတွေများ ညဏ်ကိုယ်တိုင် ပြန်ကြားရင်


www.burmeseclassic.com

www.burmeseclassic.com



တော့ ရယ်တောင်ရယ်ချင်မယ်။ လူတွေကလည်း ဟုတ် . . . ဟုတ်၊ မဟုတ် ဟုတ်၊ တစ်ယောက်ကောင်းစားရင် ပိုင်းမြှောက်ပင့် ကောင်းချည်း ပေးချင်ကြပြီး . . . နိမ့်ကျပြီဆိုရင်လည်း . . . နင်လား၊ ငါလား ထုထောင်းချင်ကြတာမျိုး မဟုတ်လား။ ဉာဏ့်ကိုလည်း မင်းသားလေးတစ်ပါးကျနေတော့တယ်။ ဒါနဲ့ပဲ မွန်က သတင်းတွေကြားရတာတောင် တစ်ဖက်သားကို တင်စီးလိုက်တာလို စိတ်ငြိုငြင်မိခဲ့တယ်။

"မွန်တော့ ဒီလိုစာတစ်ခုထဲ တော်တာမျိုး မချီးမွမ်းချင်ပါဘူး"

. . . လို့ ရန်စကားပြောလား၊ ပြောခဲ့ရဲ့ . . . မွန်က ဒီတုန်းက ကျောင်းလှုပ်ရှားမှု မှန်သမျှ ထိပ်ဆုံးမှာပါနေသူဆိုတော့ ပြောအားလည်းရှိတာပေါ့။ မွန် ကစားလည်းကစားတယ်။ စကားလည်း များတယ်။

စကားရည်လုပွဲမှာလေ။ နံရံကပ်စာစောင်ဆိုလည်း မွန့်လက်ရာချည်းပဲ . . . ကျောင်းခန်းထဲမှာ မိဘဆရာအသင်း အစည်းအဝေးအတွက် သန့်ရှင်းရပြီဆိုလည်း မွန့်လက် . . . မွန့်ခြေပါပဲ . . .

ဉာဏ်လည်း မွန့်ကိုကျေးဇူးတင်ရမှာ . . . မွန်က ဉာဏ့်ရဲ့ခတ်ပုံကိုလည်း ဖုံ့ ခဏခဏသုတ်ပေးခဲ့ရတယ်လေ။ ဘီရိုအမြင့်ကြီးပေါ်တက်ရလို့ သက်စွန့်ဆံဖျားပေါ့။ ဖုံသုတ်ရင်းလည်း . . .

"ဘဝမြင့်မှန်း လူမသိမှာစိုးလို့ဟော့ . . . နှုတ်ခမ်းကြီးတင်းတင်းစေ့ထားလိုက်တာကွာ"

. . . လို့ လှောင်တတ်လွန်းလို့ ဉာဏ့်ကိုထိရင် မချိအောင်နာကြတဲ့ မွန်ရဲ့ သူငယ်ချင်းတွေက . . .

"သူများကို မတရားမပြောပါနဲ့ . . . ယှူပဲတတ်နိုင်ရင် *M.C* ရောက်အောင် ကြိုးစားကြည့်ပါဦး၊ တစ်ပြည်လုံးမှာ ပထမရဖို့ဆိုတာတော့ ဝေလာဝေး"

အဲဒီလိုလည်း ဆိုလိုက်ရော . . . အရွဲ့တိုက်တတ်သလို . . . ခံလည်း မခံချင်တတ်တဲ့စိတ်က ဝါသနာရှိပေမယ့် . . . အမှတ် မမှီနိုင်ပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချထားတဲ့ ဆေးတက္ကသိုလ်ကို ရောက်အောင်ပို့ခဲ့တာပါပဲ . . . ညဏ့်ကို မွန် ကျေးဇူးတင်ခြင်း ပထမပါပဲ။

❖ ❖ ❖

တက္ကသိုလ်ရောက်တော့ ညဏ့်ကို တွေ့ဖူးရတယ်။ သစ်လွင်ဘဝနဲ့ နှစ်လလောက်အကြာထင်ပါရဲ့။ ညဏ့်ကို စတွေ့ရတဲ့နေ့ကိုတော့ မွန် မှတ်မိမှ ဖြစ်မှာပေါ့။ ဘီ–အိုဲ–စီ ကောလိပ်ဝင်းထဲက ငုပင်အောက်မှာ မွန်တို့ သူငယ်ချင်းတစ်စု . . . လက်ပံပင်ဆက်ရက်ကျသလို ဆူညံနေကြတုန်းပေါ့။ ဇီဝကမ္ဘ လက်တွေ့ခန်းတွေဘက်က ကျောင်းသားတစ်ယောက် မြက်တောတွေထဲက ဖြတ်လာနေတယ်။ အသားညိုညို၊ ပါးပါး၊ မြင့်မြင့်။ ဂျူတီကုတ်ရှည်ကို ကြယ်သီးတွေမတပ်ဘဲ ဝတ်ထားလို့ လေတိုက်တဲ့အခါ အကျႌက နောက်ဖက်ကို လွင့်လွင့်သွားနေတယ်။ လက်ထဲမှာ စမ်းသပ်ဖန်ပြွန်တစ်ခု ကိုကိုင်ပြီး အေးအေးဆေးဆေး မြက်တွေထဲက ဖြတ်သန်းလာနေသူဟာ သူလိုငါလို ဆေးကျောင်းသားတစ်ယောက်ပါပဲ။ မွန်ဆိုချင်တာက အသိုင်းအဝိုင်းမပါဘဲကြည့်ရင် 'ညဏ်' ဟာ 'ညဏ်' ပါပဲဆိုတဲ့ အဓိပ္ပာယ်ပါ။ သူက မွန်တို့ဘက်ကို လှည့်မကြည့်ဘူး။ မြက်တွေထဲက ကန်သင်းလိုဖြစ်နေတဲ့ လမ်းကောင်းလေးတွေကို ရွေးလျှောက်ရင်း . . . လက်ထဲက ဖန်ပြွန်ကိုသာ ဂရုတစိုက်နဲ့ကိုင်လာတာ ထင်ရှားနေတာပဲ . . . မွန်တို့ထဲကတစ်ယောက်က . . .

"အဲဒါပေါ့ . . . ညဏ်ထွန်းဝေဆိုတာ . . . အတန်းတိုင်း ဘာသာစုံ ဂုဏ်ထူးထွက်တယ်ဆိုတာလေ"

. . . လို့ ပြောလိုက်တယ်။ မွန်ကတော့ မွန် ခဏခဏ ဖုန်သုတ်ဖူးတဲ့မျက်နှာ (ခါတ်ပုံထဲကပြောတာပါ) မို့ ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်။ အဲဒါ ပထမဆုံးမြင်ဖူးတာပါပဲ။ နောက်တော့ မတွေ့တော့ဘူး။ ညဏ်က



www.burmeseclassic.com

www.burmeseclassic.com


လိပ်ခုံးမှာမှ မရှိတော့ဘဲ . . . မွန်ကတော့ ညဏ် အဲဒီနေ့မြက်တောထဲက ဖြတ်လာပုံကို သဘောကျမိလို့ နောက် မွန် အဲဒီအတန်းရောက်တော့ သွားစရာရှိရင် ဒီလိုပဲ မြက်တောထဲကဖြတ်တယ်။ စမ်းသပ်ဖန်ပြွန်ကို ဂရုတစိုက်နဲ့ ဂျူတီကုတ်ကြယ်သီးတွေကိုလည်း မတပ်ဘဲနဲ့ပေါ့။ လေတိုက်ရင် ပိုတောင် သဘောကျမိပါသေးတယ်။

❖ ❖ ❖

ဒုတိယနှစ် အောင်လာတော့ မွန်လည်း လမ်းမတော်ကျောင်းကို ရောက်လာပြန်တာပေါ့။ ဒီမှာလည်း ညဏ်နဲ့မဆုံမိပါဘူး။ လက်ချာတွေ၊ ပရက်တီကယ်တွေ၊ ဆေးရုံဆင်းရတာတွေကြားမှာ မွန်ဖြင့် အလုပ်များလို့ပါပဲ။

တွေ့မယ့်တွေ့တော့ မွန်တို့ နောက်တစ်ကြိမ်ဆေးရုံပြောင်း တာဝန်အကျမှာ ညဏ်တို့ဝဒ်ကို ရောက်လာရတာပါပဲ။ ဝဒ်စ ပြောင်းရတဲ့နေ့မှာ ဝိရိယတလှေကြီးနဲ့ မွန် အစောဆုံးရောက်လာတယ်။ ကျောင်းသားများ အခန်းထဲဝင်တော့မယ်အလုပ်၊ ဆင်နားရွက် တံခါးလေးက အရှိန်နဲ့ပွင့်လာပြီး ကျောင်းသားတစ်ယောက် ထွက်လာတယ်။ တအားပွင့်လာတဲ့ တံခါးရွက်ကို ရှောင်ရလို့ မွန့်နောက်ကိုတောင် ယိုင်သွားမိပါရဲ့။ ရေးကြီးသုတ်ပြာနိုင်တဲ့ ကျောင်းသားကိုလည်း စိတ်တိုသွားမိတယ်။ အခန်းထဲမှာ နောက်တစ်ယောက်ကျန်နေသေးလို့ ဒီတစ်ခါတော့ ပါးသွားပြီး ဝေးဝေးမှာ ရပ်နေတော့မယ်အလုပ် ယမ်းခါနေတဲ့ တံခါးရွက်ကို ထိန်းကိုင်ထားပြီး၊ လူ ထွက်မလာသေးလို့ . . . မွန်ဝင်ဖို့ ဦးစားပေးစောင့်နေတာသိပြီး အားနာနာနဲ့ ကမန်းကတန်းပဲ ဝင်လိုက်ရတော့တယ်။ တံခါးရွက်ကိုင်ထားပေးတဲ့ ရပ်နေသူကိုလည်း မြင်လိုက်ရော . . . မွန့်ခေါင်းလည်း တစ်ခါထဲငုံ့သွားရောပါပဲ။ ညဏ် . . . ဆင်ဖြူမို့ ဆင်မဲ မကြည့်ရဲသလိုပါဘဲ။ တစ်ကျောင်းထဲ


www.burmeseclassic.com

www.burmeseclassic.com



ထွက်တွေပေမယ့် ဉာဏ်က အတော်အမော်၊ မွန်က အညံ့စားထဲက . . . ပြီးတော့လည်း 'ဉာဏ်ချီးမွမ်းခန်း' ဖွင့် တတ်ကြတဲ့ သူငယ်ချင်းတွေကို မုန်းမုန်းနဲ့ ဉာဏ့်ကို မထီတရီ ပြောခဲ့ဖူးတာတွေလည်း ရှိတာကိုး . . . စိတ်မလုံဘူးပေါ့။ အဲဒီနေ့က . . . အစောကြီးရောက်ပေမယ့် အခန်းထဲမှာ ကုပ်ကုပ်လေးထိုင် စာဖတ်နေလိုက်တာ . . . သူငယ်ချင်းတွေက သတင်းပို့ရအောင် လာခေါ်မှပဲ ထွက်ဖြစ်ပါတော့တယ်။

❖ ❖ ❖

ဝဒ်တစ်ခုထဲမှာ အတူဆင်းရတော့မှ မွန် ငယ်ငယ်တုန်းက ဉာဏ့်ကို အရွဲ့တိုက်သလိုပြောခဲ့တာ။ အထင်အမြင်မှားခဲ့မိတာတွေ လွန်မှန်းသိရတော့တယ်။ ဉာဏ်ဟာ မွန်ထင်ခဲ့သလို ဂုဏ်ဒြပ်အရှိန်နဲ့ မာနတက်နေတတ်တဲ့ သူမျိုးမဟုတ်ပါဘူး။ ဉာဏ်ရဲ့လူနာတွေအပေါ် ဆက်ဆံပုံ၊ စမ်းသပ်ပုံတွေဟာ မွန်ရည်နူးညံ့လှပါတယ်။ နောက်ဆုံးနှစ် ကျောင်းသားလည်းဖြစ်၊ လူတော်မို့ အများတကာရဲ့ အရေးပေးခံရသူလည်း ဖြစ်ပေမယ့် နပ်စ်တွေ၊ မေးလ်စတာပ်ဖ်တွေ၊ မွန်တို့လို ဆေးရုံဆင်းစ၊ ယောင်တီးယောင်နကျောင်းသားတွေ အပေါ်မှာ အမြဲအရေးတယူပါပဲ။

ပညာရှိန်နဲ့ ဝါကြွားတယ်ဆိုတဲ့ မွန်ရဲ့အထင်ကိုတော့ မွန် စိတ်ဆိုးမိဆုံးပါပဲ။ ဘာဖြစ်လို့လဲဆို . . . ဉာဏ်တစ်ယောက်ဟာ တတ်သိသမျှကို ဖယောင်းတိုင်လို မီးကူးပေးဖို့ အဆင်သင့်အမြဲရှိနေလို့ပါပဲ။ မှတ်သားစရာကောင်းတဲ့ ကေ့စ်ဆိုရင် ဉာဏ်ရောက်လာတတ်ပြီး၊ လာကြည့်စမ်းသပ်ကြတဲ့ ကျောင်းသားတိုင်းကို အသေအချာရှင်းပြ သင်ကြားပေးတတ်တယ်။

မွန်တို့လို အငယ်တန်းတွေအဖို့တောင် ရိုးနေပြီး၊ နေတတ်ထိုင်တတ်ပြီဖြစ်တဲ့ လူနာညည်းသံတွေကြားမှာ ဉာဏ်ကတော့ မနေတတ်သလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ . . . နေကောင်းသွားမှာပေါ့၊ အားမငယ်ပါနဲ့"

. . . လို့ နှစ်သိမ့်တတ်တဲ့ ညဏ် . . . ဒါတွေကြောင့်ပဲ စာတော်သူအများကြားမှာ ညဏ်က ထင်ရှားနေတာထင်ပါရဲ့ . . . အဲဒီရက်တွေတုန်းက အိမ်ကလည်း မွန့်ကို ဆေးရုံစောစောပို့ထားတတ်လို့ မွန် အမြဲလိုစောစောရောက်ရတယ်။ မွန့်ထက် အမြဲဦးနေသူကတော့ ညဏ်ပဲပေါ့။ အိမ်ကို ညအိပ်ရုံပဲပြန်တော့သလိုပါပဲ။ သိပ်ကြိုးစားတာပဲနော် . . . မွန် စောစောရောက်ပေမယ့် ညဏ်နဲ့တော့ မဆုံမိလှပါဘူး။ ညဏ် ဟိုဘက်ဝဒ်မှာရှိရင် မွန်က ဒီဘက်ဝဒ်မှာ အမြဲသတိထားပြီးနေတယ်။ ရှေးတုန်းက ဘုရင်မင်းမြတ်နဲ့ ဝတ်လဲတော်တဆင်ထဲ မဖြစ်အောင် . . . မှူးကြီးမတ်ရာတွေ သတိထားကြရတယ်ဆိုတာ မွန့်လိုသတိမျိုးဖြစ်မှာပဲ။ ဒါပေမယ့် ရုပ်ဖြူနဲ့ ပုဆိုးကိုသာ အဝတ်များတဲ့ . . . ဟန်မကြီးတတ်တဲ့ညဏ်ကတော့ ဘယ်ကျောင်းသားနဲ့တွေ့တွေ့ အကူအညီပေးတော့မယ့် အသွင်မျိုးနဲ့ မျက်နှာပျော့ပျောင်းလို့ နေတတ်တာပါပဲ . . .

❖ ❖ ❖

ညဏ်တို့ ဝဒ်ပြောင်းရဖို့ နီးလာတဲ့အခါက ရက်တစ်ရက်ကိုတော့ မွန် အမြဲလို အမှတ်တရဖြစ်နေမိပါတော့တယ်။ မွန် စိတ်ဓာတ်ချုံးချုံးကျနေတဲ့ ရက်လေ။ ဒီအတွင်း အတန်းထဲစာမေးပွဲ ရီဇက်တွေက မကောင်းဖြစ်နေတယ်။ ဆေးရုံမှာ ဆရာစာမေးပြန်တော့လည်း မဖြေနိုင်ပြန်ပါဘူး။ ကျက်လို့မရနိုင်တဲ့ စာတွေကိုတော့ မုန်းမိပြီ။ ကျောင်းသားခန်းထဲမှာ မွန်နဲ့ 'စု'တို့ နှစ်ယောက်ထဲရှိနေတုန်း . . .

"မွန်တော့ ဒီစာကိုပဲ ဦးစားပေးနေရတဲ့အလုပ်ကို စိတ်ပျက်လာပြီကွာ၊ တစ်ခါလာလည်း စာ . . . တစ်ခါလာလည်း စာ . . . စာပဲကျက်နေရ


www.burmeseclassic.com

www.burmeseclassic.com


တာပဲ . . . ခေါင်းတွေလည်းထုံ၊ ညဏ်တွေလည်း တုံးလာပြီ၊ ကျောင်းတောင် မနေချင်တော့ဘူး"

. . . လို့ ညည်းပစ်လိုက်မိတယ်။

ပြောပြီးမှ အခန်းထဲမှာ မွန်တို့နှစ်ယောက်ထဲ မဟုတ်ပါလား။ စာအုပ်လားမသိ . . . ဝင်လာယူတဲ့ ကျောင်းသားတစ်ယောက်ကို တွေ့လိုက်ရတော့ နောက်ကျသွားပြီပေါ့။ မွန်ရဲ့ ဖွဲ့မရှိတဲ့ကျောင်းသားမပီသတဲ့ ညည်းသံကို ကြားပြီပေါ့။ အဲဒီကျောင်းသားရဲ့ နကိုပျော့ပျောင်း သဘောကောင်းဟန်ရှိတဲ့ မျက်နှာကိုလည်း မြင်ရရော . . . မွန်လည်း ပိုပြီးစိတ်ညစ်သွားပါတော့တယ်။ စာကို မြတ်နိုးကိုးကွယ်သူရှေ့မှာမှ ညည်းညူမိတော့တယ်။ အတန်းတူချင်း ကြားရင်တောင် အထင်သေးစရာပါ။

အဲဒီနေ့ ညဏ် ကေ့စ် ပြောပြတော့ မွန့်ကို အထင်သေးနေမယ့် ညဏ့်ရဲ့မျက်လုံးတွေနဲ့ ရင်မဆိုင်ရဲလို့ ညဏ့်လည်စည်းပေါ်က အစင်းလေးတွေ၊ အကွေ့လေးတွေ၊ အကောက်လေးတွေကိုပဲကြည့်ရင်း နားထောင်ရတယ်။ စာရှင်းပြပြီးပေမယ့် ညဏ်က ခပ်ပြုံးပြုံးပဲဆက်ရပ်နေတယ်။ အားလုံးပဲ ရပ်နေရတာကြာပြီဆိုတော့ နားချင်နေကြပါပြီ။ မွန်ကတော့ အားလုံးထဲမှာ အပိုဆုံးပေါ့။ နေရာကတောင် ပျောက်ချင်နေတဲ့သူ။

ညဏ်က ကျောင်းသားတွေဘက်ကိုကြည့်ပြီး

"စာတွေ လိုက်နိုင်ကြရဲ့လား" . . . တဲ့

"များတော့ . . . များတယ်နော် . . . " တဲ့

မွန်ဖြင့် ဒီအချိန်မှာ မျက်လုံးအဝိုင်းသားတောင် ရှိမလားပါပဲ။

စိတ်ထဲမှာ ဘယ်လောက်တောင် လှုပ်ရှားရတယ်ဆိုတာ မပြောပြတတ်တော့ပါဘူး။

"ဒါပေမယ့် သိပ်ပြီးစိတ်မပူပါနဲ့၊ ဖြည်းဖြည်းဆေးဆေးသာ ကျက်ပါ၊ နောက်ဆုံးမှာ အားလုံးကိုခြုံမိရင် လွယ်လာမှာပါ၊ အစတော့ ခက်တာပေါ့ ပဲပေါ့" တဲ့


www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ညဏ်အားပေးတာ . . . အံ့ဩ၀မ်းသာပြောကြဆိုကြ တော့ မွန် အရုပ်တစ်ရုပ်လို ငြိမ်လို့လေ။ ညဏ်ရဲ့ ကျောင်းသားသက်မှာ စိတ်ဓာတ်ကျတဲ့၊ စာညံ့တဲ့ ကျောင်းသားတွေကို တတ်နိုင်သမျှ လက်တွဲ ခေါ်ခဲ့ဖူးမှာမို့ ညဏ်ကတော့ အမှတ်ထားမယ်မဟုတ်ပါဘူး။ မွန်တော့ မမေ့ နိုင်သလို . . . ကျေးဇူးလည်း တင်မိရပါတယ်။

ဒီလိုနဲ့ ညဏ် . . . တာ၀န်ကုန်ဆုံးတဲ့အခါ ၀ဒ်ပြောင်းသွားရပါတော့ တယ်။ အတုခိုးလွယ်တတ်တဲ့ မွန်ကတော့ ကျောင်းသားခန်းမှာ တစ် ယောက်ယောက်နဲ့ အ၀င်အထွက်ဆုံကြရင် ဆင်နားရွက် တံခါးချပ်လေးကို ထိန်းကိုင်ဖွင့်ထားပြီး ၀င်သူကို ဦးစားပေးကျင့် ရလာတယ်။

❖ ❖ ❖

မွန် နောက်ဆုံးနှစ် အပိုင်း(က)မှာ ညဏ်ရဲ့ ဘာသာစုံဂုဏ်ထူးနဲ့ အောင်မြင်သွားတဲ့သတင်းကို ကြားရတယ်။ မွန်လည်း မွန့်စာတွေနဲ့မွန် ရှုပ် ထွေးလုံးပန်းနေရတော့တယ်။ မွန် စာမကျက်ချင်တဲ့ ညတွေမှာဆို 'ညဏ့် အတွက်' လို့ ရည်စူးလိုက်ရင် . . . စာကျက်ဖြစ်သွားပါရော။ နိုက် သူ့ရဲ့ ကောင်းတွေဟာ သူတို့ဘာပဲလုပ်လုပ် ဂုဏ်သရေရှိ မြင့်မြတ်တဲ့ အမျိုးသမီး တစ်ဦးဦးက စောင့်ကြည့်နေတယ်လို့ သဘောထားပြီး၊ ရဲစွမ်းသတ္တိတွေ ပြခဲ့ တာမို့ အလွန်အောင်မြင်ခဲ့ကြသတဲ့ . . . မွန်လည်း ဒီလိုပါပဲ . . .

မွန်စာမကျက်ရင် စာတော်တဲ့ . . . စာကိုချစ်တဲ့ ညဏ်က စိတ်ဆိုး လိမ့်မယ်လို့ယူဆပြီး၊ စာကျက်တာပေါ့။ မွန် ငယ်ငယ်တုန်းကလို မပိုက်တော့ ဘဲ ညဏ့်ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်အ၀ရှိတဲ့ လူနာတွေ စိတ်ချ အားကိုးလောက်တဲ့ ဆရာ၀န်အဖြစ်ကို အားကျတတ်လာပါပြီ။ ညဏ်ရဲ့ ကြိုးစားမှုတွေကို အတုယူချင် အားကျချင်လာစေတဲ့အတွက် ကျေးဇူးလည်း တင်မိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


အခု . . . မွန် ဆေးကျောင်းမှာ 'ကျီးကန်း တံခါးပိတ်ဂျိတ်' လို့ ဆိုရမယ့် နောက်ဆုံးတန်းကိုရောက်နေပြီဆိုတော့ စာသိပ်ကျက်ရတာ။ မောနေတာပဲ။ တကယ့်ကို အားချိန်မရှိတာပါ။ တစ်ခါတစ်ရံ နီးနေတဲ့ရုပ်ရှင်ရုံတွေမှာ အပြေးအလွှားရုပ်ရှင်ဝင်ကြည့်ကြပေမယ့် အသက်ရှူတောင် မဝသလိုပါပဲ . . .

ညနေခင်းကတော့လေ မွန်တို့ရဲ့ကျောင်းကြီးဆီကို ရောက်သွားခဲ့သေးတယ်။ ဆေးကျောင်းရောက်လို့ ခြောက်နှစ်ကျော်အကြာမှာ ဒီတစ်ကြိမ်အလည်သက်သက်လို သွားဖူးတာ။ ညနေ ကျောင်းဆင်းပြီးပြီဆိုတော့ ကျောင်းသားတစ်ယောက်စ၊ နှစ်ယောက်စနဲ့ တိတ်ဆိတ်နေတဲ့ကျောင်းဝင်းဟာ မွန့်ကို စိမ်းနေကြတယ်။ မွန်ကစားခဲ့တဲ့ ဘတ်စ်ကတ်ဘောကွင်း၊ ခဏခဏ ခိုးခဲ့ဖူးတဲ့ ပန်းခင်း၊ အောက်စီဂျင်တွေ . . . ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်တွေ ထုတ်ဖော်ခဲ့ဖူးတဲ့ လက်တွေ့စမ်းသပ်ရုံ . . . အားလုံးဟာ အဝေးကြီးမှာ ကျန်ရစ်တော့သလိုပါပဲ။ ကျောင်းမှာ ညဏ်နဲ့တွေ့တယ်လေ။ အရင်တုန်းကနေရာမှာပါပဲ . . . တိတ်ဆိတ်နေတဲ့ ကျောင်းခန်းမထဲက ဘီရိုမြင့်မြင့် အထက်နံရံမှာ ချိတ်ဆွဲလို့ပေါ့။ ညဏ် အဖော်တွေအများကြီးရနေပြီ။ ညဏ့်ဘေးမှာ ထပ်ဆင့်လူရည်ချွန်လေးတွေ . . . ဂုဏ်ထူးဆောင် ကျောင်းသားတွေရဲ့ ဓာတ်ပုံတွေနဲ့ပေါ့။

ညဏ်ကတော့ ညဏ့်ကို အမြဲလေးစားတဲ့ . . . တစ်ခါတုန်းကတော့ ညဏ့်ဓာတ်ပုံကို မကောင်းပြောချင်တဲ့ မွန့်ကိုသိမှာမဟုတ်ပါဘူး။ မွန်ကလည်း သိအောင်မကြိုးစားချင်ပါဘူး။ တစ်ခါတစ်ရံမိရင်တောင် ရှောင်ကွင်းမြဲ . . . ရင်မဆိုင်ဝံ့မြဲ ဖြစ်ဆဲပါပဲ . . . ဒါပေမယ့် လေတိုက်လို့ ဂျူတီကုတ် ဖျက်ကနဲလွင့်သွားရင်ဖြစ်ဖြစ်၊ မွန်ကတော့ ညဏ့်ကို တွေးတောသတိရမိလိုက်တာပါပဲ . . .

ညဏ်ဟာ ညဏ်ကိုယ်တိုင်တောင် မသိဘဲ . . . သူတစ်ပါးရဲ့ ဘဝထဲမှာ နေရာအတော်များများ ရထားခဲ့တာပဲနော် . . . ညဏ့်အတွက်ဆို့တောင်


www.burmeseclassic.com

www.burmeseclassic.com


ရည်စူး စာကျက်မရတဲ့ ဒီညယံမှာဆို . . . မွန်နံ့အတွေးထဲမှာ ညဏ်ချည်းသာ ပါပဲ . . . ဆောင်းညဆိုတော့ စိမ့်စိမ့်လေးအေးနေတယ်။ နှင်းမှုန်လေးတွေ ကပ်ငြိနေတဲ့ မှန်ပြတင်းက မြင်ရတာကတော့ လရောင်ဖြာဝေတဲ့ည . . . နှင်းတို့နဲ့ စွတ်စိုတိတ်ဆိတ်တဲ့ ဆောင်းည . . . ပြီးတော့ . . . သတင်းစာထဲမှာ ညဏ်ဘို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းသတင်းကို ဖတ်လိုက်ရတဲ့ည လေ . . .

❖ ❖ ❖ ✻ ❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com


# ပန်းရောင်ရဲ့ကိုကိုအောင်

ကိုကိုအောင်သည် ပန်းရောင်အတွက် သူစိမ်းလူမဟုတ်ပေ။ ပန်းရောင်၏ ကလေးဘဝကို ပန်းရောင် အမှတ်မိနိုင်ဆုံးအချိန်အထိ ပြန်စဉ်းစားလျှင် ရိုစီ ကိုကိုအောင်တို့ ပါဝင်လာရတော့မည်ပင်။ ကိုကိုအောင်သည် ပန်းရောင် *L.K.G* ဟု ရေးထိုးထားသော တံဆိပ်ပိုင်းအပြာနုလေး တပ်ဆင်ရသည့်အတန်းထဲက ခင်မင်ရသည့် ရိုစီအောင်၏အစ်ကို ဖြစ်သည်။ ရိုစီနှင့် ပန်းရောင်တို့က အိပ်ချိန်၊ ကစားချိန်သာများသော ထိုအတန်းလေးတွင် စာသင်ခုံသေးသေးလေးများပေါ် လက်မောင်းအုံးအိပ်လျှက် . . . မျက်နှာလေးများ ဆိုင်ကြည့်ကာ တခစ်ခစ်ရယ်မောရင်း ခင်မင်ခဲ့ကြသည်။ ရိုစီနှင့် ပန်းရောင် ခွဲခွာမရတော့လျှင် ရိုစီ့ကိုကိုသည်လည်း ပန်းရောင်ရဲ့ကိုကို ဖြစ်လာခဲ့လေသည်။

ကိုကိုအောင်သည် ရိုစီ့ကို ကျောင်းပို့ကျောင်းကြိုပေးရသည်။ ပန်းရောင် တိုးလာတော့ တစ်လမ်းကျော်သာခြားသော ပန်းရောင်ကိုပါ ကျောင်းအသွားတွင် ဝင်ခေါ်သွားလေသည်။ ပန်းရောင်ကို မေမေကျောင်းပို့ပေးစရာ မလိုတော့ပေ . . . ပန်းရောင်တို့ကျောင်းက ပြည်လမ်းမပေါ်ရှိ မိန်းကလေး ကျောင်းတစ်ကျောင်းမို့ အိမ်နဲ့သိပ်မဝေးလှပါ။ မဟာမြိုင်ကုန်းအမြင့်ကို အမောတကောတက်လိုက်ပြီး ပန်းရောင်တို့ကျောင်းကို


www.burmeseclassic.com

www.burmeseclassic.com


ရောက်တော့သည်ပင် . . . ကိုကိုအောင်ကတော့ မြို့ထဲ ယောကျ်ားလေး ကျောင်းတစ်ကျောင်းတွင်နေသည်။ ကျောင်းအသွားမှာ သူ့ကျောပိုးအိတ်ကို ရော ပန်းရောင်တို့လွယ်အိတ်ပေါက်စလေး နှစ်လုံးကိုပါ ရောသယ်ပိုး လျှက် . . . လက်တစ်ဖက်တစ်ချက်ကလည်း ပန်းရောင်တို့ကို ဆွဲထားရသေး လေသည်။ ပန်းရောင်နှင့်ရိုစီက ကိုကိုအောင့် လက်ညှိုးတစ်ချောင်းစီကို ဆုပ်လျှက်။ကိုကိုအောင့်ကို စကားတွေ တမော့မော့ပြောရင်း . . . ခုန်ပေါက် လိုက်လာကြသည်။ ကိုကိုအောင်သည် ပန်းရောင်တို့ ပေါက်တတ်ကရ ပြော တတ်သမျှ အရေးတယူ 'အင်း အင်း'နှင့် လိုက်လာတတ်သည်။ သူကလည်း ပျော်စရာ၊ ရယ်စရာတွေများစွာ ပြောပြလေသည်။ ပန်းရောင်တို့၏ တခစ် ခစ်ရယ်မောသံလေးများမှာ ကျောင်းဂိတ်ဝနား ရောက်လာသောအခါတွင်မှ တိတ်ဆိတ်သွားရတတ်သည်။ ကျောင်းဂိတ်ဝမှာ စောင့်သောမျက်နှာထား ရှုတည်တည်နှင့် မာသာကြီးကို ပန်းရောင် . . . ရိုစီတို့ အသေအလဲ ကြောက်ရွံ့ကြလေသည်။

မာသာက ကလေးပီဘီလေးများကို ဂရုစိုက်တာမဟုတ်ပေမယ့် ပန်းရောင်နှင့်ရိုစီကတော့ ကျောင်းဂိတ်ဝအထိ ကိုကိုအောင် လိုက်ပို့ပါမှ ဝင်ရဲလေသည်။ ကိုကိုအောင်ကတော့ . . . မာသာ့မျက်နှာထားကြီးကို မကြောက်မရွံ့၊ အစဉ်လိုနှုတ်ဆက်သည်။ ပြီးမှ လွယ်အိတ်ငယ်ငယ်လေးများ ကို ပန်းရောင်တို့ပခုံးတွင် ချိတ်လွယ်ပေးကာ . . . ကျောင်းဝင်းအတွင်းသို့ သွင်းပေးခဲ့မြဲ . . . ကျောင်းဝင်းထဲရောက်သည်နှင့် ပန်းရောင်တို့ မာသာ့ကို လှည့်မကြည့်တော့ဘဲ ပြေးကြတော့လေသည်။

ပန်းရောင်တို့ သူငယ်တန်းကြီးလောက်ရောက်တော့မှ မာသာ ကျောင်းဂိတ်ဝမှာစောင့်ရတာ နားလည်လာသည်။ ကျောင်းတက်၊ ကျောင်း ဆင်းချိန်များတွင် လာဝဲသော ခပ်ပွေပွေကျောင်းသားများကို မာသာက မကြာခဏအော်ဟစ် မောင်းထုတ်ရလေသည်။ ကျောင်းဝင်းတွင်းကနေ ဟန်ရေးပေးချင်သော တချို့ကျောင်းသူ အစ်မကြီးများလည်း မာသာ၏


www.burmeseclassic.com

www.burmeseclassic.com


ဒဏ်ပေးခံရတတ်သည်။ ပန်းရောင်တို့ကျောင်းက မိန်းကလေးကျောင်းမို့ စည်းကမ်းကြီးသည်။ ကိုကိုအောင်ကတော့ တစ်ခါမျှ မာသာ၏အဆူအပူကို မခံရပေ . . . မဆူရုံမက . . . မာသာက တစ်ခါတစ်ရံ ချစ်ခင်စွာနှုတ်ဆက်တတ်သေးသည်။ ကိုကိုအောင်၏ လစဉ်စာမေးပွဲအဆင့်များကိုပင် မေးမြန်းတတ်သည်။ ထိုစဉ်က ကိုကိုအောင်သည် အလယ်တန်းကျောင်းသားကြီးမို့ ရုပ်ဖြူလက်ရှည်၊ ကာကီရောင် ဘောင်းဘီ၊ လည်စည်းတို့ဖြင့် သေသပ်စွာ ဝတ်ဆင်တတ်ပြီပင် . . . မာသာက ချစ်ခင်ခွင့်ပြုသည်မို့ ပန်းရောင်တို့ကို ကျောင်းဂိတ်ဝနားတိုင် ကိုကိုအောင် လိုက်ပို့နိုင်မြ . . . ရိုစီက ကျောင်းဂိတ်သံတိုင်တံခါးကြီးမှ ကိုကိုအောင့်ကိုပြရင်း . . .

"အဲဒါ . . . ဒို့အစ်ကိုပေါ့"ဟု သူငယ်ချင်းတွေကို ကြွားလျှင် ပန်းရောင်ကလည်း . . .

"အေး . . . ဒို့အစ်ကို" ဟု သံယောင်လိုက်ရတာ အမော . . . ပန်းရောင်တို့လို အရွယ်လေးတွေအဖို့ ရောမလူကြီးဖြစ်နေသော ကိုကိုအောင်သည် သူ့ကျောပိုးအိတ်ကို ပခုံးပိုး၍ စိုက်စိုက်စိုက်စိုက် လျှောက်သွားတတ်သည်။ ပန်းရောင်တို့ကျောင်းဘက် လှည့်ကြည့်ခဲလေသည်။

စင်စစ် ပန်းရောင်တို့မှာ ကိုကိုအောင်ရှိသောကြောင့် မျက်နှာပွင့်လှလေသည်။

ပန်းရောင်တို့ကို ချစ်ခင်သည့် ကျောင်းသူအစ်မကြီးတွေကလည်း ပေါများလှသည်။ မုန့်စားဆင်းချိန်များတွင် အတန်းကြီးက မမများက ပန်းရောင်နှင့်ရိုစီကို လာခေါ်သွားတတ်သည်။ ပန်းရောင်တို့အရွယ်ကလေးများ အနားပင်မသီရဲသည့် အတန်းကြီးများသို့ ပန်းရောင်တို့ ရောက်ဖူးကြရသည်။ အစ်မကြီးတွေ၏ စာရေးခုံများက ပန်းရောင်တို့အရပ်ထက်ပင် မြင့်သေးလေသည်။ ဂါဝန်ပြာနှင့် သူ့ကိုယ်တစ်လုံး အပြည့်ဖြစ်နေသော မမဂျူးဒစ်ကိုတော့ ပန်းရောင် အလွန်ကြောက်ရွံ့မိသည်။ သူက ပန်းရောင်တို့ကို အလယ်လေးကောက်ချီပြီး လေထဲမှာ နှစ်ပတ်၊ သုံးပတ် ဝှေ့ယမ်း ကစားနိုင်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


ပန်းရောင်တို့ စတွေ့တွေ့ချင်း ကြောက်စရာအသံကြီးနှင့် . . .

"ဟော့ . . . ပင်ဂီလေးပါလား၊ နင့်နာမည် ဘယ်လိုခေါ်လဲ"ဟု မေးလေသည်။ ပန်းရောင် နာမည်မေးတာသာ နားလည်လျှက် . . .

"ပန်းရောင် . . . "

ဟု အကြောက်ကြောက်အရွံ့ရွံ့နှင့် ဖြေသည်။

ဆိုရေးမကြီးသွားသော မမက တဟားဟား အော်ရယ်ပစ်ကာ။

"နာမည်နဲ့လူ သိပ်လိုက်တာပဲ . . . နင့်အသားက ပန်းရောင်ပြေး နေတာပဲ . . . မှန်းစမ်း"

ဟု ပန်းရောင်၏လက်ဖမိုး မို့မို့ကို ဖျစ်ညှစ်လေရာ . . . ပန်းရောင် လည်း နီရဲသွားသည့်လက်ခုံလေးကို ငုံ့ကြည့်ကာ တအားအော်ငိုတော့လေ သည်။

မမဂျူးဒစ်နှင့်တွေ့ပြီးထဲက မုန့်တွေများစွာ စားရတာမှန်ပေမယ့် ရှိစ်နောက်သို့ ပန်းရောင်မလိုက်ပါတော့ပေ . . .

တစ်ခါတစ်ရံ လမ်းမှာတွေ့၏။

"ဟော . . . ငါ့ယောင်းမလေး"

ဟု မမဂျူးဒစ်က မျက်နှာထားကြီးနှင့် လိုက်ဖမ်းလျှင် အလဲလဲအပြို ပြို ထွက်ပြေးရတတ်သည်။ မိလျှင်တော့ ပန်းရောင်ကို ချိမြှောက်၍ လန့် ကြောက်အောင် ပြုမြဲပင် . . .

❖ ❖ ❖

ပန်းရောင်တို့ အတန်းကြီးလာတော့ ကိုကိုအောင်လည်း ကြံ့ခိုင် ပြည့်စုံသည့် လူရွယ်ဘဝဝင်ပြီမို့ ကျောင်းဂိတ်ဝအထိ လိုက်မပို့တော့ပေ။ ရှိစ်နှင့်တူစွာ နှာတံမြင့်မြင့် မျက်နှာနုနယ်လျက် နဖူးတွင်ရစ်ခွေသည့် ဆံပင် ညိုလေးများရှိသော ကိုကိုအောင်သည် ပန်းရောင်တို့ကျောင်းတွင် နာမည် ကြီးလှလေသည်။


www.burmeseclassic.com

www.burmeseclassic.com


စာတော်သော ကိုကိုအောင် . . .

အားကစားထူးချွန်သော ကိုကိုအောင် . . .

ကျောင်းချင်းဆက်စပ်နေသည်မို့ ပန်းရောင်တို့ကျောင်းမှာ ကိုကိုအောင့်သတင်းက ကျော်ကြားလှလေသည်။ ပြီး ပန်းရောင်တို့ကျောင်းရှေ့က ဖြတ်ကာ ကျောင်းတက်သွားသူ လူရွယ်များတွင် ကိုကိုအောင် ဣန္ဒြေအကြီးဆုံး ဆိုပါလား . . . ပန်းရောင်ယယ်က အသဲအူတုန်ကြောက်ရွံ့ခဲ့ရသော မမဂျူးဒစ် အော်ကျယ်ဟစ်ကျယ်ပြောနေတာ ကြားဖူးလေသည်။

ပန်းရောင်တို့ကျောင်းသို့ 'ဖန်းဖဲယားပွဲလက်မှတ် ရောင်းဖြစ်ဖြစ်၊ ရံပုံငွေ တစ်စုံတစ်ခုအတွက်ဖြစ်ဖြစ် . . . ကိုကိုအောင်တို့ကျောင်းက လူရွေးချယ် လက်မှတ်ရောင်းဖို့ . . . အလှူခံတို့စေလွှတ်လျှင် ကိုကိုအောင်ပါဝင်မြဲ . . . ကိုကိုအောင် ဦးဆောင်ရောင်းရသော လက်မှတ်ဆိုလျှင် မကုန်ဘူးမရှိပေ . . . ဒါပေမယ့် ကိုကိုအောင်သည် သူတကာလွတ်လပ်ပျော်ရွှင်ကြသည့် ဖန်းဖဲယားလိုပွဲမျိုးတွင်ပင် ပန်းရောင်တို့လို ကလေးတွေနှင့် သွားတုန်းပင် . . . ကိုကိုအောင်တို့အရွယ် ကျောင်းသားတွေ လူကြီး၊ လူပျိုလုပ်၍ ပျော်ကြစဉ် . . . ကိုကိုအောင်ကတော့ ပန်းရောင်တို့နှင့်အတူ ကလေးဖြစ်၍ ကောင်းဆဲ . . . အဝင်ဝမှာ စက္ကူပန်းလေးတွေ ရင်ဘတ်လိုက်ထိုးကာ မတန်တဆ ပိုက်ဆံတောင်းသော မိန်းကလေးများကို စိန်ပြေးသလို ရှောင်ထွက်ပြေးလား ပြေးရဲ့ . . . ပြီးမှ 'စင်တာကလော့' ရုပ်ကြီးအောက်တွင်ဖြစ်ဖြစ်၊ ဖင်စီဦးထုပ် အရောင်းဆိုင်တွင်ဖြစ်ဖြစ်၊ ရဟတ်အောက်တွင်ဖြစ်ဖြစ်၊ ဆုံဖို့ချိန်ထားကြသည်။ သုံးယောက်ပြန်ဆုံမိမှ ပေါက်ကရဦးထုပ်တွေ အရင်ဝယ်ဆောင်းကြသည်။ တစ်ခုခုဆောင်းပြီးမှ ပြည့်စုံတယ်ထင်ပြီး ပန်းရောင်တို့ တစ်ကွင်းလုံးအနှံ့ လျှောက်လည်ကြလေသည်။ နေ့တိုင်းကစားနေကျ ကျောင်းမြက်ခင်းပေမယ့် အလှအပအမွှမ်းအမံ အဆန်းအပြားတွေ . . . စျေးဆိုင်တွေ၊ မီးရောင်စုံတွေနှင့်မို့ အဆုံးအစမရှိသောပွဲခင်းလိုပင်။ ပန်းရောင်နှင့်ရိုစီက လမ်းတွေ့သမျှသူငယ်ချင်းတွေကို နှုတ်ဆက်ရင်း သူတို့



www.burmeseclassic.com

www.burmeseclassic.com


လှုနေပုံပြောမပြီးအောင် ခေါင်းချင်းရိုက်သွားကြလျှင် . . . ကိုကိုအောင်က နောက်က တစ်ယောက်ထဲပါရသည်။ တစ်ခါတစ်ရံ သူ့ကိုမေ့နေကြလျှင် ကိုကိုအောင် ဖျင်းလာပြီး ဇာဂတ်ဂတ် ဖအော်မြည်နေသည့် ဘဲများအကြား ကြိမ်ကွင်းဝင်ပစ်တတ်လေသည်။ ကိုကိုအောင် . . . လက်တည့်လှသည်များ မှတ်မိနေသည်။ ဆုများစွာရပေမယ့် ရိုစီ၊ ပန်းရောင်တို့ကိုသာ တလဲစီခွဲဝေ ပေးလေသည်။ ဖန်းဖဲယား မြက်ခင်းပြင်တွင် . . . ကိုကိုအောင့်ကို နှုတ်ဆက် ခေါ်ငင်မည့်သူတွေ များလှသည်။ ကျောင်းသူချောချောလေးများကို ရှေးဆိုင်ထိုင်ခိုင်းထားသည်မို့ ဒီတစ်ခါတော့ မာသာတို့က ယောကျ်ားလေး တွေနှင့် ရင်းနှီးနှုတ်ဆက်တာ မကန့်ကွက်ပေ . . . ကိုကိုအောင့်ကို အတင်းခေါ်ငင် ပစ္စည်းရောင်းနေလျှင် ပန်းရောင်တို့က . . . ကိုကိုအောင့် လက်ကိုဆွဲ၍ ဦးဆောင်ထွက်ပြေးတတ်ကြသည်။ ကိုကိုအောင်ကတော့ လက်တည့်ပဲ စမ်းချင်နေသည်။ မြားတစ်စင်းနှင့် ပစ်ကွင်းကကိုမခွာချင်။ ကိုကိုအောင် လေးသည် ကျော် လုပ်နေစဉ် ကွင်းတစ်ခုလုံး . . .

"ကတ်သရင်း၊ ဟယ်လင်၊ ဂျူးဒစ်၊ ပယ်မလာတို့က ရော်ဘင်ဟုဒ် အတွက်" ဟူသော တေးလက်ဆောင်ပို့သံများက လျှံနေလေသည်။

"ရော်ဘင်ဟုဒ်အတွက် ရော်ဘင်ဟုဒ်အတွက်" ဟု ထိုနေရာက ခွာခဲ့ ပြီးလည်း ဆက်ကြားနေရသေးလျှင် ကိုကိုအောင်က ခပ်တည်တည်ပင် အရုပ် ဆိုင်မှာ လေးနှင့်မြားဝယ်၍ အပြီးလွယ်ထားလိုက်တော့လေသည်။ ပန်းရောင်ဖွားဖွားက "အရူးတွေပျော်ကြတဲ့ပွဲ" ဟု ဒါကြောင့် ပြောခဲ့တာပင်။

ပန်းရောင်တို့ခြေကျဲ၍ အလင်းရောင်ဝေဖြာသော ကွင်းအလယ်မှ အမှောင်ရိပ်တွေဘက် ရောက်သွားမိလျှင် ကိုကိုရော်ဘင်ဟုဒ်က ပန်းရောင် တို့၏ ခေါင်းလေးများကို အုပ်ကိုင်ခေါင်းငုံ့စေလျက် . . .

"အောက်ကြည့်လျှောက်ကြဟေ့ . . . ခလုတ်တိုက်မိမယ်" ဟု ရယ်ဟဟနှင့် ဆိုသည်။ နားလည်သည့်အရွယ် ပန်းရောင်တို့ကလည်း ဘော ဘောဘီဘိ မျက်စိမရောက်မိအောင် ကပျာကရာ ခေါင်းငုံ့ထားကြရလေ


www.burmeseclassic.com

www.burmeseclassic.com


သည်။ အသံထွက်၍တော့ ရယ်မောမိကြသေးသည်။

ပန်းရောင်တို့ ကလေးဘဝက ဖန်ဖယားပွဲများမှာ အလွန်ပျော်ရွှင်ဖွယ်ရာကောင်းခဲ့လေသည်။ ပျော်ရွှင်ဖွယ်ရာ ဖန်းဖဲယားများကို မမေ့နိုင်သလို ပန်းရောင်၏ နောက်ဆုံးသောဖန်းဖဲယားပွဲကလည်း အမှတ်တရဖြစ်နေစေခဲ့သည်ပင် . . .

❖ ❖ ❖

ပန်းရောင် . . . ရိုစီတို့ ခြောက်တန်းနှစ် . . . ပန်းရောင် မေမေ့အရပ်ကိုမီအောင် မြင့်လာပြီမို့ . . . မေမေနှင့်ဖွားဖွားက အိမ်မှာ လုံချည် စဆင်နေသည်။ ပန်းရောင်ကတော့ ကျောင်းမှာလို ဂါဝန်ပြာပဲ ပေါ့ပါးစွာဝတ်ဆင်လိုလေသည်။ သို့သော် . . . ဖန်းဖဲယားတွင် ဝတ်ဆင်ဖို့ မေမေက ဇာဖြူလက်ရှည်တွေ၊ ပန်းရောင်ချိတ်ထမီတွေ ချုပ်ပေးသောအခါတွင်မူ ပန်းရောင်နှစ်ခြိုက်သွားမိလေသည်။ တစ်နှစ်တစ်နှစ် သူ့အကျီက ဖဲပွင့်ပိုများသည်။ ထိုဂါဝန်က အတွန့်ပိုကားသည် ပြိုင်ရသော ပန်းရောင်သူငယ်ချင်းများ ဒီတစ်ခါတော့ ပန်းရောင်ကို အံ့သြသွားကြမည်ပင် . . . ပန်းရောင်က ဝတ်ဆင်နေကျ စကပ် . . . သို့မဟုတ် . . . ဂါဝန်နှင့်မှမဟုတ်ဘဲကို။ ပန်းရောင်မေမေ ဆင်ပေးသည့်အတိုင်း ဇာဖြူလက်ရှည်၊ ပန်းရောင်ချိတ်နှင့် ရိုစီတို့ကိုထွက်ကြိုသည့်အခါ . . .

"ဟယ် . . . ပန်းရောင်က"ဟု ဘလောက်စ်ဖြူဇာနား ဖားဖားဝေနှင့်စကပ်တိုလေး ဝတ်ထားသော ရိုစီက အသံလေးထွက်၍ အံ့သြလေသည်။

ရိုစီနောက်ကပါလာသူ ကိုကိုအောင်ကတော့ . . .

"ကိုကို့ညီမတွေက ရှိုးချည်းပါလား၊ ကိုကိုတောင် ရှိုးနည်းသွားပြီ၊ ပြန်လဲဦးမှ ထင်တယ်" ဟု နောက်ပြောင်လေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဖန်းဖဲယား အဝင်ဂိတ်ကို ဖြတ်ကျော်လျှင် ရိုစီက လွတ်အောင်ပြေးနိုင်ပေမယ့် လုံချည်လေး သေသေသပ်သပ်ဝတ်ထားသော ပန်းရောင်က မပြေးနိုင်။ မပြေးလို့ ပန်းရောင်းကိုညှာနေရ၍ ကိုကိုအောင်ပါ နှစ်ယောက်လုံး စက္ကူပန်း ရင်ဘတ်မှာထိုးတာခံရကာ တောင်းသမျှပေးကြရလေသည်။ ရိုစီကို လိုက်ရှာရသေးတော့ ကိုကိုအောင် စိတ်တိုလာသလားမသိ။ နောက်ကျော ဘောင်းဘီခါးကြားမှာ ပုလင်းတွေထိုး၍ လွတ်နေသော ကိုကိုအောင့် သူငယ်ချင်းတွေ . . . အော်ဟစ်နှုတ်ဆက်သည်ကို ကိုကိုအောင် သုန်မှုန်နေလေသည်။ ဖင်စီဟက်(တ်)ဆိုင်တွင်မှ ရိုစီနှင့်ပြန်ဆုံမိသည်။ ထုံးစံအတိုင်း ပန်းရောင် တော်တော်နှင့်ရွေးမရဖြစ်နေစဉ် ကိုကိုအောင်က . . .

"ရော့ . . . ဒါယူပါလား" ဟု ငွေကြယ်ပွင့်လေးများ လက်နေသည့် ပန်းရောင်သရဖူပုံလေး ရောင်စုံအသွင်စုံ ဖင်စီကရောင်းတွေထဲက ကောက်ယူပေးလေသည်။ ပန်းရောင်က ပန်းရောင်သရဖူလေးကို ဆောင်းလိုက်စဉ် ရိုစီကလည်း နှစ်သက်လှေ့ရှိမြဲ . . . နှင်းဆီတစ်ပွင့်ထိုးထားသည့် ခမောက်ပုံလေး ရွေးချယ်သည်။ လေးသည်ကျော်လုပ်မည့် ကိုကိုအောင့်အတွက်တော့ ငှက်မွေးထိုးထိုးထောင်ထောင်နှင့် လူနီရိုင်းပုံစံလေး ပန်းရောင်ရွေးချယ်ကာ နောက်ပြောင်ပေးခဲ့တာ မှတ်မိလေသည်။

ပန်းရောင် သူငယ်ချင်းတွေက ပန်းရောင်ကို တအံ့တသြလာနှုတ်ဆက်ကြသည်။ သူတို့အားလုံး ဂါဝန်တိုလေးများနှင့်ပင် . . . ပန်းရောင်က ထမီတွေဘာတွေနှင့်မို့ ရှက်သလိုဖြစ်မိသေးသည်။ သို့ပေမယ့် ပန်းရောင်ကို ဂရုပြုမိကြတာမို့ ပန်းရောင် ကျေနပ်၍မဆုံး . . . ထိုအထိ ပန်းရောင်ရဲ့ အပျော်ဆုံး ဖန်းဖဲယားပွဲဖြစ်လိုက်သေးသည်။ ထို့နောက်တွင်တော့ ပန်းရောင်တို့ ကွင်းထဲမှာလည်းပတ်ကောင်းဆဲ . . . ကိုကိုအောင်လည်း လက်တည့်စမ်းကောင်းဆဲတွင် ပွဲဖျက်မိုးက ရုတ်တရက်လိုရွာချလိုက်တော့သည်။ ကွင်းတစ်ခုလုံး တဝေါဝေါပြေးလွှားကာ ရုပ်ပျက်သွားရသည်။ ပန်းရောင်သည် ရိုစီ၊ ကိုကိုအောင်တို့နှင့်ကွဲလျက် လူအုပ်ကြီးပြုကျလာရာ


www.burmeseclassic.com

www.burmeseclassic.com


တစ်ဖက်သို့ လွင့်စင်ပါသွားလေသည်။ ပန်းရောင်တို့အရွယ် ကိုကိုအောင်တို့အရွယ် ယောက်ျားလေးတွေ လက်နှစ်ဖက်ဖြန့်ကားလျက် . . . တွေ့သမျှ တိုက်ခိုက်ပွေ့ဖက်ပြေးလာကြတာ မြင်ရရာ . . . ပန်းရောင်သည် အကြောက်ကြီးကြောက်လျက် . . . ရှောင်ဖယ် ပြေးမိပြေးရာပြေးရင်း တစ်စုံတစ်ယောက် ဆောင့်ဆွဲခေါ်ရာဘက်ကို ပါသွားတော့လေသည်။ သုံးလေးလိမ့်ပါသွားပြီးမှ ရုန်းကန်ထွက်ဖို့ ပန်းရောင် သတိရသည်။ လွတ်နေသော လက်တစ်ဖက်ဖြင့် ထိုတစ်စုံတစ်ယောက်ကို အကြောက် အကန် ရိုက်မိလေသည်။ ဘယ်နှစ်ချက်လည်း မမှတ်မိ . . . လက်တွေ နာလာမှ ပန်းရောင်လည်း လွတ်လာမှ ရပ်တော့သည်။ လွတ်လျှင်လွတ် ချင်း ပန်းရောင်ပြေးထွက်သည်။ ရှိုက်ကြီးတငင်ငိုနေမိပြီဖြစ်သော ပန်းရောင် သည် ဆက်ပြေးလာစဉ် လက်မောင်းကို တုန့်ဆွဲခံလိုက်ရလေသည်။ ပန်းရောင် မရုန်းနိုင်တော့ဘဲ မိုးသံတွေကြားမှာ ကြောက်လန့်တကြား အော်ဟစ်လိုက်မိတော့သည်။

"ပန်းရောင် . . . ပန်းရောင် . . . ကိုကိုအောင်ပါ၊ ကိုကိုအောင်ပါကွ"

ကိုကိုအောင် . . . ပန်းရောင် ချာခနဲလှည့်ကြည့်မိလျှင် တကယ်ပင် ကိုကိုအောင် . . . ပန်းရောင် ကိုကိုအောင့်လက်မောင်းများကြားသို့ ရုတ်ချည်းရောက်သွားရင်း ငိုကြီးချက်မဖြစ်နေသည်။ လူအုပ် ဖရိုဖရဲပိလာသေးပေမယ့် တောင့်ခိုင်သော ကိုကိုအောင်က ပန်းရောင်ကို ကာကွယ်ထားပေးလေသည်။ ကိုကိုအောင် ဂျာကင်ချွတ်၍ ပန်းရောင်ခေါင်းကနေ ချော့မော့ရင်း ခြုံပေးသည်။ ဒါပေမယ့် ပန်းရောင် ခေါင်းစိုပြီးသားပင် . . . ပန်းရောင်သရဖူလေးလည်း ဘယ်မှာလွင့်စင်ခဲ့ပြီလည်း မသိ . . .

"လာ . . . အအေးဆိုင်ထဲမှာ ရှိစီစောင့်နေတယ်"

မိုးရေတွေကြားမှာ . . . ပန်းရောင်ကို မလွှတ်စေဘဲ လက်တွဲလျက် ကိုကိုအောင်က ဆိုင်တန်းဘက်ပြေးသည်။


www.burmeseclassic.com

www.burmeseclassic.com


"မိုးရွာလိုက်တော့ ရိုစီက ဆိုင်နဲ့နီးလို့ ဝင်ပြေးတာ . . . ပန်းရောင်လူအုပ်နဲ့ပါသွားတာ ကိုကိုအောင် မြင်လိုက်ပေလို့ပေါ့၊ ပန်းရောင်က ဟိုင်ခနဲကို တော်တော်အုပ်ထည့်လိုက်နိုင်သားပဲ . . . ကောင်းတယ် အဲလိုလုပ်မှ"

ကိုကိုအောင့် စကားများအဆုံး . . . ပန်းရောင် ဒေါ်ပွကာ ကိုကိုအောင်ဆွဲထားသည့် လက်ကို ဆောင့်ဖြုတ်ပစ်မိသည်။

"ဒါတွေ . . . ကိုကိုအောင် အကုန်မြင်တယ်၊ ဟုတ်လား . . . မြင်ရက်သားနဲ့ ပန်းရောင်ကို ဘာလို့လာမကူရတာလဲဟင် . . . ပန်းရောင်ဖြင့် ကြောက်လွန်းလို့ သေတောင်သေတော့မလား အောက်မေ့မိတယ်၊ ရိုစီမဟုတ်လို့လား . . . ညီမအရင်းမှ မဟုတ်ဘဲ" ဟု ရန်တွေ့မိလေသည်။ ကိုကိုအောင်သည် အံ့အားသင့်နေပြီး နောက်မှ ပန်းရောင် ထင်တာထက် စိတ်ဆိုး မျက်နှာပျက်သွားသည်။ သူက ပန်းရောင်ကို ပြန်၍အော်ဟစ်လေသည်။

"ငါ စင်တာကလော့ရှပ်ပေါ်က တက်ကြည့်လို့မြင်တာကွ . . . မင်းဘယ်ရောက်သွားလဲတောင် မနည်းရှာရတာ . . . တွေ့ပေမယ့် ကြားမှာလူတွေခံနေတာ . . . ငါ ဘယ်လိုလုပ်လာရမလဲ . . . မင်း ငါ့ကို ဒီလိုထင်ရင်ဘယ်တော့မှ စကားလာမပြောနဲ့တော့"

စိတ်ဆိုးမာန်ဆို အအေးဆိုင်ထဲသို့ ချာကနဲဝင်သွားလေသည်။ ပန်းရောင်ကလည်း မ်မာန်စဖူး မာန်မဲသွားသော ကိုကိုအောင့်ကို စိတ်နာကာ တော်တော်နှင့် စိတ်မပြေသေးဘဲ နေလိုက်သည်။ အအေးဆိုင်မိုးခိုသည့်လူအုပ်ကြားမှာညပ်နေသော ရိုစီကတော့ မျက်နှာငယ်လေးနှင့် . . .

"ပန်းရောင်ရယ် . . . ရိုစီဖြင့် စိတ်ပူလိုက်ရတာ . . . ကြောက်လည်းကြောက်တာ . . . ဒီမှာ သူငယ်ချင်းတွေတွေ့နေလို့ တော်သေးတာပေါ့"

ဟု ဆီးပြောလေသည်။

"ငါ့ကို ဘယ်တော့မှ စကားမပြောနဲ့" ဟု ကြိမ်းဝါးခဲ့သော ကိုကိုအောင် . . . အပြန်လမ်းတွင် စိတ်ကောက်နေသော ပန်းရောင်ကို . . .


www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင် . . . ဒီနေ့ ရှိုးထုတ်လာလို့ မိုးရွာတာကွ . . . " ဟု ချော့လေသည်။ ကိုကိုအောင် ဒီလိုမျိုးသဘောကောင်းတတ်တာ ပန်းရောင် သိသည်ပင် . . . ဒါပေမယ့် ဖန်းဖဲယားပွဲကိုတော့ ပန်းရောင် ကြောက်သွားပါပြီ။

❖ ❖ ❖

နောက်တစ်နှစ်တွင် ပန်းရောင် ရိုစီနှင့် ခွဲခွာခဲ့ရသည်။

ပန်းရောင် . . . ငယ်ကတည်းက မဟာမြိုင်ကုန်းအမြင့်ကို အမောတကောတက်ရင်း . . . ကျောင်းတက်သွားရသော ပန်းရောင်၏ ကျောင်းကြီးမှလည်း နှုတ်ထွက်ရလေသည်။ ပြီးတော့ ပန်းရောင်ရဲ့ သဘောကောင်းလှသော ကိုကိုအောင် . . . အားလုံးကို ရန်ကုန်တွင်ချန်ရစ်ရသည်။ ပန်းရောင် ဖေဖေအလုပ်ပြောင်းရွှေ့သည့် အထက်အညာသို့ လိုက်ပါခဲ့ရလေသည်။ လူကြီးချင်း၊ ကလေးချင်း ခင်မင်နေကြ၍ ပန်းရောင်တို့ တော်တော်နှင့်လွမ်းမပြီးကြ . . . ရိုစီ၏မွေးနေ့ရက်များတွင် ပန်းရောင် လက်ဆောင်လေးများပို့ ဖြစ်သေးသည်။ ပန်းရောင်လည်း ရိုစီ့ထံမှလက်ဆောင်များ တုံ့ပြန်လက်ခံရလေသည်။

"ရိုစီလည်း အခု ဖန်းဖဲယားပွဲ မသွားရတော့ဘူး၊ ကိုကိုက ပေးမသွားတော့ဘူးလေ၊ သူကတော့ . . . သူ့ကျောင်းပွဲတင် မဟုတ်ဘူး . . . တခြားကျောင်းကပွဲတွေပါ လျှောက်သွားတာ . . . ရိုစီတို့မှ မပါတော့ဘဲ . . . လွတ်လပ်နေတာပေါ့" ဟု ရိုစီ မခံချင်စွာ ကိုကိုအောင့်အကြောင်း ရေးထည့်သည်ကိုလည်း ဖတ်ရလေသည်။

ကိုကိုအောင်ကတော့ တစ်ခါထဲပါပဲ . . . ပန်းရောင် ၁၆နှစ်မြောက် မွေးနေ့မှာ မွေးနေ့ပို့စကတ်လေး ပို့ဖူးသည်။ ကဒ်ကလေးကို ပန်းရောင် အလွန်နှစ်သက်မိလေသည်။ ပန်းရောင်လွှင်ပြင်နောက်ခံမှာ ငွေဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com


ဂါဝန်ရှည်နှင့်မင်းသမီး ကာတွန်းရုပ်လေး . . . ချစ်စဖွယ်ပြုံးရယ်လို့ . . . မင်းသမီးလေးခေါင်းမှာ ငွေသရဖူလေး လက်နေလေသည်။ ငွေဖြူဘုရင်မလေးပေါ့။ ပို့စကဒ်နောက်ကျောမှာ ကိုကိုအောင်ရေးထားပုံက . . .

**ပန်းရောင်မ**

တစ်ခါတုန်းက ငွေသရဖူဆောင်းပြီး
ဘယ်သူလဲ မသိပါဘူး။ ရှိုက်ကြီးတငင်ငိုဖူးတာ။
ရှက်ဖွယ်ပဲ . . .

**ပန်းရောင်ရဲ့ ကိုကိုအောင်**

. . . တဲ့။ ပန်းရောင်ကို ကလေးပေါက်စလေးများ ကျနေတော့လေသည်။

ပန်းရောင် အရွယ်ရောက်၍ ပန်းရောင်ရဲ့အကြောင်းအပြင် တခြားသူ့အကြောင်းကို စိတ်ဝင်စားဖို့သိတတ်လာတော့ သူတို့မောင်နှမ ပန်းရောင်စိတ်ကူးထဲသို့ ပထမဆုံး ဝင်ရောက်လာတော့သည်ပဲ . . . ဒါပေမယ့် ထိုအချိန်က . . . ဘယ်လိုက ဘယ်လိုမှန်းမသိဘဲ ပန်းရောင်တို့ စာအဆက်အသွယ်ပြတ်သွားခဲ့ကြပြီ။

ရိုစီ၊ ကိုကိုအောင်တို့လည်း သူတို့ဖေဖေပြောင်းရွှေ့ရာ လိုက်ပါသွားကြရသည်ဟု သဲ့သဲ့သာကြားမိလေသည်။

❖ ❖ ❖

ပန်းရောင်စိတ်ထဲတွင် နှစ်ပေါင်းများစွာလို ကြာခဲ့ပြီး . . . ထိုနှစ်များစွာအတွင်း ကိုကိုအောင်နှင့်ရိုစီတို့အစား . . . အစားထိုးစရာ ပတ်ဝန်းကျင်အပြောင်းအလဲတွေ၊ အတွေ့အကြုံသစ်တွေ၊ တစ်နှစ်တစ်နှစ် ကြုံရသော


www.burmeseclassic.com

www.burmeseclassic.com


အတန်းတွေ၊ ပိလာသောစာတွေနှင့် သူတို့မောင်နှမကို မေ့လျော့နေအောင် အကြောင်းလုံလောက်လာခဲ့သည်။

ပန်းရောင် . . . ရန်ကုန်ဆေးတက္ကသိုလ် ရောက်စနှစ်များကမူ ရိုစီကို တစ်ကြိမ်ကြိမ်မှာ ဆုံလေမလား။ သိက္ခာအပြည့်နှင့် လူငယ်ဆရာများကို တွေ့ရလျှင် ကိုကိုအောင်လား ကြည့်မိရသေးသည်။

ထို သတိရသော . . . မေ့လျော့သောရက်များသည် ပန်းရောင်ကို ဖြတ်ကျော်သွားကြသည်။

သို့နှင့် ပန်းရောင် လမ်းမတော် ဆေးကျောင်းသူဘဝပင် ရောက်ခဲ့သည်။ လိပ်ခုံးဆေးကျောင်းမှာ မမီလိုက်သည့် မျက်နှာစိမ်းများစွာနှင့်လည်း ဆုံရသည်။ ရိုစီ၊ ကိုကိုအောင်တို့ကား ဝေးလံလှသည့် ပန်းရောင်၏ ဘဝအစပိုင်းတွင် မှေးမှေးမှိန်မှိန်သာ ထင်ရစ်တော့လေသည်။

ပန်းရောင် ဆေးရုံဆင်းစ . . . နှလုံးခုန်သံ၊ အသက်ရှူသံ၊ မျက်လုံးဝါတာ၊ လက်သည်းခုံးနေတာ၊ ခြေဖောယောင်တာ စသည်တို့နှင့် ယဉ်ပါးအောင် လုပ်နေဆဲ . . . တစ်နေ့ ပန်းရောင်၏ လူနာကုတင်ဘေးတွင် ရှိနေစဉ် . . .

"စတက်သို ခဏလောက်ကွာ၊ ဒို့ မပါခဲ့လို့ . . . " ဟု တစ်စုံတစ်ယောက်က နားကြပ်တောင်းလေသည်။ တချို့ အတန်းကြီးကျောင်းသားများ စကားစရအောင် တမင်ကြံဖန်တတ်သည်များ ကြုံဖူးသည်မို့ ပန်းရောင် မကြားချင်ယောင်ဆောင်လျက် . . . ရောဂါရာဇဝင်ပဲ ဆက်မေးနေလိုက်သည်။ သူက လက်လျှော့မသွားပေ . . .

"မသုံးသေးရင် ခဏနော် . . . " ဟု ပြောပြောဆိုဆို ပန်းရောင်ရဲ့ လက်ထဲက နားကြပ်ကို ဆွဲယူတော့မည်ပြုမှ ရဲတင်းသောသူ့ကို စိတ်ဆိုးမာန်ဆိုးမော်ကြည့်မိလျှင်မမျှော်လင့်မှုဖြင့်ပန်းရောင်အံ့သြတုန်လှုပ်ရလေသည်။

ရှပ်ဖြူအရင့် ဘောင်းဘီရှည် . . . ဆင်တူလည်းစည်းတို့အပြင် ဂျူတီကုတ်ရှည်ကိုပါ သပ်ရပ်စွာဝတ်ဆင်ထားသူ အရပ်မြင့်မား ကြံ့ခိုင်သော


www.burmeseclassic.com

ကျောင်းသားကမူ ပန်းရောင်ကို ဇဝေဇဝါပြန်ကြည့်နေသည်။ နဖူးတွင် ဆံနွယ်ခွေသို့ရစ်ဝဲနေဆဲ ကျောင်းသား၏ ညိုမှောင်သောမျက်ခုံးများက စဉ်းစားသယောင် တွန့်သွားကြသည်။ ပန်းရောင်သည် ပန်းရောင်၏ဂျူတီကုတ်ကြယ်သီးများကို စိတ်လှုပ်ရှားစွာ ကစားနေမိရင်း ကိုကိုအောင် မှတ်မိသွားမည့် အချိန်ကို စောင့်စားနေမိသည်။ ပန်းရောင် အံ့ဩဝမ်းသာစွာ ပြုံးရယ်ချင်နေမိပြီ။ နောက်ဆုံးတွင် . . .

"ဟေး . . . ပန်းရောင် . . . ပန်းရောင်မ မဟုတ်လား"

. . . ဟူသော အချိန်ကို မလွဲမသွေရောက်ရှိလာတော့သည်ပင်။

"ကိုကိုအောင့်ကို မြင်မြင်ချင်း ပန်းရောင်မှတ်မိတာ . . . "

ငယ်စဉ်ကလို ပွင့်လင်းစွာရယ်မောလိုက်တော့ ကိုကိုအောင်၏ သဘောကောင်းခဲ့ပုံများ အမှတ်ရသွားစေလေသည်။ ငယ်ကလို နဖူးပေါ် ထိန်းသိမ်းမနိုင် ရစ်ဝဲသော ဆံနွယ်ခွေတို့သာမက . . . ကိုကိုအောင်၏ နားထင်စတွင်လည်း ဆံနွယ်များရစ်ခွေနေသည်ကို သတိပြုမိရသည်။

"ပန်းရောင်ကိုတော့ . . . ကိုကိုအောင် မမှတ်မိဘူး၊ ရယ်လိုက်မှ ရေးရေးထင်လာတယ် . . . ဒါတောင် . . . ဟုတ်မှ ဟုတ်ပါ့မလားလို့ ကိုကိုသိတဲ့ ပန်းရောင်က ကလေးပဲ"

ဝဒ်ထဲမှာ ဆေးကျောင်းသားများ မကြာခဏတာဝန်နေရာ အပြောင်းအလဲတွေရှိသည်။ ကိုကိုအောင်သည် ဒီတစ်ပတ် ဝဒ်ဂျူတီအလဲတွင် ရောက်လာသူဖြစ်မည်ပင် . . . ယုံကြည်မှုအပြည့်အဝရှိသော ဟန်နှင့်မို့ နောက်ဆုံးနှစ် အပိုင်း(ခ)ကျောင်းသားမှန်း သိသာလှလေသည်။

ပန်းရောင်တို့ ကုတင်ဆီက လူနာများကို ခေတ္တမေ့သွားကြလျက်။ ရိုစီအကြောင်း၊ ကိုကိုအောင့်အကြောင်း၊ ပြီး . . . ပန်းရောင်အကြောင်း အချင်းချင်းမေးကြသည်။ သတိရတာတွေ ပြောကြသည်။ လိပ်စာများ လဲလှယ်ကြလေသည်။

ဆရာစာသင်တော့မည်ဆိုမှ ပန်းရောင်က သတိတရနှင့် နားကြပ်


www.burmeseclassic.com

www.burmeseclassic.com


လေး ကိုကိုအောင့်ကိုငှားရသည်။

ကိုကိုအောင်သည် ပခုံးတွန့်ရယ်မောလျက် . . .

"ယူသွား . . . ပန်းရောင်မ . . . ကိုကိုအောင့်မှာ ပါပါတယ်" ဟု ဘောင်းဘီအိတ်ထဲက နားကြပ်လေးကို ထုတ်ယူပြလေသည်။

နောက်ဆုံးနှစ် ကျောင်းသားဖြစ်ပြီး၊ နားကြပ်မပါရင် ဆရာ့အဆူ ဘယ်လောက်ခံရတတ်တာ ပန်းရောင်သိ၍ ထင်တော့ထင်လိုက်သားပင်။

❖ ❖ ❖

ကိုကိုအောင်ကတော့ ရိုစီငယ်ငယ်က ပြောစကားနှင့်ဆိုရလျှင် အမြဲ 'စွံ' ပလွှန်သီးစားနေရသူပင် . . . ဝဒ်တစ်ခုထဲမို့ ကိုကိုအောင် စာတော်လို့ အချင်းချင်းအားကိုးခံရတာ . . . လူသိများတာ မြင်နေသိနေရလေသည်။ ဒါပေမယ့် . . . ကိုကိုအောင်က သူ့ကိုယ်သူ အထီးကျန်ပါဆိုပါလား။ ဝဒ်ထဲမှာ သွားရင်းလာရင်း သူတို့သူငယ်ချင်းတွေ နောက်ပြောင်နေတာ ကြားဖူးရသည်။

"ရန်ကုန်ကနေ တန်းစီလိုက်ရင် . . . လှည်းကူးအထိ နံပါတ်မဆုံးသေးတဲ့ အထီးကျန်လား"

မမချောချောလေးက မျက်စောင်းလှလှလေးထိုး၍ဆိုလျှင် ကိုကိုအောင်သည် ရယ်မောလို့ . . .

ပန်းရောင်တို့ငယ်ငယ် . . . မမကက်သရင်း၊ မမဂျူးဒစ်တို့နှင့်တုန်းကလို ကိုကိုအောင် မရိုးတော့တာတော့ အမှန်ပင် . . .

အရပ်မ်ားမားမြင့်မြင့်၊ အစဉ်ကြည်လင်သော မျက်နှာသွင်ပြင်နှင့် ဘောင်းဘီရှည်၊ လည်စည်းတို့ကို သေသပ်စွာဝတ်ဆင်လေ့ရှိသော နောက်ဆုံးနှစ်ကျောင်းသား ကိုကိုအောင် ဆေးရုံစားသောက်ဆိုင်ဖြစ်ဖြစ်သွားလျှင် မိန်းမချောအလှလေး တစ်ယောက်တော့ အနားမှာပါတတ်သည်ပဲ . . .


www.burmeseclassic.com

www.burmeseclassic.com



အလုပ်အတူလုပ်ရ စာအတူကျက်ရ ရင်းနှီးကျွမ်းဝင်ရသော ဆေးတက္ကသိုလ်၏ မရိုးနိုင်သော သူငယ်ချင်းများအဖြစ်နှင့်ပေါ့။

တစ်ခါတုန်းကတော့ ပန်းရောင် ထမင်းဘူးလည်းမပါ။ စားသောက်ဆိုင်သွားဖို့ အဖော်လည်းမရှိဖြစ်နေစဉ် . . . ကိုကိုအောင် လိုက်ပို့ဖူးလေသည်။ လမ်းတွေ့သမျှ သူ့သူငယ်ချင်းများ (အထူးသဖြင့် ပြုံးစနဲ့နဲ့ ကျောင်းသားတွေ) ကို . . .

"ကင်တီးသွားမလို့ဗျို့ . . . ညီမချောက ဗိုက်ဆာတယ်ဆိုလို့" ဟု နှုတ်ဆက်လာလေသည်။

ဒီလိုတော့လည်း ပန်းရောင်ရဲ့ ကိုကိုအောင်က လိမ္မာသားပါဝင်။

❖ ❖ ❖

ငယ်တုန်းက . . . ပန်းရောင် ရိုစီတို့ရဲ့ သဘောကောင်းသော ကိုကိုအောင် ပြောင်းလဲနေပုံများ၊ တစ်နေ့ထက်တစ်နေ့ တွေ့လာနေရ၍ ကိုကိုအောင့်ကို နှမြောတာလားမသိ . . . ပန်းရောင်ရင်ထဲမှာ တမျိုးပင် . . . ပန်းရောင်ငယ်ငယ်က ကိုကိုအောင်သည် ပန်းရောင်ရဲ့ ဗိုလ်မရုပ်ကလေး ခေါင်းပြုတ်သွားသည်ကို ပြန်ပြီးတပ်ပေးခဲ့ဖူးသည်။ ပန်းရောင်ရဲ့ကျောင်းစာအုပ်လေးများကို သပ်ရပ်စွာ အဖုံးဖုံးပေးတတ်သည်။ ပန်းရောင်တို့ ဖြတ်သန်းသွားရသည့် 'မဟာမြိုင်' ပန်းခြံလို ကစားစရာပန်းခြံ အငယ်စားလေးတစ်ခုလည်း ဖန်တီးပေးတတ်လေသည်။ ကိုကိုအောင် မလုပ်တတ်တာ ဘာမှမရှိသလိုပင် . . . အခု ကြီးလာတော့လည်း . . . ကိုကိုအောင် မလုပ်တတ်တာ ဘာမှမရှိသည့်ပုံပါပေ။ ကိုကိုအောင် ရိုးရိုးသားသားဘဝတွင် ဘာလို့များ မပျော်မွေ့နိုင်ပါလိမ့် . . . တွေးတောစပြုလာရသည်။ ဒါပေမယ့် အခြားကျောင်းသားကြီးတွေလည်း အနည်းနဲ့အများတော့ ကိုကိုအောင်လိုပါပဲ။ စာတွေ သိပ်များလို့ . . . ကျောင်းသားသက်ရှည်ကြာလှလို့ . . . စိတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com


လပ်သက်သာဖို့ ကြံစည်သည်လား။ ဒီလိုဆို . . . ပန်းရောင်တို့လို မိန်းကလေးတွေကျတော့ ဘယ်လိုပြောမလဲ . . . ပန်းရောင် . . . ကိုကိုအောင့်ကြောင့် အတွေးများစွာ ရှုပ်ထွေးရလေသည်။

တစ်ခါတွင်တော့ မနက်စောစော ဂနာရီ ဆေးရုံချိန်အမီပြေးတက်လာသော ပန်းရောင်နှင့် ရန်ကုန်ဆေးရုံကြီး၏ လှေကားထစ်များကို ကျော်လွှားဆင်းလာနေသော ကိုကိုအောင်တို့ အပြင်းတိုက်မိမလို ဆုံကြသည်။ ကိုကိုအောင်က လွှင့်စင်တော့မလို . . . ယိမ်းယိုင်သွားသော ပန်းရောင်၏ ပခုံးလေးကို လျှင်လျှင်မြန်မြန်ထိန်းပေးစဉ် . . . မဖျော်လင့်သော အနံ့တစ်မျိုးကို ရလေသည်။

"ဟား . . . မောနင်း . . . ပန်းရောင်"

ကိုကိုအောင့်ထံကလို့ ပို၍သေချာသွားသည်။

"ကိုကိုအောင် . . . အရက်တွေသောက်လာတယ်၊ ဆေးရုံမှာ နေရဦးမှာမဟုတ်လား"

ပန်းရောင်သည် ချုပ်တည်းမနိုင်ဘဲ . . . အံ့အားတသင့်စကားတွေလွှတ်ထွက်သွားရသည်။

"အရက်မဟုတ်ပါဘူး၊ အချမ်းပြေဆေးပါ ပန်းရောင်ရဲ့ . . . ဒီမနက်ချမ်းလို့ နည်းနည်းလေးနွေးလာတာပါ၊ ကိုကို . . . ဒီနေ့ ကိစ္စရှိလို့ . . . ဆေးရုံလစ်မယ်လေ . . . မတက်တော့ဘူး၊ သူငယ်ချင်းကို လာမှာတာပဲ၊ သွားတော့မယ် . . . ပန်းရောင် . . . ဘိုင့်ဘိုင်"

ပန်းရောင်သည် သူ့ကိုငေးကြည့်ရင်း ကျန်ရစ်ရသည်။

ပန်းရောင် စိတ်ကူးယဉ်ခဲ့သည့် ကိုကိုအောင်နှင့် ပန်းရောင်တို့ မဖျော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြသည့် ဇာတ်လမ်းလေးထဲတွင် နားရွက်ရှေ့ကထူထဲခေါက်ခွေသည့် ဆံပင်ဒေါက်များ၊ အဖျားပွချင်သော ဘောင်းဘီရှည်များ၊ မနက်စောစောမှာသောက်ရသည့် အရက်မဟုတ်သော အချမ်းပြေများ မပါဝင်ခဲ့ပေ . . .


www.burmeseclassic.com

www.burmeseclassic.com



အပြောင်းကြီးပြောင်းလဲနေသော ပန်းရောင်ရဲ့ကိုကိုအောင် . . . တစ်ခါတစ်ရံတွင်တော့ မပြောင်းလဲသော ကိုကိုအောင်အဖြစ် တွေ့ရပြန်သည်။

ဆေးရုံစာသင်ခန်းတွင် ပန်းရောင်စာဖတ်နေစဉ် . . . ကိုကိုအောင် ဂျူတီကုတ် အိတ်နှစ်ဖက်စုံနှိုက်လျက် . . . အနားလာရပ်တတ်သည်။ ပန်းရောင်က မော်ကြည့်လျက် ဖျက်ကနဲလက်ထုတ်၍ လက်တစ်ဆုပ်ယူလာသော ချိုချဉ်၊ ချောကလက်တို့ကို လက်ဝါးဖြန့် ထိုးပေးတတ်လေသည်။ ပန်းရောင်လည်း ကလေးလိုရယ်မောနေမိ၏။

ငယ်ငယ်တုန်းက ရိုစီနှင့်ပန်းရောင် အတူကစားနေကြစဉ် . . . ဒီလိုပင် ကိုကိုအောင် အိတ်နှစ်ဖက်စုံနှိုက်လျက် . . . ရောက်လာတတ်သည်။ ပန်းရောင်တို့နားရောက်မှ လက်နှစ်ဖက်ပြိုင်တူထုတ်၍ သူဝယ်လာသော မုန့်တစ်ခုခုကို အညီအမျှပေးဝေတတ်လေသည်။

ထိုအခါမျိုးတွင်တော့ ကိုကိုအောင်သည် ပန်းရောင်၏ သဘောကောင်းသော ကိုကိုအောင်သာ . . .

❖ ❖ ❖

နောက်တစ်နှစ်တွင် ကိုကိုအောင် ဘွဲ့ရသည်။

ပြီးနောက် . . .

ပန်းရောင် မထင်မှတ်ပုံခဲ့သောအရာများ တစ်ခုပြီးတစ်ခု ဖြစ်လာတော့သည်ပင် . . .

ကိုကိုအောင်တို့ အောင်စာရင်းထွက်တော့ သူ့ ဝမ်းသာအားရနဲ့ ပန်းရောင်ထံ ရောက်လာခဲ့ပြီး . . .

"ကိုကိုအောင့်ကို ဆုတစ်ခုတော့ ပေးရမည်"ဟု သူ့အောင်မြင်မှုကို ဝမ်းသာချီးကျူးနေသည့် ပန်းရောင်ကို ဆိုသေးသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟင် . . . ကိုကိုအောင် ကျွေးရမှာ"

"ကျွေးမှာပေါ့ . . . ဒါပေမယ့် ကိုကို့ကိုလည်း ပြန်ပြီး ချီးမြှင့်ဦးမှပေါ့"

နောက်ဆုံး ပန်းရောင်က . . .

"ဘာဆုပေးရမလဲ" ဟု မေးရစဉ် . . .

"နောက်တော့ ပန်းရောင်သိမှာပေါ့" ဟု ရယ်မောဆိုလေသည်။

တကယ်ပင် နောက်တစ်ရက်မှာ ပန်းရောင်သိရသည်။ ပန်းရောင်သိဖို့ စောသေးသည်ဟု ပန်းရောင်ကို အသိပေးမတိုင်ပင်ကြခင်မှာပင် . . . ရီစီက ပြေးလာအသိပေးလေသည်။ မမျှော်လင့်မှုကြောင့် ပန်းရောင်ရင်ထဲမှာ ထူးထူးကဲကဲ လှိုက်လှဲတုန်လှုပ်ရလေသည်။ ပန်းရောင်အဖြစ်ကို ရှက်ရွံ့ရမလား။ ဝမ်းသာရမလား။ ရယ်ချင်ရမလား။ ပန်းရောင် မသိတတ်ပေ။

ရီစီက ပါးလေးစုဖောင်းလျက် . . .

"ကိုကိုက . . . တကယ်မတရားတာ . . . ပန်းရောင်နဲ့ရီစီတော့ သဘောမတူနိုင်ပါဘူး"

မကျေမနပ်ဆိုသည်။ ပန်းရောင်သည် မျက်လုံးလေးများဝိုင်းကာ ရီစီ့ကို ငေးကြည့်နေမိလေသည်။ စကားတစ်ခွန်းမျှ မဆိုဖြစ်ပေ . . .

"ပန်းရောင်နဲ့ ညီအစ်မတော်ရမှာ ရီစီ့ဘက်ကတော့ ကံကောင်းတာပေါ့၊ ဒါပေမယ့် ဖြစ်နိုင်ရင်တော့ မတော်ဘဲ ခုလိုအချစ်ဆုံးသူငယ်ချင်းအဖြစ်နဲ့ပဲ ကျေနပ်ချင်တယ်၊ ရီစီ့ကိုကို့ကို ပန်းရောင်ကို မပေးချင်ဘူးကွာ . . . ကိုကိုအောင် ဘယ်လိုဆိုတာ . . . တစ်ကျောင်းထဲနေတဲ့ ပန်းရောင်က ပိုတောင်သိဦးမှာပါ"

ပန်းရောင် သိပါသည်။ ကိုကိုအောင့်ကို ခပ်ပျော်ပျော် ဆေးကျောင်းသားတစ်ဦးအနေနှင့်သာမက အလယ်တန်းကျောင်းသားလေးအဖြစ်နှင့်ပါ သိခဲ့ဖူးသည်ပင် . . . ဣန္ဒြေအကြီးဆုံး . . . ဘွဲ့ရ ရိုးသားပွင့်လင်းသော၊ ပန်းရောင်ကို သံယောဇဉ်ကြီးသော လူရွယ်လေးတစ်ဦးအဖြစ် ချစ်ခင်ရတာ ပန်းရောင် မမေ့သေးပါ။


www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင်သဘောကရော ဘယ်လိုလဲ"

ခပ်တွေတွေ ပန်းရောင်ကို သံသယဝင်လာသလားမသိ . . . ရိုစီက မေးလေသည်။ ပန်းရောင် ဘယ်လိုဖြေရမည်လဲ . . .

"ပန်းရောင် ဘယ်လိုပြောရမလဲကွာ"

ပန်းရောင် . . . တိုးတိုးညည်းမိလေသည်။

ရိုစီက ပြုံးရယ်လျက် . . . ပန်းရောင်ပခုံးလေးကို ပြေးလာဖက်သည်။

"ဘယ်လိုမှမပြောနဲ့ . . . ရိုစီ့ဖာသာပဲ တွေးယူတော့မယ်၊ ပန်းရောင်မှာ ချစ်သူရှိမထားနိုင်တာ နာတာပဲကွာ . . . ဘာပဲဖြစ်ဖြစ် ရိုစီဝမ်းသာတယ် သူငယ်ချင်းရယ်"

ရိုစီက ပန်းရောင်ပါးပြင်ကို နှုတ်ခမ်းလေးဖြင့်ဖိနမ်းလျက် နှုတ်ဆက်သွားလေသည်။

ပန်းရောင်ကတော့ တွေတွေဝေဝေပဲ ကျန်ရစ်သည်။ ပန်းရောင်ရင်ထဲမှာ ရှုပ်ထွေးနေလေသည်။

❖ ❖ ❖

နောက်တစ်ပတ်ခန့်အကြာတွင်မှ မေမေက ဖွင့်ဟတိုင်ပင်သည်။ ပန်းရောင်မသိဘူးအထင်နှင့် ပန်းရောင်ကို ဆက်ဆံနေကြပေမယ့် သိထားနှင့်သော ပန်းရောင်ကမူ မေမေနှင့်မေမေတို့၏ အရိပ်တကြည့်ကြည့်မျက်လုံးများကို မလုံမလဲရှက်ရွံ့နေခဲ့ရလေသည်။

တစ်ခါတစ်ရံ ပန်းရောင် တိတ်ချက်သားကောင်းနေလျှင် . . .

"သမီးရေ . . . ပန်းရောင်ရေ" ဟု ဖေဖေကဖြစ်ဖြစ်၊ မေမေကဖြစ်ဖြစ် လှမ်းခေါ်ငယ်တတ်လေသည်။ ပန်းရောင် လှုပ်ရှားမှုမှန်သမျှကို တပြုံးပြုံး အရိပ်ကြည့်နေကြသည်။ သို့နှင့် ထိုတစ်ရက်သို့ ရောက်ရှိလာခဲ့တော့သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရှိစဲ့ထံက သိထားနှင့်၍ ကြားရစလို မတုန်လှုပ်လှသော်လည်း ပန်းရောင်၏ ရင်ခုန်သံများကတော့ . . . မြန်လာကြသေးသည်။ ကိုကိုအောင့်အကြောင်း ပန်းရောင်လောက်ပင် မသိရှာသော မေမေ့စကားမခိုးခင်ပင် ရှက်ရယ်ရယ် မော ပြေးထွက်လာခဲ့မိသည်။ ပန်းရောင် . . . တစ်နေ့လုံး နေမရတော့ပေ။ ပန်းရောင်စိတ်ထဲမှာတော့ ပန်းရောင် သူများကို စိတ်ဝင်စားဖို့သိတတ်လာ တော့ . . . စိတ်ကူးထဲသို့ ပထမဆုံးဝင်လာတဲ့ ကိုကိုအောင် . . .

ညနေခင်းတွင် ခြံထဲကဒါန်းဆင်ထားသော ခုံတန်းလျားလေးမှာ သာသာလွှဲနေရင်း စိတ်တွေ တိမ်လိုလွင့်ပါးနေခဲ့သည်။ ပန်းရောင်လက်ထဲ မှာ တစ်စုံတစ်ယောက်အကြောင်းသာ လွှမ်းမိုးသည့် နှစ်အပိုင်းအခြားမရှိ သည့် ဒိုင်ယာရီ . . . အတွင်းဖုံးမှာ ပန်းရောင် ငွေဖြူဘုရင်မပို့စကာဒ်လေး တစ်ခု ကပ်ထားလေသည်။

ထိုစဉ် . . . ပန်းရောင်စိတ်ကလေးငယ်ငယ်ကို တုန်လှုပ်သွားအောင် အရပ်မြင့်မားသော သဏ္ဍာန်တစ်ခု ခြံတံခါးတွန်းဖွင့်ဝင်လာသည်ကို မြင်ရ သည်။ ပန်းရောင်သည် ဖားလျားဝေကျနေသော ဆံပင်တို့ဖြင့် အုပ်ဆိုင်းသွား အောင် ခေါင်းငုံ့ရင်း . . . မျက်နှာကွယ်ဝှက်ထားမိသည်။

ကိုကိုအောင် အနားကိုရောက်လာလေသည်။

"ပန်းရောင် . . . "

လက်ထဲကစာအုပ်လေးကိုပဲ တင်းတင်းဆုပ်ထားမိသည်။ ပန်းရောင် မော်မကြည့်မိ . . .

"ကိုကိုအောင့် အမှားပါပဲကွာ . . . "

သူ့စကားက တစ်မျိုးမို့ ပန်းရောင်နားမလည်စွာ မော်ကြည့်မိရသည်။ ကိုကိုအောင့်မျက်နှာပြင်က ခါတိုင်းလို ရယ်ပြုံးမနေဘဲ . . . တည်ကြည်နေ တာ ပန်းရောင် တအံ့တသြတွေ့ မိသည်။ ကိုကိုအောင်သည် တန်းလျား လေးတစ်ဖက်စွန်းတွင် ဝင်လာထိုင်သည်။ ပန်းရောင်လည်း ဒါန်းလွှဲဖြစ် တော့ဘဲ သူ့ကိုသာ ငေးမောနေမိသည်။ အလုပ်သင်ဆရာဝန်ဖြစ်တော့မည်



www.burmeseclassic.com

www.burmeseclassic.com



မို့ သိမ်းညှပ်ထားသလားမသိ . . . နားထင်ဆံစက ဆံပင်ရှည်များမရှိတော့ဘဲ ကိုကိုအောင်၏ ကြည်လင်ရင့်ကျက်ဟန်ကို တွေ့ရလေသည်။

"ပန်းရောင်သဘောကို မမေးဘဲ လူကြီးတွေကတစ်ဆင့် စီစဉ်မိတာ ကိုကို သိပ်တစ်ကိုယ်ကောင်းဆန်လွန်း သွားတာပဲ . . . ညီမလေးကတောင် ကိုကို့ကို မတရားဘူးလို့ ရန်တွေ့လို့မဆုံးတော့ဘူး"

သူသည် ပန်းရောင်ကိုမကြည့်ဘဲ ပြောနေသည်။ သို့သော် ကိုကိုအောင်သည် ငယ်တုန်းက . . . မိုးရွာသောဖန်းဖဲယားညမှာ ပန်းရောင် စိတ်ကောက်ပြေအောင်ချော့မော့စဉ်ကလို ဖြည်းဖြည်းနူးညံ့စွာ ပြုံးနေသည်။

"ပန်းရောင်ကိုပြောဖို့ မပြောရက်သလိုဘဲ . . . ပြီးတော့ ပန်းရောင် ငြင်းမှာလည်း စိုးရိမ်လို့ . . . ဒါပေမယ့် ညီမလေးပြောသလိုပါပဲ ပန်းရောင်ရာ ကိုကို ပန်းရောင်အပေါ် မတရားမလုပ်သင့်ပါဘူး၊ ပန်းရောင်နဲ့ကိုကိုက အပြစ်ကင်းတာချင်းယှဉ်လို့မှ မရဘဲ . . . ပန်းရောင်က အပြစ်ကင်းတဲ့ကလေး တစ်ယောက်ပဲ . . . ကိုကိုအောင်ကတော့ . . . အဟဲ"

သူသည် ခေါင်းမော်လျက် . . . တစ်ချက်ရယ်မောလိုက်သည်။ စကားမဆက်တော့ဘဲ ကိုကိုအောင့်မျက်လုံးကို လိုက်ငေးမောနေသည့် ပန်းရောင်ကို ဖျတ်ကနဲလှည့်ကြည့်သည်။ ပန်းရောင်ကို နူးညံ့စွာပြုံးပြန်လျက် . . .

"ညီမအရင်းမှ မဟုတ်ဘဲလို့ ပန်းရောင်ပြောခဲ့ဖူးတာ ကိုကိုမမေ့ဘူး၊ ပန်းရောင်မအတွက်လည်း ကိုကို အပြစ်နည်းသူသာဖြစ်ချင်တယ်ဆိုတာ ယုံရဲ့လားကွယ်"

ကိုကိုအောင် ထိုင်ရာမှ ထရပ်လိုက်သည်။ ခုံတန်းလျားလေး သိမ့်ခါ ကျန်ခဲ့လေသည်။

"လူကြီးတွေကတစ်ဆင့် သိမ်းသွင်းမိတာ ကိုကို့ကို ပန်းရောင်မ ခွင့်လွှတ်ပေးတော့ . . . ကိုကို ပန်းရောင်အတွက် အပြစ်အနည်းဆုံးဖြစ်အောင် ဆင်ခြင်နေပေးပါ့မယ်၊ ပန်းရောင်အပေါ် ကိုကို မတရားမဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လို့လေ၊ အဲဒီအခါကျရင်သာ ပန်းရောင် ကိုကို့ကိုစဉ်းစားနိုင်ပါစေလို့ မျှော်လင့်ရမှာပဲ . . . ကဲ . . . ကိုကိုအောင် သွားပြီ"

ကိုကိုအောင့်စကားတွေ ပန်းရောင်နားတွင် ဝေ၍ ကျန်ရစ်သည်။

တဖြည်းဖြည်း မနည်းနားလည်ယူနေရ၏။

ပန်းရောင်အပေါ် မတရားပြုမိပြီဟုထင်သွားခဲ့ရှာသော ကိုကိုအောင် ကိုကိုအောင့် နောက်ကျောပြင်ကျယ်ကို ပန်းရောင် ငေးကြည့်ရင်း . . . ငြိမ်သက်နေမိသည်။

သူ့တွင်ကိုင်စွဲစရာ ဘာမျှမပါပမယ့် . . . ပန်းရောင်ကတော့ ကျောပိုးအိတ်နှင့် လွယ်အိတ်ပေါက်စလေးနှစ်ခု ရောပိုးထားဟန်ကို မြင်ယောင်နေမိသည်။ ပန်းရောင်ကို ရိုစီနှင့်အတူ ချစ်ခင်အလိုလိုက်ခဲ့သည်များ . . . မိုးရေထဲမှာ သဲသဲမဲမဲလိုက်လံရှာဖွေတာ . . . နောက်ကျောင်းမှာ ပြန်လည်ဆုံတွေ့ကြတော့ ခင်မင်စောင့်ရှောက်ခဲ့သည်များ တစ်ခုစီသတိရနေမိသည်။

ပန်းရောင် . . . ငယ်တစ်ဘဝလုံး လွှမ်းမိုးလာခဲ့သော ကိုကိုအောင် ပန်းရောင်ကို စကားပြောခွင့်မပေးခဲ့သည့် ကိုကိုအောင့်ကို . . .

"ကိုကိုအောင်ရေ . . . နေပါဦး . . . "

လှမ်းခေါ်လိုက်ပြီး . . . ပန်းရောင်လက်ထဲတွင် အသင့်ရှိနေသည့် ဒိုင်ယာရီကို ပေးရရင်ကောင်းမည်လား။ ပန်းရောင်ရင်ထဲက အရိပ်အကဲကို ကိုကိုအောင် နားလည်ဖို့ဖြစ်သည်။ ပန်းရောင်စိတ်ထဲတွင် တခြားသူမှ မဟုတ်ဘဲ . . . ပန်းရောင်ရဲ့ကိုကိုအောင်ပဲ . . . သူ ဘယ်လိုလူစားမျိုးပဲဖြစ်နေပါစေ ပန်းရောင်ရဲ့ကိုကိုအောင်ပါပဲဟု ခေါ်င်းမာချင်နေလေသည်။

သို့သော် . . . စင်စစ် တခြားသူမဟုတ်ဘဲ ကိုကိုအောင်ဖြစ်နေ၍ ပန်းရောင်က ပိုပြီးကောင်းမွန်စေချင်ရမှာသာပင် . . . ထက်သန်နေသော ပန်းရောင်စိတ်ကို ပန်းရောင် အကျဉ်းချဆုံးမရသည်။

ကိုကိုအောင့်ကို လူငယ်ပေမယ့် . . . ဆေးသမားပီပီ တည်ကြည်စေလိုလေသည်။ ပန်းရောင်ရင်ထဲမှာ စွဲစွဲမြဲမြဲထင်နေခဲ့သည့် တစ်ခါက ကိုကို

www.burmeseclassic.com



အောင့်ကိုသာ ပြန်လည်အသက်ဝင်စေလိုလေသည်။

ရိုးသားသောဘဝတွင်လည်း မွေ့ပျော်လို့ရလျက် . . . ပိုမို အဓိပ္ပာယ်လေးနက်သည့် ပျော်ရွှင်မှုမျိုးကိုပင် ရနိုင်သေးတာ . . . ကိုကိုအောင် သိစေလိုလှလေသည်။

ပန်းရောင်နှင့် ဖူးစာမင်ရည်ကျဲကာလွဲခဲ့ရင်တောင် (ကိုကိုအောင့်မှာ ချစ်ခင်သူ ပေါများလှတာ ပန်းရောင် မမေ့ပါ) ကိုကိုအောင့်ဘဝကမူ သူကောင်းစွာ ဆင်ခြင်ရင်း . . . ငယ်ကလို ရိုးသားဖြူစင်သွားနိုင်မည်ပင်။ ကိုကိုအောင့်ဘဝ ရိုးသားဖြူစင်ဖို့သာ အရေးကြီး၍ ပန်းရောင်ရဲ့ဘဝမှာ အခြားသူများကို ဘာကြောင့်စဉ်းစားမဲ့ရခဲ့တာ မပြောပြသေးဖို့ ဆုံးမမိသည်။

နုပျိုသန်မာသော ငှက်ကလေးတစ်ကောင်ကို လှောင်အိမ်မှာ ချုပ်မိသလို . . . ပန်းရောင်ရဲ့နှလုံးသားများကတော့ တဖျက်ဖျက်တုန်ခါ နာကျင်လို့နေသည်။

ငယ်က ကိုကိုအောင် ကျောင်းအသွား . . . ကျောင်းဂိတ်သံတိုင်တံခါးကြားက ငေးကြည့်ခဲ့ရသလို ငေးကြည့်ရင်း . . . ခုံတန်းလျားလေးမှာ ဆက်ထိုင်နေလိုက်သည်။

ပန်းရောင်ရဲ့ ကိုကိုအောင်ကတော့ ခြံဝင်းတံခါးကိုတွန်းဖွင့် ထွက်ခွာသွားခဲ့ပါပြီ . . .

❖ ❖ ❖ * ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com


## ရုပ်မြင်သံကြား

မွေးလူနာဆောင်သည် အော်သံ၊ စုတ်သတ်သံ၊ ညည်းသံတို့ဖြင့် သာယာစိုပြေနေမြဲ . . . ဒို့တွေစမ်းသပ်နေမိသော ကုတင်ပေါ်က မွေးလူနာကမူ ရှိုက်ငိုနေသည်။ ကလေးနှလုံးခုန်သံ နားထောင်နေသော သူငယ်ချင်းက သူ ‘ကတော့’ လေးကို အမေ့ဗိုက်က ခွာသည်။ ခြေမကိုင်မိ လက်မကိုင်မိ . . .

“ဘာဖြစ်လို့လဲ . . . နာသွားလို့လား” ဟု မေးနေသည်။ လူနာ ခေါင်းယမ်းပြီးဖြေသည်။ လူနာအခြေအနေ အားလုံးကောင်းနေသည်။

မွေးလည်းမွေးဖွားပြီး လေးကြိမ်မြောက်ကိုယ်ဝန် . . . ရောဂါအထွေအထူးမရှိ။ (အမေတိုင်းလိုလိုမှာ တွေ့မလွဲသည့် မစားနိုင်သောရောဂါကလွဲလျှင်)

“ဘာဖြစ်လို့ ငိုတာလဲဟင်”

ဒို့က ထပ်ပြီးမေးမိသည်။ လူနာအမျိုးသမီးက ခပ်ရွယ်ရွယ် . . . အသက် ၂၇နှစ်။ ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေး . . . သူ့ဘဝကတော့ ဟန်နိုင်မရပေ . . . ဟန်သောဘဝနှင့်ဆိုရင်ဖြင့် ဒို့တွေ ဒီလိုနှလုံးခုန်သံလေးပင် ခွင့်တောင်းနားထောင်ဖို့မယ် မဟုတ် . . . ကျောင်းသားတွေနှင့် သင့်မြတ်


www.burmeseclassic.com

www.burmeseclassic.com


ခင်မင်သည်က ဒီလိုအညာစောင်ကြမ်းတစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထွာ တစ်မိုက်၊ ရေပုလင်းတစ်လုံး၊ မုန့်ကြွပ်တစ်ထုပ်နှင့် လူနာတွေ . . .

"ကျွန်မက သမီးသုံးယောက်တောင်မွေးထားတာ"

သူမအဖြေတွင် ဒို့နှစ်ယောက် . . . တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ အညာစောင်ကြမ်းစနှင့် မျက်ရည်တို့သုတ်ရင်းက စကားဆက်သည်။

"ဒီတစ်ယောက် မိန်းကလေးပဲဆိုရင် ကျွန်မတော့ ဒုက္ခရောက်တော့မှာပဲ . . . ကျွန်မယောကျ်ားက ဒီတစ်ခါ မိန်းကလေးပဲဆိုရင် လာကိုမကြည့်ဘူး၊ ကွာမယ်တဲ့ . . . မိန်းကလေးချည်း ဆက်တိုက်မွေးတာ ယုတ်လို့ပဲတဲ့"

"ဒုက္ခရေ . . . "

သူငယ်ချင်းက တသည်။ လူနာက ငိုပြန်ပါလေသည်။

မွေးခါနီး ဒီလောက်ငိုနေတာ မကောင်းပေ . . .

လူနာအများစုက သမီးမလိုချင်ကြ . . .

"ကျွန်မကတော့ ဘာလေးပဲဖြစ်ဖြစ်ပါ၊ သူက သားမှဆိုတော့ သားလေးပဲ မွေးပေးချင်တယ်" တွေချည်း . . .

သို့သော် . . . သမီးပဲမွေးပြီးပြန်ရတာ များလေသည်။ ဒီလို ကြိုတင်ငိုကြွေးနေတာတော့ ဒီမရီအေးတစ်ယောက်ပဲ ကြုံဖူးလေသည်။ လွယ်ထားရတာ ကိုးလကျော်အတွင်း ဘယ်လောက်ကြိမ်းဝါးခံထားရသည်လည်း မသိ။

"ယောကျ်ားလေးမွေးဖို့ . . . မိန်းကလေးမွေးဖို့ဆိုတာက အစ်မက တတ်နိုင်တဲ့ကိစ္စမျိုးမှ မဟုတ်ဘဲ"

မချိုကလည်း . . . ဒို့လိုပဲ ကြားထဲကမခံချင်ဖြစ်လာသည် ထင်၏။ ခပ်ဆတ်ဆတ်ဝင်ပြောသည်။

"မိန်းကလေးမွေးလာလို့ တာဝန်ရှိချင်းရှိရင် ယောကျ်ားမှာပဲ တာဝန်ရှိတာပဲ . . . မိန်းမက အမမျိုးစေ့တစ်မျိုးပဲ ထုတ်နိုင်တာ . . . ယောကျ်ားဘက်ကမှ အဖိုရော၊ အမရော နှစ်မျိုးလုံးထုတ်နိုင်တယ်၊ သူ့ဘက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com


အမမျိုးစေ့ပဲထုတ်ရင် မိန်းကလေးမွေးလာမှာပေါ့ . . . အဖိုမျိုးထုတ်မှ ယောကျ်ားလေးမွေးနိုင်မှာ . . . ယောကျ်ားလေးကလည်း တန်ခိုးကြီးသား အစ်မရဲ့ . . . အဖိုမျိုးထုတ်ရင် အမေ့ဘက်က အမမျိုးကို လွှမ်းမိုးပြီး ယောကျ်ားလေးဖြစ်လာတာပဲ"

ဒို့စကားဖြင့် ဒို့ရယ်မိသည်။ ဆက်ပြောချင်သည့် 'သူပြောသလို ယုတ်ချင်းယုတ်ရင် သူယုတ်လို့ ဖြစ်မှာပဲ" ဟူသော စကားကိုတော့ သိမ်းထားလိုက်၏။ သူတို့ မိန်းမတွေကို သူတို့ ယောကျ်ားတွေအကြောင်း . . . မကောင်းပြောမိရင် အားကြီးစိတ်ဆိုးတတ်သည်ဟု ကြားဖူးသည်။ ယောကျ်ားတွေ တန်ခိုးကြီးပုံ . . .

"အဲဒီလိုသာ ရှင်းပြလိုက် . . . သိလားအစ်မ . . . အစ်မမှာ ဘာတာဝန်မှ မရှိဘူးလို့"

မရီအေးပင် အငိုရပ်ကာ . . . တအံ့တသြဖြစ်သွားသည်။

သူတို့စိတ်ထဲမှာ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် အကောင်လိုက်ကြီး ထည့်ပေးလိုက်သော မဗိုက်တွေမှာပဲ တာဝန်ရှိတယ် ထင်ပေကြပေမည်။ သူငယ်ချင်းနှစ်ယောက်က မရီအေးကို ဘိန်းလေးတွေတပ်ပေးကြသည်။

"ဟုတ်တာပေါ့၊ ဒါမှ မကျေနပ်နိုင်ဘူးဆိုရင်တော့ မခံနဲ့တော့အစ်မရေ သူတစ်ချက်ဆို ကိုယ်ကလည်း တစ်ချက်ပေါ့၊ အမေ့ဘက်က သမီးသုံးယောက်တောင်ရှိတာပဲ . . . တလောကပြသွားတဲ့ 'လက်သီး' တရုတ်ကားထဲကလို တီးကြတာပေါ့"

အရွှန်းဖောက်ကြ၍ မရီအေးမျက်နှာ ပြန်ရွှင်လာသည်။ သူ့ကုတင်က ခွာလာကြသည်။

မချိုက တွေးတွေးဆဆပြောလာသည်။

"အေးကွာ . . . တစ်နေ့တစ်နေ့ နေရေးစားရေးအတွက် ရုန်းကန်ရလွန်းလို့ . . . အိမ်ပြန်ရောက်ရင် စိတ်ပင်ပန်းစိတ်တိုပြီး စိတ်သာသည်ယာ မဖြစ်နိုင်တော့တဲ့အခါမျိုး၊ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာ


www.burmeseclassic.com

www.burmeseclassic.com


နာ မရှိနိုင်တော့တဲ့အခါမျိုးမှာ ဒီလိုမဟုတ်တဲ့စကားတွေ အယူသီးတာတွေနဲ့ ပိုပြီးအခြေအနေကိုဆိုးအောင် ဘာလို့လုပ်ချင်ကြပါလိမ့် . . . ဘယ်သူမှ မပြုနိုင်တဲ့အဖြစ်မျိုးတွေနဲ့ကိုင်ပြီး ရန်ရှာချင်ရပါလိမ့်"

မျက်ရည်လည်ရွဲနှင့် မရီအေးမျက်နှာကို မြင်ယောင်နေမိသည်။ ကလေးသုံးယောက် ကိုယ်ဝန်ဆောင်တစ်ယောက်နှင့် ပြည့်နေသောအိမ်ခန်း တန်းလျားကျဉ်းလေးထဲသို့ လှမ်းဝင်သွားသည့် မျက်နှာထားဆိုးဆိုးနှင့် လူတစ်ယောက်ကိုပင် မြင်မိလာသလိုလို . . .

"အင်း . . . ဘာဖြစ်လို့ ရန်ရှာချင်ရသလဲဆိုတော့ . . . တစ်နေ့တစ်နေ့ နေရေးစားရေးအတွက် ရုန်းကန်ရလွန်းလို့ စိတ်တို . . . စိတ်ပင်ပန်းပြီး စိတ်သာသာယာယာမဖြစ်နိုင်တော့လို့ပဲ ဖြစ်မှာပေါ့ကွ"

"မင်းစကားနဲ့တို့စကား ရှုပ်ကုန်ပြီဟာ"

မချို နားရှုပ်သွားသည်။

"အေး . . . ရှုပ်ကုန်ပြီ"

တို့ဖာသာတို့လည်း ရှုပ်ထွေးသွားသည်။

ဘာပဲဖြစ်ဖြစ် မရီအေး ယောကျ်ားလေးမွေးဖို့ ဆုတောင်းပေးမိသည်။ မွေးဆောင်ဘက် မရောက်ဖြစ်ပြန်ပေ . . . 'မီးယပ်'ဘက်မှာ သင်တန်းဆင်းနေရပြန်သည်။ ရောက်ဖြစ်သောရက်တွင်တော့ မရီအေး ဆေးရုံကဆင်းသွားပြီ။ မွေးလမ်းချဲ့ဖို့မလိုသော လူနာဖြစ်၍ ဆေးရုံမှာ ကြာကြာမနေရပေ။ ဆေးရုံမှာ ကြာရှည်နေသေးသော လူနာဖော်တွေအပြောတွင် မေသွားရသည်။ မိန်းကလေးတဲ့ . . . မရီအေးတို့တော့ ဘယ်လိုများ နေကြလေသလဲ . . . သူငယ်ချင်းနှစ်ယောက် မြှောက်ပေးလိုက်ကြလို့ လက်သီးသုံးကုန်ကြပြီလား နဖူးမှာ အာလူးသီးတွေ ဖုကုန်ကြပြီလားမသိ . . . ဖုချင်းဖုရင် သူ့ယောကျ်ား နဖူးမှာမှ ဖုပါ့မလား . . . နာမှနာပါ့မလားဟု ကြားထဲက စိုးရိမ်မိပါသေးတော့သည်။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁၂) ကားလမ်းနှင့် ဝါးရုံတန်းကြားက လမ်းကလေးကို လျှောက်လာသည်။ ပလက်ဖောင်းမဟုတ်သော မြေလမ်းလေးတွင် ဒပ်ဖရင် နှင့် ကလေးဆေးရုံ အကူးကို အခါပေါင်းများစွာ ဖြတ်သန်းရသည်။ ဝါးရုံတန်း ရိပ်ကြောင့် နေရိပ်ခိုလျှောက်လို့ ကောင်းလှသည်။ အေးလို့လည်း ကောင်း လှသည်။

လမ်းလေးပေါ်မှာ လူအမြဲစည်ကားနေတတ်သည်။

အမေတွေ . . . အဖေတွေ . . . ကလေးတွေကိုချည်း ထပ်ခါတလဲ တွေ့လာရသည်။ လကုန်ရက်ပေမို့ . . . ထုံးစံအတိုင်း အချိန်သိလိုသူတွေ များလာသည်။

"ကလေးမ . . . ဘယ်နှစ်နာရီရှိပလဲ"

"ကိုးနာရီ ထိုးပြီလားဟင်"

"အစ်မ . . . အချိန်လေး တစ်စိတ်လောက်"

သူတို့လက်မှာ နာရီမမြင်ရချေ။

ဆိုင်းဘုတ်ဖြူနှင့် ဗေဒင်လက္ခဏာဆရာလည်း လမ်းမှာရှိသည်။ တစေ့တစောင်းကြည့်ရင်း မှတ်မိလာရသည်။ အရင်နှစ်တွေထဲက ဒီဆရာ ကို ဒီလမ်းပေါ်မှာ တွေ့ဖူးသည်။ ပျောက်သွားလိုက် . . . ပြန်ပေါ်လာလိုက် ဒီတစ်ခေါက်မှာ ပိုမိုခမ်းနားလာ၍ မမှတ်မိခြင်းပင် . . . သူ့နောက်က ခုံအမြင့် လေးပေါ်မှာ အရုပ်လေးတွေ စီတင်ထားသည်။ ဓားထမ်းသောအရုပ်၊ ဘီလူး ရုပ်၊ လူဝကြီးရုပ်၊ ဝတ်ဖြူစင်ကြယ်၊ မုတ်ဆိတ်ဖားနှင့်အရုပ် . . . သူကိုယ် တိုင်လည်း ပြောင်းလဲသွားသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးစစ၊ အလုံး ကြီးကြီး စိပ်ပုတီးကို စလွယ်သိုင်းထားသည်။ ဝတ်စုံဖြူနှင့် 'ဘိုး' ဖြစ်သွား ရှာပြီထင်သည်။

"ကဲ . . . သမီး . . . ဟောဒီကံလမ်းကြောင်းက သမီးရဲ့ ခုအသက် အနေအထားမှာ အာယုအသက်လမ်းကြောင်းကနေ ခွဲထွက်လာပြီ ဒါတော့ ဘာကိုဆိုလိုသလဲ . . . သမီး ဒီဆင်းရဲတွင်းက ကျွတ်ချိန်တန်လာပြီလို့ ဆို



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ သမီးကို မမယ်၊ စမယ့်လူ မုချပေါ်လာပါတော့မယ်”

အားတက်စဖွယ်ပေပဲ . . . လမ်းပေါ်ကကြားရသည်ပင် အားရှိလို့ လာသည်။ တချို့တလေ ရပ်နားထောင်နေကြ၏။

ဆရာ . . . ခပ်ငယ်ငယ်တစ်ဦး ဒီနားမှာတွေ့လိုက်မိသေးသည်။ ခုံငယ်ငယ်ပေါ်မှာ တိုင်စိုက် . . . တိုင်ကို တံချူလိုစွဲကာ ဆိုင်းဘုတ်သေးသေးလေး ညှပ်ထားသည်။ ခုံပေါ်မှာ ထိုင်မည့်ပဟာသူနှင့် မေးသူ မျက်နှာလုံးရုံ . . . ဒီဆရာလေးကို မတွေ့မိပြန်ပေ . . . ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့ရာသည်ထင်၏။

နောက်တစ်ယောက်က ကုလားအဖိုးအို . . . သူ့ရှေ့မှာ ဗလာစာအုပ်အဖုံးနှစ်ခုခင်းပြီး နေရာထိုင်ခင်းလုပ်ထားသည်။ ဒီမှာလည်း မေးသူမရှားပါပေ . . . ဗေဒင်မေးသည့်ဝါသနာနှင့် ထီထိုးသည့်ဝါသနာ စွဲငြိကုန်ကြပြီထင်သည်။ ထီဆိုင်လေးတွေ ကလေးဆေးရုံနားမှာ အစီအရီ . . .

ဒပ်ဖရင် ဘူတာဂုံးအထက်မှာ ရန်ဖြစ်နေသည့်လင်မယားတစ်စုံကို ဖြတ်ကျော်ခဲ့ရ၏။

ဆံပင်နီကျင်ကျင် ပွယောင်းလျက် . . . အဆင်အပြင် နွမ်းပါးရိရော်လျက် . . . မိန်းမငယ်က ငိုလာသည်။

“ငါတစ်ယောက်ထဲနဲ့ မွေးထားတာမဟုတ်ဘူး၊ နင်ကရော . . . အဖေ မဟုတ်ဘူးလား”

မလှမ်းမကမ်းက ရင်ခွဲရုံမှာ လူစုစု၊ ကားစုစု တွေ့ရလေဦးမလား ရင်ထိတ်မိသည်။

မျက်နှာညိုးလျှသော်လည်း မျက်ရည်စမရှိသော အဖေလုပ်သူကို အမှတ်တမဲ့လို ကြည့်မိသည်။

အကျီပြာ . . . ပုဆိုးနွမ်း . . . ဂျပန်ဖိနပ် နောက်မြီးပြားနှင့် လူငယ်က အသံအုပ်၍ ပြောလာသည်။ မသဲကွဲ . . . မိန်းမငယ်အသံကသာ ပိုမိုပေါက်ကွဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အနေဆင်းရဲ . . . အအိပ်ဆင်းရဲရတဲ့အထဲ ကလေးအတွက် စိုးရိမ်ရသေးတယ်၊ နင်က ဒီထမင်းပို့လာရတာလေးလောက်ကို တွက်ကပ်ရသလား၊ ကိုယ့်သားသမီးမဟုတ်တဲ့ အတိုင်း . . . ဆေးရုံမှာနေရတဲ့သူက မညည်းရဘူး၊ ကိုယ့်အိမ်ကိုယ် အေးအေးနေရတဲ့လူက ဆူသတဲ့တော် . . . အဟီး . . . ဟီး"

ဂုံးတံတား အုတ်တံတိုင်းကို ခေါင်းစိုက်ငိုနေတော့၏။ ယောကျ်ားက ချော့မော့ဆွဲခေါ်နေသည်။ လူတွေဝိုင်းကြည့်နေကြ၏။ ယောကျ်ားလုပ်သူ၏ တောင်းတောင်းပန်ပန် စကားသံက နောက်ပါးက လိုက်ပါလာသည်။

"ငါ ထမင်းပို့မလာချင်လို့ ပြောတာမဟုတ်ပါဘူးဟာ . . . ဈေးဝယ်လို့ မဖြစ်လို့ . . . ပြောနေရတာ . . . ငါ ဘယ်လိုမှ မဝယ်တတ်တော့ဘူး၊ အိမ်မှာ ကလေးတွေကလည်းရှိသေးတယ်၊ ကြွေးကလည်း များနေပြီ၊ မင်းဘာမင်းလုပ်မှ ဖြစ်မှာမို့"

ဝေးလာလို့ မကြားရတော့သည်လား . . . စဲသွားလို့ မကြားတော့သည်လားမသိ . . . မိန်းမငိုသံကို မကြားရတော့ပေ။ အငိုစဲသွားတာ ဖြစ်ပါစေ . . . ဆေးရုံဝင်းအတွင်းသို့လည်း ရောက်ခဲ့လေ၏။

❖ ❖ ❖

ကလေးသံတို့ ဆူညံဝေစည်နေ၏။ နာမကျန်းပေမယ့် ကလေးတို့ရိုက်က ပေါ်လွင်နေသေးမြဲ . . . ဆော့ကစားနေကြ၏။ အချို့ကုတင်နေသူလေးတွေမှ တိတ်တိတ်ဆိတ်ဆိတ် . . . ကုတင်သေးသေးလေးတစ်လုံးပေါ်တွင် ကလေးသေးသေးလေးတစ်ယောက် ထိုင်ပြီး၊ ကလေးငယ်ငယ်သေးတစ်ယောက် လဲလျောင်းနေသည်။ အကာအရံအပြည့်ရှိ၍ ထိုင်နေသောကလေးလေး . . . သံတိုင်တွင်းက မျောက်အိုလေးတစ်ကောင်နှင့် ပိုတူနေသည်။ ခေါင်းကလေးက လက်သီးဆုပ် . . . အသက် (၈)နှစ် . . . ကလေးရှစ်ယောက်မှာ ပဋ္ဌမမြောက်သမီး . . . အဖေကားမောင်း အမေဈေးရောင်းတို့



www.burmeseclassic.com

www.burmeseclassic.com


၏ တစ်လဝင်ငွေ နှစ်ရာ့ခြောက်ဆယ် . . . ဦးခေါင်းခွံပုံပေါ်နေသော မျက်နှာလေးတွင် အရည်လဲ့လဲ့သာ ဖုံးလေသည်။ စူးစမ်းရိပ်ဖြင့် လှုပ်ရှားနေ၏။ မျက်လုံးလေးတွေ ကောင်းခဲ့ရင် စူးရှတောက်ပြောင်လို့ပင် နေကောင်းနေမည်။ သို့သော် မျက်လုံးလေးများက မကောင်းတော့ . . . ဘီတာမင်အေ ဓာတ် ချို့တဲ့ရာက . . . နောက်ဆုံးအဆင့်အဖြစ် တစ်ဖက်က ပျက်စီးခဲ့ပြီ။ နောက်တစ်ဖက်က မကြည်မလင်မွဲဝေဝေ . . . ဆေးရုံအင်္ကျီ အပြာရင့်၏ လက်ပေါက်ကျယ်ကြီးများထဲက ရိုးပိန်လက်လေးနှစ်ချောင်း ထွက်ကျနေသည်။

"မုန့်စားမယ် . . . မုန့်စားမယ်"

အသံစူးလေးဖြင့် အော်နေသည်။ ကုတင်ပေါ်တွင် . . . စားစရာမရှိ ကစားစရာမရှိ၊ တတွတ်တွတ်တောင်းသံလေးက မပြတ် . . . ခြေရင်းမှာ လှဲအိပ်နေသော ကလေးငယ်က တစ်ကိုယ်လုံးဖူးဖူးယောင်နေသည်။ ဖောင်းကြွနေသော ကိုယ်ပေါ်မှာ အရည်ပြား အထပ်လိုက်ကွာနေသည်။ အကွက်တစ်ကွက် ထနေသည်။

အသက်ငါးနှစ် . . . အာဟာရချို့တဲ့ နာချင်းလည်းတူ၏။ သို့သော် အစာနှင့် ပတ်ဝန်းကျင်ကို စိတ်မဝင်စား . . . ထုံပေပေမျက်နှာလေးဖြင့် ပြန်ကြည့်နေသည်။ ခေါ်လို့မထူး . . . မေးလို့လည်း မဖြေ . . . တုံဏှိဘာဝေ . . .

ကျောင်းသူနှစ်ဦး ကုတင်ဘေးတွင် လာရပ်သည်။ ဒီမှာ ထုတ်မပေးသော နားကြပ်လေးတွေကိုယ်စီနှင့် . . . နောက်ဆုတ်နေလိုက်ကြသည်။ မဟော်သဓာ ဓာတ်တော်ထဲတွင်ပါသည့် . . .

"ချစ်သား . . . သုခမိန် . . . သင့်အား လျောက်ပတ်သော နေရာကို သိသဖြင့် . . . ကြည့်၍နေလော့" ဟူသော စကားလေးကို တို့တွေမေ့ကြသေးချေ။ တစ်ယောက်ကတစ်ယောက်ကို ရှင်းပြနေသည်

"ဒီကော့စ်နှစ်ခုကို ယှဉ်ကြည့်ရင် သိပ်သိသာတာပဲ . . . တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com



က ပရိုတင်းရော ကယ်လိုရီရော နည်းတယ်၊ တစ်ယောက်က ပရိုတင်းတစ်မျိုးထဲ ချို့တဲ့တယ်၊ သူ့မှာ အစာတို့၊ ပတ်ဝန်းကျင်တို့ကို ဝင်စားတဲ့စိတ် ပျက်ပြားနေတယ်၊ ပရိုတင်းရော၊ ကယ်လိုရီရော နည်းတဲ့ ကေ့စ်ကတော့ သိပ်နိုးကြားတယ်၊ သူက အားလုံးချို့တဲ့နေတော့ အမြဲဆာနေတာပဲလို့ ဒို့က အလွယ်မှတ်ထားလိုက်တယ်၊ ကြည့် တို့မေးပြမယ်"

ကလေးမေးစေ့လေးကို ဆွဲမော့လျက် ချိုသာစွာမေးသည်။

"သမီး . . . မုန့်စားမလား"

"မုန့်စားမယ်"

မျက်လုံးလေး ပေကလပ်ဖြင့် . . . ကလေးက ပြန်ဖြေသည်။

"ခေါက်ဆွဲ စားမလား"

"ခေါက်ဆွဲ စားမယ်"

"ဘီစကစ် စားမလား"

"ဘီစကစ် စားမယ်"

"ချိုချဉ် စားမလား"

"ချိုချဉ် စားမယ်"

"အေးကွာ . . . သိပ်သိတာပဲနော်၊ တော်တော်ကောင်းတဲ့ ကေ့စ်ပဲ"

နောက်တစ်ကုတင်သို့ ကူးပြောင်းသွားကြပြန်၏။

ကလေးက . . .

"ချိုချဉ်စားမယ် . . . ချိုချဉ်စားမယ်"

. . . ဟု ပြောင်းအော်ကျန်ခဲ့သည်။

ရန်ကုန်ဆေးရုံကြီးသို့အကူး . . . အမှတ်(၁၂)၏ ခရီးသည်တွေကြား က မီးပွိုင့်တစ်ခုထဲ လာဆုံသည့် ကိုရိုလာတစ်စီးထဲသို့ ငုံ့ကြည့်မိ၏။ ကား နောက်ခန်းထဲက မျက်မှန်နက်တပ် ပုဂ္ဂိုလ်သည် ကားထဲကမတ်တပ်တွေ သူ့ကိုကြည့်ငေးနေမှန်း မသိရှာပေ . . . 'တိုင်း' မဂ္ဂဇင်းတစ်နေရာက အင်္ဂ လိုယ်ကျွတ်ဖြင့်' ကလေးငယ်ပုံပါဆောင်းပါးကို အလွန်တရေးကြီးသော



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာဖြင့် ဖတ်နေသည်။ ကမ္ဘာ့ဗွာန်းရုပ် အသေးစားလေး၏ မျက်လုံးလေးများက ထူးခြားစွာကြီးမားလို့နေသည်။ မီးစိမ်းသွားပြီ။ တစ်ခြမ်းစောင်းကားဆောင့်ထွက်သွားသည်။ လူတွေ ယိမ်းယိုင်ကုန်သည်။ တကယ်ထရက် တိုက်ပုံ၊ ယောပုဆိုး၊ သားရေအိတ်ပြားဖြင့် သားသားနားနားတစ်ယောက်က တို့တွေဘက်ကို များများပိုယိုင်လိုက်သည်။

"ဆောရီး . . ."

စပ်ဖြီးဖြီးဆိုသည်။ စိတ်ထဲက . . .

"ဖြစ်ပြီးရင် ပျက်တာပဲ . . . မြင်မြင်သမျှ ဖြစ်ပျက်တွေချည်းပါပဲ၊ ဖြစ်ပျက်ဖြစ်ပျက်"

. . . ဟု မှတ်နေလိုက်သည်။

❖ ❖ ❖

ဒီတစ်ပိုက်မှာ သာယာချမ်းငြိမ်းသည်။

အိမ်လို မေတ္တာရိပ်ဖြင့်လည်း နွေးထွေးလျက် . . .

ကြေးစည်သံလေး သာယာစွာထွက်ပေါ်နေသည်။ ကြားသာရုံ တိုးတိုးညင်ညင်လေး။ ကြည်ညိုဖွယ် တရားဓမ္မသံကပါ လိုက်ပါလာသည်။ တရားသံသည် စာအုပ်ထူတစ်အုပ်ရှယ် . . . ကက်ဆက်လေးမှ ကြည်မြစွာထွက်ပေါ်နေသည်။ လူနာသည် ကုတင်ထက်တွင် မိန်းမောမျောနေသည်။ အသက်ခြောက်ဆယ့်ငါးနှစ်ရှယ် အဖိုးအို . . .

ကုတင်ကို ဝိုင်းလျက် . . . အမျိုးသား၊ အမျိုးသမီးကြီးများ ညိုးလျှစွာ ရပ်နေသည်။ အထူးသူနာပြုဆရာမက လူနာ၏နဖူးသို့ တယုတယ ပုဝါဖြင့် တို့သုတ်လေသည်။ အဖိုးအို၏ ကယောင်ကတမ်းလှုပ်ရှားနေသော လက်များကို အမျိုးသမီးကြီးက လက်အုပ်သဏ္ဍာန်ချီပေးနေသည်။ အမျိုးသားကြီးက ဆင်စွယ်ပုတီးတစ်ကုံးကို ထိုလက်အုပ်တွင် အသာအယာတင်


www.burmeseclassic.com

www.burmeseclassic.com


ပေးသည်။ ကက်ဆက်မှ ကြေးစည်သံလွဲလွဲ ထွက်ပေါ်လာပြန်၏။ အမျိုးသမီးကြီးတစ်ဦးက ပုဝါဖြူဖြင့် မျက်လုံးအိမ်သို့တို့သည်။

"ရွှေတိဂုံစေတီတော်ကြီးကို အာရုံပြုပြီးဖူးပါ ဒက်ဒီ . . .တရားလည်း နာပါ"

ညင်သာသိမ်မွေ့သော အသံဖြင့် ဆိုရှာသည်။

အဖိုးအိုက လက်အုပ်ချီနေသည်။ တငြိမ့်ငြိမ့်စီးဝင်နေသော တရားသံတွင် အာရုံဝင်စားမိသည်လား။ 'ဘုရား ဘုရား ဘုရား' ဟု နှုတ်ခမ်းလှုပ်ရုံ ရေရွတ်လိုက်လေသည်။ မိန်းမောသွားပြန်၏။

တရားမွေ့သံက တရံမလပ် ထွက်ပေါ်လာနေမြဲ . . .

တရားရိပ်၊ မွေ့ရိပ်ဖြင့် ဒီကုတင်တစ်နေရာဝယ် ကွက်ကွက်ကလေး အေးမြလို့နေသည်။

လူနာဆောင်၏ ဒီမှာဘက်စွန်းက တစ်ကုတင်တွင်လည်း အဖိုးအိုတစ်ဦး လဲလျောင်းနေသည်။ မိန်းမော မှောမနေ . . . သို့သော် ငြိမ်သက်တိတ်ဆိတ်နေသည်။ အသားအရည်ခြောက်ခန်းလျက် . . . ပါးရိုးငေါ်များပေါ်လွင်နေသည်။ မျက်လုံးများက အမိုးပွာယ်ကင်းမဲ့စွာ တစ်နေရာရာသို့ စိုက်ငေးနေတတ်သည်။ ကုတင်ဘေး သမာန်တလင်းပြင်ပေါ်တွင် ထိုင်ကာ ကုတင်ပေါ် မေးတင်ထားသော . . . အဖွားအိုကိုလည်း ဂရုမပြု . . .ကုတင်ခြေရင်းမှာ ရပ်နေကြသော တို့တွေကိုလည်း မကြည့် . . . ငေးစိုက်ချင်ရာ ငေးစိုက်နေသည်။ မွဲလိမ်ခြောက်ကပ်သော ခြေထောက်တစ်စုံက ချည်ကြမ်းပုဆိုး ရှန့်ရှန့်ရွဲ့ရွဲ့အောက်က ထွက်ပေါ်နေသည်။ ဆေးရုံစောင်ပါးက ကုတင်ခြေရင်းဆီမှာ တွန့်လိပ်နေသည်။ ပင်နီတိုက်ပုံ မဲညစ်ညစ်အောက်မှာ အကျီမပါ၊ တစ်ရံထဲသော တာယာဖိနပ်ဟောင်းက ဆေးရုံကြမ်းပြင်မှာ ချွတ်ထားသည်။ အဖွားအိုမှာ ဖိနပ်မမြင်ရ။ အဖွားအို၏ ပိန်လှီသေးငယ်သော လက်ချောင်းများက အဖိုးအို၏လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ထားသည်။ ချိုင့်လွတ် ပိန်ပိန်လိန်လိန်လေးတစ်ခု စင်လေးပေါ်မှာ . . .


www.burmeseclassic.com

www.burmeseclassic.com


"သူ့အလုံးက ဘာဖြစ်တာတဲ့တုန်း"

အဖွားအိုက အသံတုန်တုန်ရီရီဖြင့် . . . လှမ်းမေးသည်။ မရွံ့မရဲ မသိရဲသည့်စိတ်ကို အားတင်း၊ မေးရပာန်ဖြင့် အဖွား၏မျက်နှာက ပြိုးပြိုးမှဲ့မှဲ့။ တို့တွေကို အားကိုးတကြီးမော်ကြည့်နေသည်။ မချိုက ဝရံတာသို့ငေးနေသည်။ သစ်သစ်က ဆေးရုံမျက်နှာကျက်သို့ မော်ကြည့်သည်။ အေးနှင့်ထားက ဆေးရုံကြမ်းပြင်သို့ . . . တို့မျက်လုံးက အဝေးဆီမှာ . . .

မဖြေလိုကြဘဲ အဖွား၏မျက်လုံးအကြည့်ကို ရှောင်လွှဲနေမိကြသည်။

"လေ . . . လေလုံးများလားဟင်"

အဖွားအိုက မေးပြန်သည်။ မဖြေလို့ မဖြစ်တော့လျှင် . . . လူမှုရေးအကျွမ်းကျင်ဆုံး မချိုက စကားအထစ်ထစ်ဖြင့် ဖြေသည်။

"လေလုံးတော့ မဟုတ်ဘူးအဖွား . . . ဟို . . . အသား အသားလုံးတို့ ဆိုရမှာပေါ့၊ သူ့ဟာသူ ဖြစ်လာတာလေ"

အဖွားအိုမျက်နှာ ညှိုးငယ်သွားသည်။ သမာန်တလင်းပြင်မှာ ဆောင့်ကြောင့်ပြင်ထိုင်ရင်း . . . အဖိုးအိုမျက်နှာကို အငေးသားကြည့်နေသည်။ မျက်ရည်လည်လာသည်။ မော်ကြည့်ပြန်လျက် . . .

"အသားလုံးဆိုတော့ . . . သိပ်တော့ မလွယ်ဘူးပေါ့နော်"

မျှော်လင့်ချက်လေးဖြင့် မေးပြန်သည်။ ဒီတစ်ခါလည်း ဘယ်သူမှ မဖြေဖြစ်ကြ . . .

"ဒီနှစ်ယောက်ထဲနေရတာ . . . သမီးတစ်ယောက်တော့ရှိတယ်၊ သူ့အိမ်ထောင်နဲ့သူမှ အနိုင်နိုင်ပါပဲ . . . မြေးကလေးနှစ်ယောက်တောင် ခေါ်ကျွေးထားရသေးတယ်၊ အဖွားက အနှိပ်နှိပ်တယ်၊ သူက အုန်းတံမြက်စည်း စည်းတယ်"

အဖွားအိုက မျက်ရည်စကို အင်္ကျီလက်ဖျားအနားစုတ်နှင့် သုတ်ပေသည်။ အဖိုးအိုက အဖွားအို မျက်ရည်ကျသည်ကိုလည်း မကြည့် . . . လှုပ်မရှား . . . နောက်ကျနေသော တစ်စုံတစ်ရာကို စောင့်မျှော်နေရပာန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စိတ်တိုတောင်းရိပ်ထင်နေသည်။

အမေအိုရဲ့ ကိုးကွယ်ရာမဲ့ ငိုရှိုက်သံက သဲ့သဲ့ထွက်ပေါ်လာနေသည်။

မချိုက ငေးငိုင်သည်။ ထားက မျက်တောင်တဖျတ်ဖျတ်ခတ်သည်။ တို့မျက်လုံးတွေက ဟိုးအဝေးလှမ်းဖူးမြင်နေရသော ရွှေတိဂုံစေတီဆီမှာ ဆုတောင်းချင်နေမိသည်။

ဘာကိုလဲ . . . ရေရေလည်လည်မှု ဘုရားရှင်သို့ မလျှောက်ထား တတ်တော့ပါကလား . . .

❖❖❖ * ❖❖❖


www.burmeseclassic.com

www.burmeseclassic.com



## စိတ်သီအိမ်မက်

မိုးမှောင်ကျသော မိုးညတစ်ညတွင်ဖြစ်သည်။ မိုးသက်လေ တဟူးဟူးတိုက်နေခိုက် . . . ခန်းဆီးစများ ပရမ်းပတာလွင့်ပါးနေသော ပြတင်းအနီး စာရေးခုံတွင် သူသည်ထိုင်နေ၏။ တစ်စုံတစ်ခုသို့ သဲသဲမဲမဲအာရုံစိုက်နေသည်လည်း ဖြစ်၏။ အမြွတ်တော်ကြေး တွက်သည်လား။ ဆေးကုခဘီလ် လူနာများထံသို့ပို့ရန် တွက်သည်လားမသိ . . . ထိုစဉ် လူခေါ်ခေါင်းလောင်းသံ ခပ်ဖျော့ဖျော့ကိုကြားရသည်။ မဝံ့မရဲသံမျိုး . . .

သူသည် အိမ်ရှေ့ခန်းမှ သော့အထပ်ထပ်ခတ်ထားသော တံခါးများကို တစ်ချပ်ချင်းဆွဲဖွင့်လိုက်၏။ ဒီတွင် ညဥ္စအမှောင်ထုအောက်၌ လူမွဲတစ်ယောက်ကို ရပ်လျက်တွေ့ရ၏။ မိုးရေတို့သည် ထိုသူ့ကိုယ်ပေါ်မှ တစ်စက်တစ်စက်ကျလက်ရှိ၏။ အဝတ်အစားကြောင့်လော . . . မျက်နှာသွင်ပြင်သိမ်ငယ်မှုကြောင့်လော မသိ . . . သူ၏ ဆင်းရဲမွဲတေလှသော အဆင့်အတန်းမှာ သိသာလှ၏။ လူမွဲသည် သူ့ကိုတွေ့လိုက်သည်နှင့် တတွတ်တွတ်စကားတွေဆိုသည်။ အားလုံးရောထွေး ပြောနေ၏။ ပိုက်ဆံမရှိတာလည်းပါ၏။ ကလေးအမေ နေမကောင်းတာလည်းပါ၏။ ဆင်းရဲတာကိုလည်းပြောပြန်သည်။ သူသည် ခေတ္တမျှနားထောင်လျက် အိမ်ထဲသို့ပြန်ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူပြန်ထွက်သွားတော့ သူနှင့်အတူပါနေကျ ဆေးအိတ်ကိုဆွဲလာခဲ့သည်။

"ကဲ . . . သွားရအောင်" ဟု သူကပင် ရှေ့ဆောင်ထွက်ခဲ့သည်။ မိုးလေထဲတွင် သူတို့သည် ခြံကြိုခြံကြား၊ လမ်းမြောင်လမ်းကြားလေးတစ်ခုတွင် ရှိသည့် ကရော်ကမယ်ကဲငယ်လေးတစ်ခုသို့ ရောက်ရှိလာ၏။ သူ၏ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ခြောက်နှစ်၊ ခုနစ်နှစ်ရွယ် ကလေးငယ်ကို ပွေ့ပိုက်လျက် . . . အိပ်ငိုက်နေသော မိန်းမတစ်ဦးကို တွေ့ရသည်။ ထိုမိန်းမသည် သူ့ကို ဖျက်ကနဲမျက်လုံးဖွင့်ကြည့်ကာ ကြည့်နေရှာလေသည်။ အလင်းရောင်သည် တဲအတွင်း၌ ဝေ့ဝိုက်ကာ ခေတ္တမျှဖြာကျသွားစဉ် အဝတ်အစားမရှိ၊ အခင်းအခြုံမရှိ၊ ပိုးလိုးပက်လက် အိပ်ပျော်နေသော ကလေးငယ်နှစ်ဦးကို တွေ့ရပြန်၏။ တစ်ယောက်၏လက်တစ်ဖက်က အခြားတစ်ယောက်၏ လည်ပင်းထက်တွင် တင်လျက်ရှိနေသည်။ မြေအိုးငယ်တစ်လုံးသည်လည်း ကလေးငယ်နှစ်ယောက်၏ ခြေရင်းတွင် ဆော့ကန်မိဟန်ဖြင့် မှောက်လျက်ရှိနေ၏။ ပြင်းထန်သော မိုးသက်လေကြားတွင် တဲငယ်သည် လှုပ်ယမ်းလျက်ရှိသည်။ ပက်သွင်းသောမိုးရေကြောင့်ပင်လား . . . သူ့ကိုယ်တွင်လည်း မိုးရေတို့ဖြင့် ထိပါးစိုရွှဲစ ပြုလာခဲ့ပေပြီ။ သူသည် သူ့ဆေးအိတ်ကို အလျင်အမြန်ပြင်လေသည်။ ကြုံလှီနေသော မိခင်မှာ အာဟာရချို့တဲ့လျက် . . . ရောဂါပိုးပေါင်းစုံတို့၏ သောင်းကျန်းမှုအောက်တွင် အားအင်ဖျော့တော့ နွမ်းပါး၍ပင် နေပေပြီ။ ကလေး အာဟာရမပြည့်စုံသည့်အထဲ ဝမ်းလျှော၊ ဝမ်းပျက်၊ ကျောက်ကပ်ယောင်တို့ ထပ်ဆင့်လျက် အသက်မီးစာပင် ကုန်လုလု . . . သို့သော် သူသည် ဆရာဝန်တစ်ယောက်အနေဖြင့် ကူညီနိုင်သမျှကို အစွမ်းကုန်ကြိုးစားကူညီလိုက်သည်။ သူ တာဝန်ကျေပေမယ့် ဆရာဝန်မကယ်နိုင်သော အခြေအနေမျိုးဟု သိနေမိပြီ။ သူပြန်ရန်ပြင်သည့်အခါ ထိုယောက်ျားသည် မျက်ရည်လည်ဝိုင်းလျက် ကျေးဇူးစကားဆိုရှာသည်။ သူ့အဖို့ ထိရောက်စွာအကူအညီမပေးနိုင်ခဲ့သည်ကို သူတို့မသိရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြပေ . . . သို့သော် သူတို့၏စိတ်ဓာတ်ကို ကုစားပေးရာတော့ ရောက်ပါသည်ဟု ထင်မိသည်။ ဆရာဝန်သည် သူတို့ကျန်းမာရေးအတွက် အချိန်မရွေး အသင့်ရှိနေကြောင်း ပေါ်လွင်ပါသည်ဟု ထင်မိသည်။ ထိုစဉ် သူဆင်းရဲမိန်းမသည် ထရံကြားမှ တစ်စုံတစ်ခုကိုနှိုက်ယူလျက် သူ့ထံသို့ ရိုကျိုးစွာ လက်လှမ်းပေးလေသည်။ ငွေစက္ကူတစ်ရွက် . . . သူသည် ထိုငွေကိုလက်ကာပြလျက် တဲငယ်လေးအတွင်းမှ ထွက်ခဲ့သည်။

ဆရာဝန် တင့်ထွန်းဇော် ရတ်တရက်လန့်နိုးလာသောအခါ တကယ်ဝင် အပြင်ဘက်တွင် မိုးစင်စင်လင်းနေလေပြီ။

သူသည် သူစိမ်းတရံစာ တစ်ဦးပမာ အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုမိ၏။ သူ သူ့အခန်းထဲက ကုတင်ပေါ်တွင် ရှိနေသည့်အဖြစ်ကို မယုံနိုင်သလို ဖြစ်နေသည်။ သို့ပေမယ့် အနည်းငယ် စောင့်ငုံကြည့်ရုံဖြင့် အိပ်ရာဖုံးမှဓာနားရှည်ကို တွေ့နေနိုင်သည်။ သူသည် ကုတင်ပေါ်တွင် ကန့်လန့်ဖြတ်အိပ်ပျော်သွားခဲ့ခြင်း အမှန်ပင် . . . သူ၏ ဖိနပ်တစ်ဖက်၊ မချွတ်ရသေးသော ခြေထောက်များ၊ ကုတင်စောင်းမှ စွန်းထွက်နေသည်။ ရတ်တရက်နိုးလာရသော ဒဏ်ကြောင့်လား မသိ . . . သူသည် မောဟိုက်နေလေသည်။ ဆက်ချောင်းထိပ်ဖျားမှ သွေးကြောလေးများ ဒိတ်ဒိတ်ထိုးနေသည်ကိုပင် သူ ခံစားသိရှိနေရသည်။ နှလုံးခုန် မြန်လှသည်။

ရတ်တရက် . . . ထလိုက်လျှင် မိုက်မူးတော့မည်မို့ ခေါင်းကို သာသာဖြည်းဖြည်း စောင်းငဲ့ယူရ၏။ တစ်ခန်းလုံး အမြင်ကို စောင်းစောင်းငဲ့ငဲ့မြင်ရသည်။ ကုတင်စောင်းတွင် တင်ရုံလေးတင်နေသော လည်စည်းကြိုးက တန်းလန်းကျနေသည်။ ကုတင်ဘေးစားပွဲတွင် နားကြပ်လေးက သူ့ဘောင်းဘီအိတ်ထဲက ထုတ်ယူချထားသည့်အတိုင်း ခွေနေသည်။ သူ့ကိုယ်သူ ကောင်းစွာမြင်ရအောင် ခေါင်းထူလာနိုင်သည်။ သူသည် မနေ့က ဆေးရုံတာဝန်ချိန်ပြီး၍ ဆေးတိုက်သုံးတိုက်သို့ ဆက်တိုက်လိုက်ထိုင်ခဲ့သည့် အဝတ်အစားနှင့်ပင် ရှိနေသေးသည်။ ထိုညက ညဥ့်တစ်နာရီခွဲခန့်တွင်မှ အိမ်သို့ မောပန်းနွမ်း



www.burmeseclassic.com

www.burmeseclassic.com



နယ်စွာ ပြန်ရောက်လာခဲ့သည်။ လည်စည်းနှင့် ဖိနပ်တစ်ဖက်သာ ချွတ်နိုင်လျက် . . . ကုတင်ထက်တွင် ကန့်လန့်လဲကျ . . . အိပ်မောကျသွားခဲ့ခြင်းပင် . . . သူ၏ ကျန်ဖိနပ်တစ်ဖက်နှင့် ခြေအိတ်များကို ချွတ်လာပေးမည့် အိမ်သူသက်ထားကလည်း အဝေးဆီမှာ . . . သူကဲ့ ဆေးပညာဘွဲ့တစ်ခု ဆွတ်ခူးရန် နိုင်ငံခြားတွင် ရောက်ရှိနေခဲ့သည်။ သူကတော့ ဇနီးသည် အတွက်ပါ အလုပ်ပိုလုပ်ရင်း ကျန်ရစ်လေသည်။ မနက် (၆)နာရီမှစ၍ ဆေးတိုက်ထိုင်၊ နောက်ဆေးရုံသွား၊ ဆေးရုံကအပြန် ဆေးတိုက်ဝင်၊ သူ့မှာ အချိန်ပြည့် နွမ်းလျနေရ၏။ အားလပ်ခွင့်ဟူ၍ သူ့တွင်မမျှော်လင့်နိုင်ပေ။ တစ်ခါတုန်းက သူ့ဆေးရုံမှ မစ္စတာတစ်ဦးနှင့် ဆေးကျောင်းသားတစ်ဦးတို့ စကားရင်းနီးပြောဆိုနေသံ အမှတ်မထင်ကြား ဖူးသည်။

"ဆရာဝန်ဆိုတာ အလိုလိုကမှ ပင်ပန်းပြီးသားပဲ . . . ငွေနောက်ကို တကယ်လိုက်မိပြီဆိုရင်တော့ သူ့မှာ စားချိန် . . . အိပ်ချိန် . . . နားချိန် ဆိုတာ မရှိတော့အောင်ပါပဲ"

မှန်ကန်လှသည်။ သူလည်း ပင်ပန်းလှပေသည်။ သို့သော် ငွေကို အဆီးအတားမရှိ ဝင်လာနေသည်။ ပင်ပန်းမှုကို ငွေနှင့် စက်နေဆဲ။ တစ်ညတွင် ချွေးဖြိုင်ဖြိုင်ကျရသော ဒီအိပ်မက်ကို မက်မိခြင်းပါပဲ . . . အိပ်မက်တို့ ထုံးစံကို ဒီအိပ်မက်က ဆန့်ကျင်နေခဲ့သည်။ လွယ်လွယ်ကူကူ မေ့ပျောက်နိုင်ခြင်းမရှိပေ . . . အဖြစ်အပျက်များက ထင်ရှားလွန်းလှသည်။ သူ့ကို သူ ဆေးကျောင်းသားဘဝက မျှော်မှန်းခဲ့သော ဆရာဝန်အသွင်မျိုးနှင့် အိပ်မက်တွင် တွေ့ရလေသည်။ ရှက်ရွံ့ကြေကွဲခြင်းတို့ဖြင့် သူ တုန်လှုပ်ရသည်။ တစ်စုံတစ်ယောက်ကို တောင်းပန်ဖို့လိုနေသလို ခံစားရသည်။ အချိန်မနှောင်းသေးတန်ပါဘူးဟု စိတ်တစ်ခုကဖျောင်းဖျနေသည်။ အိပ်မက်ထဲတွင် မိုးသဲသဲ၌ ဆင်းရဲသား လူနာနောက်သို့ သူသည် တစ်စုံတစ်ရာမမေးစမ်းဘဲ လိုက်ပါသွားခဲ့သည်။ သူ ဆရာဝန်ပီသခဲ့ပေသည်။ မိုးတွေစိုရွှဲနေသော သူ့အသွင်ကို သူ ပြန်၍မြင်ယောင်နေမိသည်။ သူ၏စိတ်ရင်းမှန်က အိပ်မက်ထဲကလိုပင်

www.burmeseclassic.com



ဖြူစင်ခဲ့သည် မဟုတ်လား။ သူ့ကိုယ်သူ အားလုံး၏ဆရာဝန်၊ ပြည်သူ့ဆရာဝန် အဖြစ်မျိုးနှင့် အိပ်မက်မက်ဖူးခဲ့ပြီ။ ထိုစဉ် ဆရာဝန် တင့်ထွန်းဇော်သည် သူပြုနေကျအတိုင်း ဘောင်ဘီအိတ်အတွင်းသားကို နှိုက်ယူခါလိုက်ရာ ငွေငါးကျပ်တန် နွမ်းနွမ်းတစ်ရွက်က ပျော့ပျော့ခွေခွေ ထွက်ကျလာ၏။

ညနေခင်းက အိမ်တစ်အိမ်မှ အစေအပါးဖြစ်ဟန်တူသော ဇနီးမောင်နှံ ဗိုက်ပူနံကားနှင့် အဖျားတက်နေသော သားငယ်ကို လာပြစဉ်က ယောက်ျားလုပ်သူပေးခဲ့သော ဆေးကုခငွေ . . .

သတ်မှတ်နှုန်းထက် လျော့နည်းသော်လည်း၊ စီးကရက်ဖိုး ရနည်းလားဟု သူ လက်ခံခဲ့သောငွေ . . .

❖ ❖ ❖ ✻ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## စလုံရွက် ဖြူလက်ဝယ်တိုင်ရိုးဆို့

ဖြူပြန်ချိန်ဆိုပါလျှင် ဖြူနှင့် ကောင်လေး ရာဂျူးရဲ့ ခြေသံများက လွဲ၍ တစ်လမ်းလုံး တိတ်ဆိတ်၍ နေတတ်သည်။ မိုးမရွာ လသာသောည များတွင် သစ်ရွက်လေးတွေ၊ စက္ကူစုတ်လေးတွေကတော့ နက်နက်ပြောင် ပြောင် ကတ္တရာလမ်းမပေါ်မှာ ပြေးလွှားလွင့်ကစားလို့ နေတတ်သည်ပေါ့။ ညစဉ် မပျက်ကွက်တတ်သည်ကမူ ဖြူနှင့်အဖော်တစ်ယောက်ရယ်။

ကျောင်းသူဘဝကတော့ ဖြူ့ကိုယ်ဖြူ ညဥ့်မှောင်မှောင်တွင် တောင် ဥက္ကလာပ (၇)အဝါ ကားဂိတ်ဆုံးမှာ၊ ရွှေဂုံတိုင်မီးပွိုင့်မှာ၊ ဆူးလေပန်းခြံတစ် ဝိုက်မှာ ဆယ်နှစ်အရွယ် ကုလားလေး ရာဂျူးသာအဖော်ပါလျက် အိမ်ပြန်ဖို့ ကားရှာနေရလိမ့်မည်ဟု မတွေးမိခဲ့စဖူး။ ကျောင်းပြီးတော့ ရန်ကုန်ရဲ့ညများ က ဖြူ့ကိုစောင့်လင့်ကြိုနေလေသည်။ ဖြူ၏ 'စေတနာဖြူ' ဖွင့်ချိန်က ညနေ ငါးနာရီမှ ညနေရှစ်နာရီခွဲလေ။ ဖြူအိမ်ရောက်ချိန်သည် ညကိုးနာရီခွဲ ဆယ်နာရီမှ အနိုင်နိုင်။ ခရီးက ကွာလှမ်းလှသည်။ ဖြူပြန်သည်က ဒဂုံမြို့နယ် သို့ ဖြစ်၏။ 'စေတနာဖြူ'က မြို့စွန်ကျကျ၊ တောင်ဥက္ကလာပ (၇)အဝါ ဂိတ်ဆုံးနှင့် မနီးမဝေး 'တိုးချဲ့မြင်သာ' ရပ်ကွက်ထဲမှာ ဖြစ်လေသည်။

ဖြူ့အိမ်မှ ရွှေတိဂုံဘုရားခြေရင်းရှိ (၁၀)ကားဂိတ်သို့ လမ်းလျှောက် သွားရသည်။ တစ်ဆယ့်ငါးမိနစ် ခရီး။ နံပါတ် (၁၀)ကားကို တစ်မှတ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်စီးပြီး ဗဟန်းသုံးလမ်းတွင် ဆင်းရသည်။ ထိုမှ နံပါတ် (၇)အဝါကို ဂိတ်ဆုံးတိုင် တက်စီးကာ 'စေတနာဖြူ'ရဲ့ နယ်မြေသို့ ရောက်လေသည်။ (၄)ဝါလိုင်းသိမ်းသည့် ဖြူ ပြန်ချိန်တွင် ဘတ်စ်ကားသုံးဆင့်ခရီးဖြင့် ပြန်ရ တတ်လေသည်။ ဂိတ်ဆုံးမှ နောက်ဆုံးထွက်သည့် မီးမှုန်မှုန်ကားပေါ်သို့ ဖြူနှင့် မမစန်း ဖြစ်စေ၊ ညီမဆွေဖြစ်စေ၊ တက်လာစဉ် . . . ထူးဆန်းသလို အကြည့်ခံရတတ်မြဲ။ ဖြူတို့ညီအစ်မကမူ ဣန္ဒြေမပျက်ရဲခဲ့။

ညစဉ် ပြန်နေကျလာတော့ ရှုံ့ကြောက်မှုတို့ သူတစ်ပါး အထင်အမြင် ဘယ်လိုနေမလဲ လိုက်တွေးနေမှုတို့ မလုပ်နိုင်တော့ချေ။ အပြန်လမ်းကို ကားအဆင်သင့်သလိုဖြင့် ပြန်ရသည်။ တစ်ခါတစ်ရံ (၇)အဝါသိမ်းသည့် လမ်း အတိုင်းလိုက်ပြီး ကမာရွတ်လှည်းတန်းတွင် ဆင်းသည်။ (၇)အဝါ မမီပါလျှင် (၇)အနီစီးလျက် ရွှေဂုံတိုင်တွင်ဆင်းသည့်အခါ ဆင်း၊ ဆူးလေအထိ လိုက်ပါ သည့်အခါ လိုက်ပါရသည်။ တစ်စီးပေါ်က ဆင်းသည်နှင့် နောက်တစ်စီးသို့ အပြေးအလွှားတက်ဖို့ ဖြူ ခြေကုန်သုတ်လေ့ရှိမြဲပင်။ ဖြူနှင့်ဖြူ့အဖော်သည် သည့်အတွက် တိုင်ပင်စရာမလိုဘဲ ခြေလှမ်းညီကြသည်။ ထမင်းဆာခြင်း၊ အိပ်ငိုက်ခြင်းနှင့် ညဥ့်အမှောင်တို့က ဖြူတို့ကို နောက်မှ အတင်းတွန်းပို့နေ ကြလေသည်။ တစ်ည . . . ဖြူ ရွှေဂုံတိုင်မှတ်တိုင်တွင် ဆင်းလိုက်ပြီး၊ နံပါတ်(၇)အနီကားက တော်တော်နှင့် ပြန်မထွက်သေး။ ဖြူ ခြေလှမ်းများ များ မလှမ်းရသေးမီ . . .

"ဒါ . . . ဘယ်သူ့ ပစ္စည်းလေးပါလိမ့်"

စပယ်ယာ လှမ်းပြောလိုက်သံကြားရလို့ လှည့်ကြည့်လိုက်တော့၊ ဟီးနိုးလေးရဲ့ ပြတင်းနားကခုံမှာ အကျအနအိပ်ပျော်နေသော ဂုလားလေး ရာဂျူးကို တွေ့ရသည်။ ဖြူ သူ့ကို မေ့ထားခဲ့မိခြင်းဖြစ်၏။

"ကိုယ့်ပစ္စည်းလေးလည်း ကိုယ် သတိပြုဦးမှပေါ့လေ . . . "

လက်မှတ်ရောင်းရဲ့စကားကြောင့် တစ်ကားလုံးကလည်း ဖြူတို့ကို ကြည့်လျက် ပြုံးစေ့ပြုံးစေ့ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ . . . ရာဂျူး . . . ဆင်းခဲ့လေ၊ မြန်မြန်ဆင်းခဲ့"

ကားနံရံကို ပုတ်နှိုးမှ ရာဂျူးနိုးပြီး . . . ဆင်းလိုက်လာသည်။ ဖြူ ရှက်ရှက်နှင့် သူ့ကိုမဲမိလေသည်။

"နင်ကလည်းနော် . . . အိပ်ပျော်နေရတယ်လို့ပဲ . . . အဖော်လုပ် လာပါတယ်၊ အားမကိုးရတဲ့အပြင်"

"အစ်မကရော ကျွန်တော့်တောင် မခေါ်ဘူး၊ ကားနဲ့ပါသွားရင် မပြန် တတ်ဘူးဗျ . . . ပိုက်ဆံလည်း မပါဘဲနဲ့"

သူကပဲ ဖြူ့ကို အပြစ်တင်နေပြန်ပါသေး၏။ ဖြူ့အိမ်က မလိုက်ပါနိုင် သည့်အခါမျိုးတွင် အဝတ်လိုက်လျှော်သည့်ကုလားမရဲ့သား ရာဂျူးကို တစ် ညလိုက်ခ နှစ်ကျပ်နှုန်းဖြင့် အဖော်ခေါ်ရလေသည်။ ရာဂျူးက သူ့လုပ်အားခ ကို ဒီလို သတိပေးလေ့ရှိ၏။

"အိမ်ကျရမှာပေါ့ဟယ် . . . ကြိုပေးထားရင်လည်း နင်က ကျပျောက် သွားပြီ လုပ်ဦးမှာပဲ . . . ဟော့ . . . ဖြည်းဖြည်း ငါ့ကိုစောင့်ပါဦး . . . ဟိုကလာတာ အမူးသမားတွေထင်တယ်"

ဖြူ့အိမ်ပြန်ချိန်သည် ရေချိန်ကိုက်ချိန်နှင့် ချိန်ကိုက်ဖြစ်နေရပြန်သေး ၏။

သို့ဖြင့်ပင် တစ်ညတာ ဖြူ့အလုပ်စခန်းသည် အပြီးတိုင်ခဲ့ရပြန်တော့ သည်။

❖ ❖ ❖

'စေတနာဖြူ' တည်ရှိရာသို့ (၇)အဝါ ဂိတ်ဆုံးမှ ဆိုက်ကားဖြင့် တစ် ကျပ်ခရီး စီးသွားရသေးသည်။ ထိုမှ ရပ်ကွက်လေးတစ်ခုထဲ ဝင်သွားရသည်။ မိုးတွင်းမှာ ဗွက်ထူရေဝပ်သော ရပ်ကွက်လေး။ ဈေးလေးတစ်ဈေးကို ဖြတ် ကျော်ပြီးမှ 'စေတနာဖြူ'သို့ ရောက်တော့သည်။ ရပ်ကွက်ရဲ့ အစွန်ဆုံးနေရာ တွင် 'စေတနာဖြူ' ရှိသည်။ မျက်နှာချင်းဆိုင်တွင်တော့ လယ်တဲလေးတစ် တဲနှင့် လယ်ကွင်းပြင်သာ။ မြို့ထဲက လယ်ကွက်များပီပီ ရှုခင်းတော့သည်


www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘဲ ခပ်ဝေးဝေးတွင် အဆောက်အအုံတွေ ရှိလို့တွေ့ရသည်။ သေနတ်ပစ်ကွင်း၊ မြင်းသာစုပေါင်းအိမ်ရာများနှင့် ငမိုးရိပ်ချောင်းက လယ်ကွင်းပြင်တွေကို ဘောင်ခတ်ထားပေးသည်။ ရုံးဆင်းချိန် ညနေလေးနာရီရဲ့ ငါးပိသိပ် ငါးချဉ်သိပ် ဘတ်စ်ကားပေါ်က ဆင်းခဲ့ပြီး 'စေတနာဖြူ'တစ်ပိုက်သို့ ရောက်လာလျှင်ပင် လယ်ကွင်းပြင်ကို ဖြတ်သန်းလာသည့် လေပြည်ရနံ့ကို လတ်ဆတ်စွာ ရှူရှိုက်ရမြဲ။ တစ်နေ့လုံး ဆေးထုတ်ရ၊ ဆေးရှာရဖြင့် ပင်ပန်းခဲ့သမျှ 'စေတနာဖြူ'ကို လှမ်းမြင်လိုက်ရစဉ် ဖြူ့ရင်တွင် နွေးထွေးကျွမ်းဝင်သော ခံစားမှုလေးက ဖြစ်ပေါ်လာရမြဲပင်။ အောက်ခံအဖြူတွင် အနီရောင်စာလုံး 'စေတနာဖြူ'ကို ရေးထားလျှက် အပြာရောင် ဘောင်ခတ်ထားသော ဆိုင်းဘုတ်ရိုးရိုးလေးဖြင့် 'စေတနာဖြူ' ပုစွန်တောင်က ရထားသံလမ်းဘေးရှိ 'ဗမာ့အလှ' ပန်းချီရေးဆိုင်လေးတွင် ဖြူကိုယ်တိုင် အရောင်ရွေးလို့ အပ်ခဲ့သည်။ ဖြူ့အမည် 'ဒေါက်တာကြည်ဖြူ' ဆိုင်းဘုတ်အပ်စဉ်က . . . ပိုလို့ ဗရုတ်သုတ်ခ နိုင်သေးသည်။ သစ်သားပြားလေးတစ်ချပ်ကို . . . ခပ်ညံ့ညံ့ ပရိဘောဂဆိုင်မှာဝယ်ကာ အုတ်ကျင်းနားက လမ်းဘေးတဲလေးတစ်တဲမှာ ဝင်အမည်ရေးသည်။ ဆိုင်းဘုတ်လေးနှစ်ခုက သေသပ်ရိုးသားကြပေသည်ဟု ဖြူကတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်လေသည်။ ရန်ကုန်ရဲ့ နေရာအနှံ့အပြားကို 'စေတနာဖြူ'အတွက် . . . တစ်နေရာရှာဖွေရင်း ဖြူလျှောက်ခဲ့သည်က ဆိုင်းဘုတ်လေးများ သက်သေပင်။ ပုစွန်တောင်၊ သာကေတ၊ အုတ်ကျင်း၊ သမိုင်း၊ အင်းစိန်၊ အောင်ဆန်း၊ ဗဟန်း၊ ကမာရွတ်၊ ဥက္ကလာ . . . စသည်ဖြင့်။ အလုပ်မရှိသေးသော သူငယ်ချင်း လတ်နှင့်ဖြူတို့ နှစ်ဦးသားရယ် . . .

နေရာတိုင်းမှာ ကွမ်းယာဆိုင်နှင့်ဆေးခန်းက ဦးနှင့်နေသည်ကို တွေ့ရစဉ် . . . တစ်ရက်တော့ တစ်မြို့လုံးအနှံ့လျှောက်ကြည့်ပြီး ကွမ်းယာဆိုင်နှင့် ဆေးခန်းကို အချိုးချကြည့်ဦးမယ်ဟု လတ်က ရယ်မော၍ဆိုလေသည်။ ကိုယ်ပိုင်ဆေးကုခန်းတစ်ခုဖြစ်ဖို့က နေရာရှာဖွေရသည်ကအစ ခက်ခဲပါဘိခြင်း။ ဖြူကတော့ . . . ကြိုးစားပမ်းစားရှာဖွေလေသည်။ ကိုယ့်ကိုယ်ကိုပဲ အားကိုးပါမှဟု ဖြူ အသိအမြင်ပြောင်းလဲလာခဲ့ပြီမို့လေ။

ကျောင်းဆင်းစကတော့ ကိုယ့်ကိုယ်ကို မယုံမရဲ။ ကိုယ်ပိုင်ဆေးခန်း


www.burmeseclassic.com

www.burmeseclassic.com


တစ်ခုရဲ့ အရင်းအနှီးနဲ့ ဆေးရှာရသောဒုက္ခကို ကြောက်လျှက် . . . ဆရာဝန်မှားမည့်ဆေးခန်းကိုသာ ဖြူလိုက်ရှာဖွေသည်။ ပုဂ္ဂလိကဆေးခန်းများထက် သမဝါယမ ဆေးခန်းများစွာကို ဖြူအားထားလေသည်။ ဖြူတို့ လျှောက်လွှာရေးကာ လိုက်တင်ကြ၏။ လျှောက်လွှာလိုက်တင်စကတော့ ဖြူ ပျော်မိခဲ့သေး၏။ မျှော်လင့်ချက်သည်လည်း အပြည့်။ ကျောင်းပြီးပြီးချင်း၊ ဒီလိုကြော်ငြာဖတ်ကာ၊ ကိုယ်လျှောက်ချင်သည့်နေရာဌာနရွေး၊ လျှောက်လွှာရေးနိုင်သည့် အလုပ်ရဲ့ဂုဏ်ကလည်း အထင်ရောက်ချင်စရာပင် . . .

အဓိကရ မြို့နယ်သမဆေးခန်းကြီးများတွင် လျှောက်လွှာမခေါ်ပါဘဲ လျှောက်လွှာတွေက တစ်ထပ်ကြီးရှိနှင့်နေတတ်သည်။ ရှိနေလျှက်လည်း တစ်ထပ်ကြီးနှင့် 'နောက်ထပ်နှစ်စောင်' ဖြစ်လေအောင် ဖြူနှင့်လတ်တို့ လျှောက်လွှာရေးတင်ကြသည်။ လူတွေ့စစ်ဆေးလျှင် သွား၍ဖြေကြသည်။ ဖြေတိုင်းလည်း သူငယ်ချင်းတွေမျက်နှာကို ကိုယ့်မျက်နှာလိုပဲ နေရာတိုင်းမှာ မြင်တွေ့နေရသည်မို့ ကျောင်းသားဟောင်းများ မိတ်ဆုံပွဲအလားပါပင်။

ဖြူ ကျိုးစားပေမယ့် . . . ဖြူ့ကံကိုက သက်သောင့်သက်သာဖြစ်ဖို့ ပါမလာခဲ့ဘူး ထင်သည်။ ဖြူ့မှာ တစ်ရက်ရဲ့ တစ်ချိန်စာလေးအတွက်ကိုပင် ဘယ်ဆီကမှ ခန့်စာမရရှိခဲ့ချေ။ ကံလှပသူများကျတော့လည်း တစ်မြို့နယ်မကအောင် ရွေးချယ်ခံကြရသည်။ နံနက်နှင့်ညနေခင်း တစ်မြို့နယ်မကအောင် ရွေးချယ်ခံကြရသည်။ နံနက်နှင့်ညနေခင်း အချိန်ကောင်းများချည်းပင် ရတတ်ပေသေးလို့ လူတို့ကံက ကောင်းလှသည်။ ဖြူ့မှာတော့ ကိုယ်ရယ်၊ နာစ့်ရယ်၊ ခုတင်ကြီးရယ်သာ ရှိတတ်သည့် နွေလယ်ခင်း တစ်နာရီကနှစ်နာရီအချိန်ဖြစ်ဖြစ် . . . နှစ်နာရီက သုံးနာရီအချိန်ဖြစ်ဖြစ်ကိုပင် မသိနိုင်ခဲ့။ တစ်မြို့နယ်ထက် မကသော ဆေးခန်းတွေက ဖြူ့ကို ရွေးချယ်ခဲ့သည်ပဲ ထားပါဦးတော့။ တာဝန်ကျေဖို့ မလွယ်လှပါဘူးလေ။ အရေးထဲမှာ ဖြူက ဖြေတွေးလေး တွေးနေမိသေးသည်။ ဖြူ့တာဝန်ကျချိန်များသည် တစ်နေရာမှ တစ်နေရာကူးရင်း ဘတ်စ်တွေပေါ်မှာ ကုန်ဆုံးကုန်တော့မည်သာ။ ဖြူ့တွင် ဒီတစ်မြို့နယ်မှာ ဒီတစ်ချိန်အပြီး၊ နောက်တစ်မြို့နယ် နောက်တစ်ချိန်သို့ ပို့ပေးဖို့ စောင့်ဆိုင်းပေးနေသည့် ယာဉ်တစ်စီးနှင့် တာဝန်ကျသည့်

www.burmeseclassic.com


ယာဉ်မောင်းလေးတစ်ဦးမျှ မရှိပါဘဲ။

နယ်မှအလိုရှိသည့် ကြော်ငြာများသို့ ဖြူတို့စိတ်ဝင်စားသွားကြရပြန်သည်။ သာယာဝတီမြို့နယ်အတွင်းက မြို့လေးတစ်မြို့ရဲ့ သမဆေးခန်းသို့ ဖြူ လျှောက်လွှာရေးတင်သည်။ တစ်ကြိမ်မှာ တစ်စောင်သာရေးပေးသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာအတွက် သက်ဆိုင်ရာလူကြီးများထံသို့ ဖြူ ရောက်သည်မှာ အကြိမ်ကြိမ်မို့ မျက်နှာပူဖို့ဖြင့် ကောင်းလေသည်။ မြို့လေးသို့ လူကိုယ်တိုင်သွားရောက်တွေ့ဆုံ စစ်ဆေးခံပြီး အပယ်ခံရပြီးသောအခါမှ ဖြူ လျှောက်လွှာနောက်ထပ်ရေးဖို့ စိတ်လျှော့ခဲ့ရ၏။

လတ်တစ်ယောက်လည်း . . . မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့သို့ ဆေးခန်းလျှောက်လွှာ သွားတင်ရာက ပြန်ရောက်လာခဲ့သည်။

“သတင်းစာထဲမှာပါတဲ့ လျှောက်လွှာပိတ်ရက်မှတိုင်ခင် ရောက်သွားခဲ့တာပါပဲ . . . ဒါပေမယ့် တို့ရောက်သွားတော့ ရွေးပြီးပါပြီဆိုတာနဲ့ တို့လည်း ပြန်လာခဲ့တော့တယ်”

“လူကြီးတွေက ရိုးရိုးကြီးတွေမို့ အရိုးခံအတိုင်း ပြောလိုက်တာနေမှာပေါ့ လတ်ရယ် . . . မဟုတ်လို့ လျှောက်လွှာဖွေးခဲ့ပါ။ လူတွေ့စစ်ဆေးခံရအောင် ဘယ်နေ့လာခဲ့ပါတွေ လုပ်နေသေးရင် လတ်မှာ မောနေဦးမှာ”

“ဟုတ်တာပဲနော် . . . ”

ဖြူတို့ သတင်းစာမှာကြော်ငြာစောင့်ဖတ်ဖို့ လှိုက်လျှော့မိလိုက်ကြတော့လေသည်။

နောင်မှ ဖြူ ‘စေတနာဖြူ’ကို ဖန်တီးခဲ့လို့ ခြောက်လခန့်အကြာတွင်မှ မြစ်ဝကျွန်းပေါ်ရွာလေးတစ်ရွာက ဖြူ့ထံသို့ လာရောက်ဆက်သွယ်ခဲ့၏။ ကျေးရွာသမဝါယမဆေးခန်း ဆရာဝန်နေရာအတွက်ပင် . . . သတင်းစာထဲက နှစ်ကြိမ်ကြော်ငြာခေါ်ယူခဲ့ပေမယ့် လျှောက်လွှာတစ်စောင်မှ မရရှိခဲ့ပါဆိုသည်။ ဖြူ့တွင် ‘စေတနာဖြူ’သာ ရှိမနေပါက . . . ဝေးခေါင်သည့်အပြင် လေးစာစ်ခုကြောင့် ဖြူကော်တော့ ငြင်းမည်မဟုတ်ပေ။ စိုင်စစ် ခြင်းရှေ့ကို လိုက်ရှာနေသည့် အလုပ်နှင့် အလုပ်လိုက်ရှာနေသည့်ဆရာဝန်တို့ ကိုက်ညီ

www.burmeseclassic.com



ခဲ့ကြပေ၍သာဟု ဖြူ နားလည်ရတော့သည်။

ဘယ်လိုပဲဖြစ်စေ ဖြူ့လျှောက်လွှာများကား ဖြူရဲ့ သမလုပ်ငန်းကို အားပေးလိုသည့် သက်သေအဖြစ် သမဆေးခန်းများစွာတို့တွင် အစဉ်ရှိနေကြမည်ပင် . . . ဖိုင်တွဲတစ်ခုခုထဲမှာ သိမ်းဆည်းထားဖို့ ဖြစ်ဖြစ်လေ . . .

သာကေတရှိ ပုဂ္ဂလိကဆေးခန်းပိုင်ရှင် တစ်ဦးထံမှာ ဖြူအငှားဝင်ဖြစ်ခဲ့လေသည်။ နာမည်ရှိပြီးသား ဆေးခန်းမို့ နေ့စဉ် ဝင်ငွေကတော့ မဆိုးလှချေ။ ပိုင်ရှင်နှင့်ဖြူ အဆင်မပြေဖြစ်ရသည်ကသာ ဆိုးနေသည်။ ဖြူက လူနာစမ်းသပ်လို့မှ မပြီးသေးခင် . . . သူက သူသုံးစေချင်သည့်ထိုးဆေးကို အသင့်စုပ်ထားပေးပြီး ဆေးပြားများကို အိတ်ထဲထည့်ပေးပြီး ဖြစ်နေသည်။ ဖြူ့လိုဆရာဝန်ဖြစ်စလူငယ်တစ်ဦးကို ရှေးကရှိခဲ့ဖူးသော 'နာမည်ကြီးရမ်းကု လက်အောက်ကအမည်ခံ ဆရာဝန်အဖြစ်မျိုး'နှင့်သာ ထားချင်ဟန်တူလေသည်။ ဆေးကို တစ်ဝက်သာထိုးစေတာ . . . ဆေးအရည်မှန်သမျှ ရေရောရောင်းတာ၊ အမြင်လှသလောက် အာနိသင်နည်း၊ ဈေးပေါလှသော ဆေးများကိုသာ သုံးစေတာများကို ဖြူသည်းမခံနိုင်ဖြစ်နေရဆဲ . . . ပေါက်ဖော်ကြီးက ဖြူ့ကို ဝေဖန်လေသည်။

"လူနာသိပ်ကျကုန်တယ် မဖြူ . . . နင်က မျက်နှာထားကြီးနဲ့ လုပ်နေတာကိုး . . . အရင် တို့ဆရာပီတာဆိုရင် . . . သူ့လူနာတွေနဲ့ ဘယ်လောက်အရောဝင်နေလဲ၊ အလုပ်လုပ်တာ ဒီလို ဟန်လုပ်နေလို့မဖြစ်ဘူး"

ဖြူ့ရင်မှာ အောင့်သွားခဲ့ရသည်။ ဆရာဝန် အပြောင်းအလဲတွင် လူနာနည်းသွားသည်ကား အမှန်ပင် . . . ဖြစ်နေကျအဖြစ်မျိုးမို့ ဖြူကတော့ စိုးရိမ်မှုမရှိလှ . . . ပိုင်ရှင်ကမူ ပိုင်ရှင်ပီပီပဲ . . . အခြေအနေကို သည်းခံနိုင်ဟန် မတူချေ။ ပီတာဆိုသော သူ့ဆရာဝန်နှင့်ပြောင်းရွှေ့ခါနီး သုံးလေးရက် တွဲလုပ်ခဲ့ဖူးသည်။

ဖြူ့မှာ သူ့ကုသထုံးကို နည်းနာယူဖို့ထက် . . . သူ့လူမှုဆက်ဆံရေးကိုသာ တအံ့တသြငေးမောခဲ့ရသည်။ ယောက်ျားလေး ရွယ်ရွယ်များနှင့် ပခုံးဖက်၊ ခါးဖက်ရင်းနှီးသည်ထားတော့ . . . မိန်းမကြီးကြီးငယ်ငယ်တို့နှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြားရခက်သောစကားတွေ နောက်ပြောင်ပြီး တသောသောပွဲကျနေကြတာမှု . . . ဖြူ ဝင်ရောနှောလို့မရဘဲ ရှိခဲ့သည်။ ယောကျ်ားဆိုတော့လည်း တင့်တယ်သည်ပဲလား မသိ . . . ကိုပီတာရဲ့ဝသီပဲ ထင်ပါရဲ့လေ . . . ဖြူ့မှာတော့ ဒီလိုဝသီမျိုးက မပါရှိခဲ့။ ပီတာ့လက်ထက်မှာလို လူငယ်လူရွယ်တွေနှင့် ဆရာဝန်နှင့်သဘောကြိုက်ကျကြလျှက် တရှန်းရှန်းစည်ကားစေချင်သော ပိုင်ရှင်ဆန္ဒကိုလည်း ဖြူ မဖြည့်စွမ်းနိုင်ခဲ့ . . . ဖြူနှင့်ထိုဆေးခန်းတို့ လမ်းခွဲခဲ့ရတော့လေသည်။

ဖြူ ဆေးခန်းရှင်တစ်ဦးဦးနှင့် အလုပ်လုပ်ဖို့ စိတ်မကုန်ချင်သေးချေ။ ကမာရွတ် ဘူတာရုံလမ်းက ဆေးခန်းလေးတစ်ခန်းသို့ ကူးခဲ့ပြန်သည်။ ဆရာဝန်တစ်ဦးရဲ့ ဖွင့်စဆေးခန်းလေး . . . ဆေးခန်းဖွင့်၍ မကြာသေး . . . အလုပ်ရလိုက်တော့ ဆရာဝန်နယ်ရောက်သွားရသည်။ အရင်းအနှီးဝင်သောဆေးခန်းကို ညီဖြစ်သူနှင့် လွှဲထားခဲ့သည်။ ညီက ဆေးခန်းကို ဘုမသိဘမသိဖြင့် ဆက်ဖွင့်လေသည်။ ဖြူက သူ့ရဲ့အငှားဆရာဝန်လေ။ ဖြူကိုယ်တိုင်လည်း အပြင်ဆေးဈေးနှုန်းများနဲ့ မကျွမ်းသေး . . . သူကလည်း မသိ၍ပဲလား။ ဖြူ့ကိုအားနာ၍ပေပဲလား မသိ . . . ဖြူပေးခိုင်းသမျှဆေးတွေကို တစ်မယ်မလျော့ရအောင် အကုန်ပေးလေသည်။ ဆေးခန်းရှင်ရဲ့စေတနာက ကောင်းလှပေမယ့် ဖွင့်စလည်းဖြစ် . . . ဝါရင့်ဆေးခန်းများကြားတွင်လည်း ညပ်နေမိခဲ့ပြီး လူနာမဝင်ချေ။ တစ်ည . . . ထို ပူအိုက်လှပြီးအခန်းကျဉ်းလေးထဲမှာ လေးနာရီကြာမျှထိုင်နေရသော နွေတစ်ညတွင် ဖြူတို့ဆေးခန်းအတွင်းသို့ လူနာတစ်ဦးက ဝင်လာလေသည်။ ဆေးတစ်လုံးထိုး၊ သောက်ဆေးပေးပြီး ရသည့်ဆေးကုသခက ခြောက်ကျပ်။ ဒီခြောက်ကျပ်ထဲက ၆၀%ကို ပိုင်ရှင်ရပြီး၊ ၄၀%ကို ဖြူရမည်ဆိုတော့ ဖြူ့အတွက် နှစ်ကျပ်နှင့်ပြားလေးဆယ်။

"ဒေါက်တာ . . . ယူပါ"

ထိုငွေ ခြောက်ကျပ်ကို သူက ဖြူ့ရှေ့တွင်ချပေးသည်။

"မဟုတ်တာ . . . ယူထားလိုက်ပါ"

ဖြူက သူ့ထံသို့ ပြန်တွန်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို အားမနာပါနဲ့ ဒေါက်တာရဲ့"

ငါးကျပ်တန်းတစ်ရွက်နှင့် တစ်ကျပ်တန်တစ်ရွက် . . . ဖြူ့ရှေ့သို့ ရောက်လာပြန်သည်။ ဖြူကလည်း အရောက်မခံဘဲ သူ့ရှေ့သို့သာ ပြန်ပို့သည်။

"ကျွန်မကို အားမနာပါနဲ့ . . . ယူလိုက်ပါ"

ထိုညက ထိုငွေခြောက်ကျပ်ကို ဆေးခန်းစားပွဲအံဆွဲထဲမှာ ဖြူတို့ ထားရစ်ခဲ့ကြသည်။

နောက်တစ်ရက် . . . ညနေခင်းမှစ၍ ဖြူ ထိုဆေးခန်းလေးသို့ အလုပ်မဆင်းဖြစ်ခဲ့တော့ချေ။

❖ ❖ ❖

'စေတနာဖြူ' ကို မိုးသည်းသော ဇူလိုင်လထဲမှာ ဖွင့်ဖြစ်သည်။

ကျောင်းသားဘဝက လွယ်အိတ်တစ်လုံး . . . ထမင်းတစ်ဗူးဖြင့် အိမ်မှ ထွက်ခဲ့ကာ . . . သူငယ်ချင်းများနှင့် အပူအပင်ကင်းမဲ့စွာ နေခဲ့ရသည့် အိပ်မက်သဖွယ်ဘဝမှ နိုးထလာခဲ့ပြီး၊ ဖြူအလုပ်ရဖို့ ဖြူ့ဘာသာဖန်တီးရသည်တွင် စိတ်လှုပ်ရှားပျော်ဖို့တော့ ကောင်းလေသည်။

လမ်းမကြီးပေါ်က အိမ်ခန်းများက အသွားအလာလွယ်ကူပေမယ့် စပေါ်အခန်းခ ကြီးမြင့်လှ၏။ 'စေတနာဖြူ'ကို ရပ်ကွက်ထဲမှာသာ ချောင်ခို လို့ ဖြူထားနိုင်ခဲ့သည်။ နံနက်ခင်း၊ ညနေခင်းမှာ စည်ကားလှသောဈေးလေး ကို ဖြတ်ကျော်လို့သွားရသည်။ ဈေးလမ်းပေမို့ ဟင်းရွက်ပုပ်၊ သားငါးပုပ်၊ ရေအိုင်တွေဖြင့် ပုပ်အဲ့နေတတ်သည်။ ဒီလမ်းကို မိုးသည်းသည်း ခြေချင်းဝတ် မြုပ်ဗွက်ထဲတွင် ဖြတ်သန်းဖို့က မလွယ်ကူပေ။ ဒီလိုနှင့် အသွားအလာလွယ် ကူသော အနီးအနားက 'စေတနာဖြူ'သို့ လူနာတွေစုရုံးရောက်ရှိလာခြင်း ဖြစ်မည်ထင်သည်။ ဖြူတစ်ယောက်ကတော့ ညစဉ်ပင် ဒီဗွက်တောကို ရုန်းရ လေသည်။ 'စေတနာဖြူ'က ဖွင့်စပေမယ့် ကမာရွတ်ဆေးခန်းလောက်တော့ အခြေအနေဆိုးပုံ မရချေ။ ဆိုးဦးတော့လည်း ငွေခြောက်ကျပ်ကို ခွဲဝေယူဖို့ ကြက်အားနာသလို ဖြစ်ရမည့် အခြားသူစိမ်းတစ်ဦး မရှိနေလို့ တော်ပါသေးရဲ့။

www.burmeseclassic.com



စေတနာဖြူက ဒီနားတစ်ဝိုက်တွင် ဆေးခန်းအသစ်ဖြစ်သည်။

အသစ်ဆေးခန်းမှ ဖြူ့ကို အကဲခတ်စုံစမ်းလိုကြလေသည်။

"ဒေါက်တာ ဘယ်နှခုနှစ်က အောင်သလဲ"

ဤသည်မှာ တိုက်ပုံနှင့် . . . မျက်မှန်နှင့် . . . အဝတ်ဖျင်စိမ်းအိတ်လေးကိုင်ဆွဲကာ အလုပ်ကအပြန် ဆေးခန်းဝင်ပုံမျိုးနှင့် ဝင်လာတတ်သူရဲ့ စုံစမ်းပုံ . . .

"ကျွန်မအောင်တာ တစ်နှစ်ကျော်ပါပြီ"

အလုပ်သင်ဆရာဝန် တစ်နှစ်ကိုပါ ဘယ်သူမျှ မသင်ရပါဘဲ ဖြူထည့်ပြောဖြစ်သွားသည်။ ဒါတောင်မှပဲ"

"ဩော် . . . သိပ်မှမကြာသေးဘဲကိုး . . . ကြိုးစား . . . ကြိုးစား"

ဘာကိုကြိုးစားခိုင်းသည် မသိဘဲပြောပြီး . . . နာသွားသည့်တင်ပါးတစ်ဖက်ကို ပွတ်ကာဖြင့် ထွက်သွားလေသည်။

"ဆရာမ နေ့လည်ဘက်ကို ဘယ်ဆေးရုံမှာဂျူတီကျလဲ"

လူရည်လည်ပုံ ရသမျှ . . . ဖြူ့ကို အပေါ်ကနေငုံ့ကြည့်သလို ကြည့်တတ်သော မိန်းမကြီးတစ်ဦးက စစ်ဆေးလေသည်။

ဖြူကလည်း မဆိုင်းမင့် အဖြေပေးလိုက်သည်ပင် . . .

"ကျွန်မ ဘယ်ဆေးရုံမှာမှ အလုပ်မဝင်ရသေးပါဘူး" ဟူ၍။

အလှမ်းဝေးဝေးက ဆေးရုံးတစ်ခုရဲ့အမည် ကောက်ကာငင်ကာ ပြောလိုက်လည်း ဖြစ်ပေမယ့် . . . ဖြူ မလိမ်ညာချင်ပေ။ လိမ်ညာဖို့လည်း မလိုဟု ထင်မိသည်။ ဆေးရုံပြင်ပမှာ ကုသလို့ရသော အာဂန္တုရောဂါတွေအတွက်တော့ ဆရာဝန်ဆိုပါလျှင် ကုသလို့ရသည်ပင် . . . လုပ်သက်ရင့်မှ ဆေးရုံလုပ်သက်ရှိမှ ကုသနိုင်သည့်ရောဂါမျိုးတွေကလည်း ဆေးရုံမှာပဲ တွေ့ရမည်ဖြစ်၏။

"ဆေးရုံမှာ ဂျူတီရှိရင် ဆေးရုံကိစ္စအတွက်လည်း အားကိုးရတာပေါ့"

ဖြူသိပါသည်။

ဖြူ့နောက်ခံတွင် 'အလုပ်' မရှိသေးသည့်အတွက် ဖြူ မျက်နှာငယ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကျတော့လည်း . . .

"ဒီနားမှာ မရောက်ဖူးတဲ့ဆေးခန်း မရှိတော့ဘူး၊ အထူးကုတွေ၊ ပါရဂူတွေဆိုလည်း မပြဖူးတာ မရှိသလောက်ပဲ . . . ဒေါက်တာ့ဆီလည်း နောက်ကောင်းရင် လာမှာပေါ့"

ဖြူ့ပညာနှင့် ကျွမ်းကျင်မှုအပေါ် သံသယသဘောကို ရှင်းရှင်းပင် ဖွင့်ဟတတ်လေသည်။ ကျောင်းတုန်းက တစ်တန်းကို အကြိမ်ကြိမ်ပြန်နေဖြစ်ခဲ့လျှင်လည်း ကောင်းလေသားဟု ဖြူနောင်တရချင်မိလေ၏။ ထိုခံ့ညားဖွယ် အရွယ်အသက်နှင့်ဆိုပါလျှင် ဖြူ့ကိုသံသယရှိသယောင် ဖော်ပြဖို့ လွယ်ကြမည်မဟုတ်ဟု ထင်မိလေ၏။ တစ်ခါတစ်ရံမှု ဖြူ ပြုံးချင်ချင်ဖြစ်ရသည်။

ဖြူ့ထံမှာ ဆေးတစ်လုံးထိုးပါမည့်အရေး ဘယ်နှစ်ခုနှစ်က အောင်သလဲ . . . ဘယ်ဆေးရုံမှာ လုပ်သေးသလဲ . . . မေးမြန်းစုံစမ်းပြီး ဆေးထိုးခံတတ်သူက . . .

"ဒေါက်တာက ကိုယ့်ရပ်ကွက်ထဲလာဖွင့်တော့ ဒေါက်တာ့ဆီလည်း လာတဲ့အခါ လာတာပေါ့၊ ဆရာရင်းတော့လည်း လက်မလွှတ်နိုင်သေးဘူး၊ သူက ဒီနားမှာ ဆေးခန်းတွေမရှိခင်ကတည်းက လှည့်ဆေးထိုးနေတာလေ၊ ဒေါက်တာတို့လို သင်တန်းဆင်းတွေ ဘာတွေတော့ မဟုတ်ဘူးပေါ့ . . . ဒါပေမယ့် အလုပ်မှာတော့ . . . အတော်ကျွမ်းကျင်နေပါပြီ"

"ဒါဖြင့် . . . သူက ရမ်းကုပေါ့နော်"

ဖြူ့ရဲ့ လွှတ်ခနဲအပြောကို လူနာယောက်ျားကြီးက သဘောမတွေ့သလို မျက်နှာညိုသွားလေသည်။

ဖြူ . . . ပြုံးမိရပါသည်။

❖ ❖ ❖

ဆေးခန်းဖွင့်လို့မှ မကြာမီ ဖြူ အရေးကြီးသည်ဟုထင်မထားခဲ့မိသော ကြောင်းခြင်းရာက အရေးပါလို့နေပြန်သည်ကို သိလာရပြန်သည်။

ညနေတိုင်း ဖြူ ဆေးခန်းလာချိန်တွင် ရပ်ကွက်လေးသိပ်က ညနေ



www.burmeseclassic.com

www.burmeseclassic.com



ဈေးလေးမှာ စည်ကားနေတတ်ဆဲ . . . ဈေးဆင်းရဲလေးဖြစ်၍ သားဈေး၊ ငါးဈေးကအစ ချိုလှလေသည်။ ထိုဈေးတန်းလေးတွင် တွင်တွင်ကျယ်ကျယ် ရောင်းရသော ကုန်စုံဆိုင်လေးတစ်ဆိုင် ရှိသည်။ ဆိုင်ရှင်သားအမိက ဆေးခန်း လာရင်း ဈေးဝင်ဝယ်တတ်သည့် ဖြူ့ကို အမြဲနှုတ်ဆက်သည်။ ဖြူကလည်း ပြန်နှုတ်ဆက်သည်ပေ့ါ။ သူ့သားလူရွယ်က ဖြူ့ဆေးခန်းသို့ မကြာခဏ ရောက်လာဖူးလေသည်။ တစ်ခါတစ်ရံ အမေလုပ်သူပါ လိုက်ပါလာတတ် သည်။

ဖြူ တွေ့မြင်နေကျ အဝတ်အစား နွမ်းညစ်ညစ်တွေပေါ်မှာ လက်ဝတ်လက်စားတွေ တွဲရရွဲဝတ်ဆင်လာတတ်သည်။ တစ်ဆင်စာ အပြည့် အစုံ မကချင်ပေ။ များများမရှိဖူးသော ဖြူကတော့ . . . သူ့ကိုယ်ပေါ်က အဝါသည် ရွှေလား၊ ဦးဖိုးချမ်းလား မခွဲခြားတတ် . . . လမ်းမပာတ်ဘဲ ပလွှားစွာ ဝတ်စားလာပုံကိုသာ သတိထားမိနေ၏။ သူ့ပစ္စည်းတွေက ဝါသလို သူ့အသံကလည်း ခပ် ပြာပြာ . . .

"လာရပြန်ပြီ ဆရာမရေ . . . အမေကရှာလိုက် . . . သားက ဆရာမကိုလာပေးလိုက် လုပ်နေတော့တာပဲ . . . နေမကောင်းပြန်ဘူးတဲ့ လေ"

သားလူရွယ်က ဆယ်တန်းကျလား . . . ကိုးတန်းကျလားမသိ။ ပြောတော့ပြောသည်။ ဖြူ မမှတ်မိတော့ပေ . . . အင်္ကျီကိုယ်လုံးပေါ် ကျပ်ကျပ်လေး . . . ပုဆိုး ဒရွတ်သီသီနှင့် ဆံပင်ကရှည်ရှည် . . . မျက်နှာ ပေါက်ကမူ မဆိုးလှ။ ငိုင်တိုင်တိုင်မျက်နှာလေးနှင့် ဆေးခန်းတွင်း ဝင်လာ တတ်သူ . . .

ဖြူ စမ်းသပ်ကြည့်နေစဉ် တစ်ချိန်လုံးလည်း သူ့အမေက တဖွဖွပြော ဆိုနေတတ်သည်။

"ကျွန်မသားလေး ခုတလော အဲသလိုငိုင်တွေတွေနေတာ ဘာဖြစ် နေမှန်းကို မသိဘူး"

ဖြူကလည်း ရောဂါ သေချာရှာဖွေသည်ပင် . . .

"ရောဂါအထွေအထူးမရှိပါဘူး၊ ကောင်းကောင်းစား အနားယူပေး



www.burmeseclassic.com

www.burmeseclassic.com


လိုက်ရင် ကောင်းသွားမှာပါ"

"သူကြည့်ရတာ . . . လူကလည်း ခရီးခရိုင်နဲ့ . . . အားနည်းတယ် ထင်ပါရဲ့ ဆရာမရယ် . . . အားဆေးလေးဖြစ်ဖြစ် ထိုးပေးပါဦး"

ဖြူ အားဆေးထိုးပေးရပြန်၏။ သားက ခပ်ငူငူဖြင့်ပင် ပြန်ထွက်သွားလေသည်။

"အခုငိုင်နေတာ ဆရာမတွေ့တယ်နော် . . . အဲဒါ အိမ်ရောက်ရင် သာပြီးငိုင်သေးတယ်၊ ဆေးခန်းကများပြန်ရင် အခန်းထဲသာ ဝင်အောင်းတော့ တာ"

အမေလုပ်သူက ဖြူ့နားကပ်လျှက် တိုးတိုးလေးပြောသွားလေသည်။

တစ်စတစ်စ ရင်းနှီးလာသလိုရှိလျှင် . . .

"ဟောဒီမှာ ဆရာမရေ . . . ဆရာမကို လုပ်ကျွေးရအောင် လာရပြန် ပြီ၊ ကျွန်မရှာသမျှ ဆရာမဖို့ချည်းသာမှတ်ပေတော့"

ဆေးခန်းဝကပင် အသံကျယ်ကျယ် ဟစ်ဝင်လာတတ်သည်။ သူက ဖြူ့ကိုလည်း သင်ပေးတတ်သည်လေ။

"ဆရာမ သူ့ကိုပြောစမ်းပါဦး၊ ထမင်းမစား ဟင်းမစားနဲ့ . . . ငေးငိုင် နေတာကို . . . သရေစာနဲ့ပဲ အသက်ဆက်နေတာ"

"ဟုတ်တယ် မောင် . . . (သူ့နာမည် ဖြူမေ့ပြီ) ရဲ့၊ သရေစာက အဟာရမဖြစ်ဘူး၊ အဲဒါတွေစားနေရင် ထမင်းစားလို့ ဘယ်ဝင်တော့မလဲ"

"ဟုတ်ကဲ့ ဆရာမ"

သားက . . . ဖြူ့ကို မျက်လုံးလှန်ကြည့်လျှက် ကတိပေးသည်။

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒီလိုမှပေါ့ ဆရာမရဲ့"

ဘာကို . . . ဒီလိုမှပေါ့သည်လည်း ဖြူမသိချေ။

ဒီလိုနှင့်ပင် . . .

"ကုန်ချင်ကုန်ပါစေ . . . ကျွန်မရှိတာ ဒီသားတစ်ယောက်တည်း ဆရာမဖို့ချည်းပဲ"

ဟူသော စကားအထိ . . . လက်ကောက်သံ ချွင်ချွင်ခတ်ရင်းပြောမှ ရိပ်မိသလိုလိုရှိလာရတော့သည်လေ . . . ဒါတောင်မှပဲ ဖြူဆိုသည့်ဖြူက။


www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆံပင်ရှည်ကြီးက ညှဉ်းသိုးသိုးကြီးဖြစ်မနေဘူးလား ဆရာမရဲ့ ဆံပင်တိုတိုညှပ်ဖို့ ပြောစမ်းပါဦး" ဟု တိုးတိုးလေး သင်ထားနှင့်သည်တွင် ယောင်အအဖြင့် . . .

"ဆံပင်ညှပ်ပါဦးကွယ် . . ."ဟု အခြားလူနာတွေရှေ့မှာ ပြောလိုက်မိဖို့ နည်းနည်းလေးလိုလေသည်။ ရိပ်မိတော့လည်း "ဒုက္ခရောက်"ဟု ဖြူ တမိရတော့သည်။ နောက်မှသိလာရသည်က . . .

ဒီရပ်ကွက်ထဲကပဲ ဆိုလား . . . သူ့ရဲ့သူငယ်ချင်းဆိုလား . . . ကောင်လေးတစ်ယောက်နှင့် တစ်ရပ်ကွက်ကျော်တွင် ဆေးခန်းဖွင့်သော ဆရာဝန်မတစ်ယောက် လက်ထပ်သွားဖူးသည်ဟု ဖြူ သိလေသည်။ ဖြူ ခေါင်းအနည်းငယ် ကြီးသွားရလေသည်။

"ကျွန်တော်က လူပျိုကြီး" ဟု ဆေးလာထိုးနေသော လူတစ်ဦးကိုလည်း သတိတရမြင်ယောင်လာသည်။

ဖြူ အပြန်တွင် မှောင်မိုက်နေသည့် ဈေးဆိုင်ခန်းလွတ်တွေပေါ်ထိုင်ကာ ဂစ်တာတီးနေတတ်သည့် လူမည်ကောင်လေးတချို့ . . .

ဖြူ ထိတ်လန့်သွားပုံက သူများကြားလျှင် ပြုံးစရာပင်ဖြစ်မည်လား မသိ . . .

တစ်ညတော့ အိမ်ရှင်အဒေါ်ကြီးတွေနှင့်ဖြူ စကားစပ်မိအောင် ကြိုးစားကာ . . .

"ဖြူ့အမျိုးသားက ရှေ့တန်းရောက်နေတယ်လေ"

ဖြူ ခပ်တည်တည်ပြောလိုက်တော့ . . . အဒေါ်ကြီးနှစ်ယောက်မှာ အံ့အားသင့်သား ရှိကုန်ကြသည်။

"ဟုတ်လား . . . ဘယ်ဘက်ဆီမတုံး . . . ဘယ်လောက်ကြာပြီလဲ"

"ရှေ့တန်းဆိုတော့ ရှေ့တန်းစစ်မျက်နှာမှာပေါ့ ဒေါ်ဒေါ်ရယ်၊ သူတို့က တစ်ခါထွက်ရင် လေးငါးခြောက်လ ကြာတတ်တယ်လေ၊ သူ ခရီး ခဏခဏထွက်ရလို့ ကျွန်မက လိုက်မသွားတာပေါ့"

အဒေါ်ကြီးတွေ ထိုသတင်းကိုကြားသိသွားရပြီး နောက်တစ်ရက်မှာ တစ်ရပ်ကွက်လုံး ပျံ့နှံ့မသွားရမှာ မပူရချေ။



www.burmeseclassic.com

www.burmeseclassic.com


နှောင်းသောအခါ ဖြူ ဆေးခန်းအလာတွင် ဈေးဆိုင်တိုင်တိုမှီလျှက် ငိုင်ငိုင်လေးတွေ့ရတတ်သောသူ့ကို အလုပ်တွေရှုပ်ပွေလျှက်သာ တွေ့တော့လေသည်။

"အဲဒါ အစိတ်သားတိတိပဲ . . . ပြန်ချိန်ကြည့် . . . အသာကြီးပေးထားတာ၊ ဟိုအဒေါ်ကြီး ဒီလိုတစ်ဥ နှစ်ဥ အဆစ်နိုက်နေလို့ . . . ဈေးသည်ကဘာသွားစားမလဲဗျ . . . ပြန်ထည့် . . . ဟော ဆရာမ . . . လာပြီလား"

ကြက်သွန် . . . အာလူး သွက်သွက်လက်လက် ချိန်နေရင်းက ဖြူ့ကို လှမ်းနှုတ်ဆက်လေသည်။

❖ ❖ ❖

လေးငါးလကြာတော့ အိမ်ရှင်ဒေါ်ဒေါ်ရီက အမှတ်တရဖြင့် သတင်းမေးရှာသေးသည်။

"မဖြူ . . . နှင့်အိမ်သား ရွှေ့တန်းကပြန်မရောက်သေးဘူးလား၊ ပြန်ရောက်ရင် ဆေးခန်း တစ်ခေါက်လောက်ခေါ်ခဲ့ပါဦး"

ဖြူကလည်း ဖြေရသည်။

"ရွှေ့တန်းကတော့ပြန်ရောက်ပြီ ဒေါ်ဒေါ် . . . အခု မော်ဘီမှာ သင်တန်းသွားတက်နေရပြန်တယ်လေ . . . သုံးလေးလတော့ ကြာဦးမှာပေါ့"

ဒေါ်ဒေါ်က ခေါင်းတညိတ်ညိတ်နှင့်ပင် နှုတ်ဆိတ်သွားသည်။

နောက်သုံးလေးလအကြာမှာ ဒေါ်ဒေါ်ရီတစ်ယောက် အမှတ်တရမေးဦးမည်ဆိုပါလျှင် ဗထူးသင်တန်း သွားရပြန်သည် ဖြေဖို့ ဖြူ ကြိုတင်ကြံစည်ထားပြီး ဖြစ်၏။

ဒါမှပဲ မမေ့မလျော့ မေးနေပြန်သေးမည်ဆိုလျှင်တော့ ဖြူ သူ့ကို ရွှေ့တန်းသို့ နောက်ထပ်တစ်ခေါက် ထပ်မံပို့လိုက်ရပေဦးမည်။

ညနေခင်းသာ ဆေးခန်းဖွင့်ချိန်ပေမယ့် တစ်နေ့လုံးလို ဖြူ မအားတတ်ပြန်ပေ။ (၃၂)လမ်းတွင် လူနာမှတ်တမ်းအတွက် ရောင်စုံကတ်ထူပြားများ ဝယ်ရသည်။ ဆေးထည့်သည့် ပလတ်စတစ်အိတ်သေးသေးများကုန်ပြန်လျှင် ပလတ်စတစ်ဈေးသို့ ပြေးရပြန်လေသည်။ ဆေးလုလင်းခွံများ


www.burmeseclassic.com

www.burmeseclassic.com



ကို (၂၈)လမ်းတွင်ပြန်သွင်းပြီး ဆေးအရည်ထည့်ဖို့ ဆေးပြီးသား ပင်နီစလင်ပုလင်းခွံများကို ပြန်ဝယ်ရသည်။ ဆေးထုတ်ပေးမည့်ရက်တွင် စောစောသွားကာ စာအုပ်ထပ်ထားရ၏။ ဆေးထုတ်ပြီးသည်နှင့် ဖြူတို့ပြေးရသည်က တစ်ခုသော ဈေးသို့ . . . အသုံးလိုသည့် ဆေးကိုယူလျှက် အသုံးမလိုသော ဆေးကိုပြန်ရောင်းရသည်။ ဆေးခန်းမှာ လိုနေသောဆေးကို ပြန်ဝယ် . . . ဝယ်ပြန်တော့ 'စေတနာဖြူ'ရဲ့ လူနာအင်အားက များများစားစားဝယ်ခွင့်ပြုသည်မဟုတ်လို့ လိုသလို ဆေးတစ်ပုလင်းစ နှစ်ပုလင်းစသာ . . . ဒီလိုနှင့် ညနေအသုံးလိုသောဆေးကို မနက်မှ လိုက်ရှာတတ်သော အကျင့်ဖြစ်လာရလေသည်။

"တစ်လုံးသုံးပြီး ကျန်တာက တော်တော်နဲ့သုံးရဦးမှာမဟုတ်ဘူးတို့ကို Loose (လုံးချင်း)ပဲ ရောင်းပေးပါလား" ဖြူ မခဃပေမယ့် တောင်းပန်ရသည်။ ဒီအခါ ဆေးဆိုင်ရှင် ကိုတရုတ်ရဲ့ . . .

"မဖြူ လိုချင်တယ်ဆိုရင်တော့ ရောင်းပေးရမှာပေါ့" ဟူသော စကားထေ့ထေ့ကိုလည်း မသိချင်ယောင်ဆောင်ရလေသည်။ ဖြူ့ရင်ထဲမတော့ ဒီဆေးထိုးမည့်လူနာ ညကျရင်လာဖို့ ပြောထားတာ . . . လာမှ လာပါ့မလားဟု တထင့်ထင့်နှင့်သာ . . . လာမည်ပြောပြီး လာမယူသူများတွင် ဆေးမှာသူများကိုလည်း ဖြူ စိတ်ညစ်ရပါသေး၏။ ဆရာဝန်ကို ဆေးမှာတတ်ကြသည်။ ဆေးရှာဖွေခိုင်းတတ်မြဲပင် . . . သူတို့မှာသော ဆေးကို ဖြူလိုက်ရှာဝယ်ပြီးသောအခါ . . . လာအယူကို စိုးရိမ်စွာစောင့်ရသည်။ လာမယူဖြစ်သည့်အခါ ထိုဆေးက ဖြူ့ထံတွင် အဖတ်တင်ကျန်ရစ်တော့သည်။ ပါးစပ်မှသာ မှာလိုက်သည့်ဆေးပေကိုး . . . တချို့ကျတော့လည်း လာတော့ယူပါသည်။ ဖြူက ကျသင့်ဈေးနှုန်း ပြောလိုက်သောအခါ . . . "ဒီအပြင်ဈေးကြီးနဲ့တော့ ကျွန်မ ဘယ်ယူနိုင်ပါ့မလဲ၊ ကျွန်မက ဆေးဆိုင်ကဈေးနဲ့ ရမလားလို့ မှာလိုက်တာ"

ခါးခါးသီးသီး ဖြစ်တော့သည်။ ဖြူ့ကိုလည်း မယုံသင်္ကာအကြည့်ဖြင့်ကြည့်လေသည်။

"ကျွန်မတို့ကိုယ်တိုင်တောင် . . . တချို့ဆေးတွေက . . . အပြင်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဈေးနဲ့ ဝယ်သုံးနေရတာပါ”

ဖြူ မောမောနှင့်ရှင်းပြရသည်။ ဖြူ့တွင် ဒီလိုနည်းဖြင့် လူသုံးမများသောဆေးတွေ စုမိလာပေမယ့် . . . ဆေးမှာပြန်သည့်အခါ တာဝန်မယူဘဲ မနေဖြစ်ပြန်။ ‘စေတနာဖြူ’ တွင် ဒီသို့ခေါင်းမာနိုင်သောအင်အားက မရှိပေ။

ဈေးတစ်ဈေးရဲ့ ဆေးဆိုင်တန်းတွင် ဖြူတို့လို ညနေဆေးခန်းဖွင့်မည့် ဆရာဝန်တွေနှင့် ခြေချင်းလိမ်နေသည်။ ရန်ကုန်နယ်နိမိတ်တွင်း ဆေးခန်းများမှာ အောင်မြင်နေသူများက တစ်လစာ . . . အလယ်အလတ်သမားများက တစ်ပတ်စာ . . . ဖြူတို့လို ဖွင့်စသမားများက တစ်ရက် . . . နှစ်ရက်စာ ဆေးရှာကြလေသည်။ ဆရာဝန်များရဲ့ ဆေးဆိုင်များကို လုပ်ကျွေးပွဲကြီးဖြင့် ထိုဈေးတစ်ခုက ဆေးဆိုင်တန်းသည် အမြဲစည်ကားလျက်ရှိသည်သာ။

နေ့လယ်တစ်ရက်တွင် ဖြူလိုချင်သည့်ဆေးအတွက် ဆိုင်မှာထိုင်စောင့်နေရဆဲ ဆိုင်ရှင်က အိတ်ကြီးအိတ်ငယ်ထဲသို့ စာရင်းကိုကြည့်ကာ ဆေးတွေထည့်နေလေသည်။ ဈေးအခေါ်အရ ဒီလိုဆေးအမှာတန်ဖိုး များများရသည်ကို အော်ဒါရသည်ဟူ၏။ အောင်မြင်နေသည့် နယ်ဆေးခန်းများမှ ဒီလိုအော်ဒါမျိုး ရတတ်လေသည်။ ဖြူတို့နှင့် အတန်းတူသူငယ်ချင်းများထဲမှ ထူးထူးခြားခြားအောင်မြင်နေသော တချို့တလေသတင်းကို ဖြူကြားရသည်။ ရိုးသားစွာကြိုးစားသမျှ အောင်မြင်သံများလည်း ကြားရသည်တွင် အားကျဖွယ်ပင် . . . အဆုံးတော့ ကံပါပဲလေ ဒီလိုပဲတစ်ကျောင်းတည်းထွက်ခဲ့ပြီး အကျိုးပေးကွာသွားတာ အဖြစ်က ဘယ်ကျောင်းထွက်တွေမှာပဲဖြစ်ဖြစ် ရှိနေတတ်မြဲပါပဲလေ။ ဖြူသည် ထွေထွေရာရာ စိတ်ရောက်ရင်း ဆိုင်ရှင်အားမည့်အချိန်ကို စောင့်နေရလေ၏။ သူ့စာရင်းကို ဖြူလှမ်းမြင်နေလို့ ကြည့်လိုက်မိရာက သေသေချာချာဖတ်ဖြစ်သွားလေသည်။

ဘားပလက် ထိုးဆေး . . .

ကာထမိုက် . . .

အနက်ဂျဆင် . . .

ဘီတွဲ . . . စသည်ဖြင့် . . .

အင်္ဂလိပ်ဆေးအမည်များကို မြန်မာအသံထွက် ထွက်ချင်သလိုထွက်



www.burmeseclassic.com

www.burmeseclassic.com



ရေးထားပေရာ ဖြူ့စိတ်ထဲမှာ ဆန်းသွားရလေသည်။ စာရင်းကရှည်လျားပြီး ဆေးအမည်တစ်မျိုးစီအတွက် လိုချင်သည့်အရေအတွက်ကလည်း များလှသည်။ ဖြူ စဉ်းစားနေမိဆဲ . . . ဆေးမှာထားသူများ ရောက်လာသည်။ လက်ဝတ်လက်စား အတုံးအတစ်နှင့် တောနယ်ကမှန်း သိသာသောမိန်းမကြီးတစ်ယောက် . . . သူ့နောက်က ဆေးအိပ်ထမ်းလာသည့် လူခပ်ရွယ်ရွယ်က နှစ်ယောက် . . .

"ပြီးပလားဟေ့"

"ပြီးပါပြီ . . . ပြီးပါပြီ"

ဆိုင်ရှင်က ပျာပျာသလဲထုပ်ပိုးထည့်သိုပေးသည်။ ဘောက်ချာရှင်းတော့ ဆေးဖိုးက ဂဏာန်းငါးလုံးနီးပါးမျှ။ ဖြူ တောသူဌေးမကြီးကို ငေးကြည့်နေမိ၏။ သူ့ပါးစပ်ကရွတ်သော ဆေးအမည်များမှာလည်း ဆေးခန်းပိုင်ရှင်ပေလား။ ဒါမှမဟုတ် သားသမီးက ဆရာဝန်တွေများလား။ ဖြူ တွေးကြည့်နေမိလေသည်။ သူတို့ထွက်သွားမှ ဆေးဆိုင်ရှင်က ချီးမွမ်းကြည့်ဖြင့် လိုက်ကြည့်လျက် . . .

"မြောင်းမြနားက ရွာတစ်ရွာက တောဆရာလေ . . . အဲဒါ သူ့မိန်းမပေါ့။ ရမ်းကု . . . ရမ်းကု . . . သိပ်အောင်မြင်ကြတာ"

တိုးတိုးပြောသည်။

ဖြူ့မှာ ပြုံးရမလို . . . မဲ့ရမလို ဖြစ်သွားရလေသည်။

❖ ❖ ❖

တောင်ဥက္ကလာပတွင် ကိုယ်ပိုင်ဆေးကုခန်းလေးတွေ များစွာရှိ၏။ စေတာဖြူ့ရဲ့ ဝန်းကျင်မှာလည်း ဆေးခန်းတွေရှိသည်သာ . . . လမ်းမကြီးပေါ်တက်ခဲ့လျှင် ဆေးခန်းတွေသုံးလေးခု . . . ဖြူ့လိုပဲ ရပ်ကွက်ထဲမှာဖွင့်ထားသည့် ဆေးခန်းလေးတွေ ရှိဦးမည်။ မမြင်လွယ်၍သာ ရှိမည်မှာ . . . လူနာဆိုသည်ကလည်း အလှည့်သင့်ရာဆေးခန်းသို့ ဝင်တတ်ကြသည်သာ။ ထိုအခါ သူတို့သွားဖူးသော ဆေးခန်းရဲ့အကြောင်းကို ဒီဆေးခန်းမှာပြန်လည်



www.burmeseclassic.com

www.burmeseclassic.com


၍ ဖောက်သည်ချတတ်မြဲ . . . ချီးမွမ်းသည်လည်း ပါ၏။ ကဲ့ရဲ့စကားတင်း ဆိုသည်လည်းပါမြဲပင် . . .

"ဟိုဆေးခန်းမှာ သုံးရက်ထိုးခဲ့တာ . . . ရှင်းရှင်းမပျောက်ချင်ဘူး၊ ဒေါက်တာ့ဆီရောက်မှပဲ ရှင်းရှင်းပျောက်တော့တယ်"

"အဲဒီဆေးခန်းမှာ ကျွန်မဆေးထိုးတာ . . . တင်ပါးမှာအနာဖြစ်သွား ကတည်းက နောက် ဘယ်တော့မှ မသွားတော့ဘူး"

ဖြူက ပြေရာပြေကြောင်းရှင်းလင်းပြောပြဖို့ အလိုလိုအကျင့်ပါနေခဲ့ သည်။

"တချို့ရောဂါက ဆေးပတ်လည်မှလည်း ပျောက်တာမျိုးရှိပါတယ်၊ စကားပုံတစ်ခုတောင် ရှိသေးတာပဲ . . . ကံမကောင်းတဲ့ဆရာဝန်တွေဟာ ရောဂါရဲ့ဦးခေါင်းပိုင်းကို ကုရပြီး ကံကောင်းတဲ့ဆရာဝန်များကတော့ ရောဂါ ရဲ့အမြီးပိုင်းကို ကုရတတ်တယ်ဆိုတာလေ"

ဖြူ ဒီလိုရှင်းပြနေခြင်းက ဖြူတို့ရွက်ဆို၍ ဘွဲ့ယူခဲ့ရသော ဟစ်ပိုကရေး တီးရဲ့ ပဋိညာဉ်ပါ 'ဆေးဆရာများ၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး အကျင့် စာရိတ္တပျက်ပြားမှုမှ ရှောင်ကြဉ်ပါအံ့' ဟူသောကတိစကားကို လိုက်နာစောင့် ထိန်းနေခြင်းသာ မဟုတ်ပေ . . . ဆေးပညာထွန်းကာစ ခေတ်ဆီက ဆေး သမားအချင်းချင်း ကောင်းမွန်သောယှဉ်ပြိုင်ခြင်းအပြင် အချင်းချင်းပုတ်ခတ် နှိမ်ချခြင်း စသည့်မကောင်းသော ယှဉ်ပြိုင်ခြင်းတွေပါ . . . ပါဝင်လာသော ကြောင့် ဆေးပညာရဲ့ဖခင်ကြီးဖြစ်သော ဟစ်ပိုကရေးတီးက 'ဆေးသမား တို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါမည်' ဟူသော ပဋိညာဉ်စကားကို သတ် မှတ်ခဲ့လျက် ဆေးသမားအားလုံးကို ကတိထားစေခဲ့သည်ဟု ဖြူ ကြားမှတ် ခဲ့ရဖူးလေသည်။ ထိုကတိစကားကို ဖြူ စောင့်ထိန်းနေခြင်းသက်သက်သာ မဟုတ်ပေ . . . ဆရာဝန်အလုပ် 'ဆေးခန်းဖွင့်သောအလုပ်' ကို 'စီးပွားရေး လုပ်ငန်း'တစ်ခုသဖွယ် ဖြူ သတ်မှတ်လက်ခံမထားနိုင်ခဲ့၍ပင် . . . စီးပွား ပြိုင်ဖက်ချင်းလို တစ်ဦးနှင့်တစ်ဦး လက်သီးပုန်းထိုးဖို့လည်း မရှိ . . . ပွင့် ပွင့်လင်းလင်းချဲ့ဖို့လည်းမရှိဟု ဖြူ မှတ်ယူထားမိလေသည်။

မိုးမှောင်ကျသောညများကို မိုးရာသီတွင် ဖြူရှောင်လွှဲ၍မရပေ။ မိုးက


www.burmeseclassic.com

www.burmeseclassic.com


လည်း သဲသဲမဲမဲရွာချလာ . . . ဖြူနှင့်လိုက်ပါလာခဲ့သည့် အဖော်သည်လည်း မေမေ (သို့မဟုတ်) မောင်လေးမဟုတ်ခဲ့လျှင် ဖြူအားငယ်သလိုရှိလာမြဲ။ တစ်ည ဖြူနှင့်ဖြူ့ညီမလေးတို့ အိမ်ပြန်ဖို့ မိုးအစဲကိုစောင့်နေကြသည်။ မိုးကလည်း သစ်ပင်တွေရိုက်ခတ်ပြိုလဲအောင် လေပါပါလျှက် သဲသဲမဲမဲရွာနေလေသည်။ အိမ်ရှင်အဒေါ်တို့ဆီလာသော ဧည့်သည်မိန်းမကြီးတစ်ဦးလည်း မိုးကိုစောင့်နေသည်။ ဖြူတို့ညီအစ်မကို မကြာခဏ အကဲခတ်ကြည့်ကြည့်လေသည်။

"ဘယ်အထိ ပြန်ကြရမှာလဲ"

"ပြည်လမ်းကိုပါ"

သူသိလွယ်မည်ထင်သည့် အနီးဆုံးနေရာကို ဖြူဖြေလိုက်သည်။

"ဩော် . . . အဝေးကြီးပါလား၊ ဒီလိုပဲ ပြန်နေကျလား"

'ဟုတ်ကဲ့' အပြင် ဖြူ့မှာ ဖြေစရာမှမရှိ . . .

မိန်းမကြီးက စုတ်သပ်လေသည်။ ဖြူ့ကို ထပ်မံတစေ့တစောင်းကြည့်လျှက် . . .

"မိန်းကလေးနှစ်ယောက်တည်းနဲ့ စီးပွားရေးအတွက်ဆိုတော့လည်း ဒီလောက်အဝေးကြီး လာလုပ်ရတာပဲနော် . . . အချိန်ကလည်း မကောင်းလိုက်တာ . . . ကျွတ် . . . ကျွတ်"

ဖြူ့နားထဲမှာ ရင့်သီးသွားရသည်။

ဖြူဆေးကုသလို့ ငွေကြေးရပေမယ့် ဖြူကိုယ်ဖြူ စီးပွားရေးလုပ်နေသည်ဟု မယူဆနိုင်၍ပင် . . . ဖြူ့ရဲ့မလိုအပ်သောမာနလည်း ဖြစ်ချစ်ဖြစ်ပေမည်။

"ကျွန်မသင်ခဲ့တဲ့ပညာကို အသုံးချနိုင်ဖို့ . . . အသုံးချနိုင်တဲ့နေရာကို ကျွန်မက သွားမှာပါပဲ . . . နီးတာဝေးတာ အကြောင်းမဟုတ်ပါဘူး။ စီးပွားရေးဆိုတာလည်း အကြောင်းမဟုတ်ပါဘူး"

ဖြူ့စကားကို ဖြူ့အိမ်ပြန်ချိန်သည် ပိုလို့မှောင်မိုက်သွားရတော့သည်။ ဒီလိုနည်းနှင့် ညဥ့်နက်သွားသောတစ်ညရဲ့ အပြန်ဘတ်စ်ပေါ်တွင် ဖြူတို့ညီအစ်မသာ မိန်းမရွယ်ပါလေသည်။ အဘွားကြီးတစ်ဦးနားမှာ ဖြူတို့ရပ်


www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသည်။ ဖြူ့အနားသို့ . . . အဝတ်အစားခပ်လတ်လတ်ဖြင့် ခံညား လေးစားဖွယ် အသက်အရွယ်ရှိသည့် ယောက်ျားတစ်ဦးက ဂပ်ရပ်လာသည်။ ကားနောက်ပိုင်းမှ သူ့ကိုလှမ်းပြောသော စကားသံကျယ်ကျယ် . . . တဟားဟားကြားရ၏။ သူတို့မှာ အုပ်စုနှင့်ဟု ဖြူသိရိပ်မိရသည်။ ဖြူကြည့်မိလျှင် သူတို့အချင်းချင်း အားပေးအားမြှောက် အမူအရာအကြည့်များကို တွေ့ရမည် ပဲထင်၏။ ဖြူ လှည့်မကြည့်ဖြစ်ဘဲ . . . (၇)အနီဟီးနိုးရဲ့မီးရောင်ဖြင့် ပြတင်းမှန်များမှတဆင့်သာ မူမမှန်သောသူ့လက်ကို ကြည့်လာရသည်။ သူလွယ်ထားသည့် ကျားခေါင်းတံဆိပ်သားရေလွယ်အိတ်နှင့် ခပ်ကွယ်ကွယ်ထားလာသည်။ သူ့လက်များက သိက္ခာကင်းလှသည်။ ဖြူသည် ဖြူ့ခါးအောက်ပိုင်းနှင့် ထိုလက်များဝေးရာသို့ တဖြည်းဖြည်းရွှေ့ရင်း တစ်ကားလုံးရဲ့မျက်စိရှေ့လိုဖြစ်နေသည့် ကားခေါင်းပိုင်းသို့ ရောက်လာသည်။ ထိုင်ခုံစေ့ထိုင်နေသည့် ခရီးသည်တွေရှေ့တွင်မို့ မရမ်းကားဝံ့တော့ဟု ဖြူကတော့ထင်မိသည်။ တစ်ကားလုံးကမူ ဖြူ့အကျဉ်းအကျပ်ကို မြင်နိုင်ကြမည်ထင်၏။ ကားထဲကမီးကလည်း ကျေးဇူးတင်ဖွယ်လင်းထိန်နေသည်ပဲ . . . လူကလည်း နေ့အချိန်မှာလို တစ်ယောက်နှင့်တစ်ယောက် ထပ်ကာတိုးကျပ်နေသည်မဟုတ် . . . ကားခေါင်းပိုင်းတွင် ဖြူနှင့်သူ နှစ်ဦးတည်းသာထင်းထင်းကြီး ရှိနေသည်။ ဒီကြားထဲက လူချင်းကပ်မိသည်နှင့် သူ . . . လက်ပြင်ပြန်လေသည်။ မမြင်မကြည့်မိ၍ပေပဲလား . . . အိပ်ငိုက်လာကြ၍ပေပဲလားမသိသည့် ခရီးသည် ဘယ်သူတစ်ယောက်ကမျှလည်း ဖြူကို အကူအညီမပေးခဲ့ကြချေ။ နေရာတစ်နေရာစာ ထပေးလိုက်လျှင်တောင်မှပဲ ဖြူ ဣန္ဒြေရလို့သွားမည်ပေါ့။ ဖြူ့တွင် ရှက်ကြောက်ခြင်းထက် ဒေါသကပိုလာသည်။ ဖြူ ကိုယ့်ကိုယ်ကို အားကိုးဖို့ ပြန်သတိရလေသည်။ ခေါင်းငုံ့ငုံ့ထားသော သူ့မျက်နှာကို တည့်တည့်လှည့်ကြည့်လျှက် . . .

"ဘယ်လိုဖြစ်နေတာလဲ . . . ရှင် အရှက်မရှိဘူးလား"

ဖြူ အော်လိုက်သံက . . . တစ်ကားလုံးဟိန်းသွားလေသည်။ ဒီလို ရင်ဆိုင်လိုက်ခြင်းမှာ အကျိုးတော့ရှိပေသား။ သူတို့ ငြိမ်ကုပ်သွားပြီး ကုက္ကိုင်းမီးပွိုင့်မီးနီမှာ ဆင်းသွားကြလေသည်။ သူတို့ဆင်းပေမယ့် ကိုယ့်ဆင်းရမည့်



www.burmeseclassic.com

www.burmeseclassic.com


မှတ်တိုင် မရောက်သေးသည်မို့ မီးရောင်အောက်တွင် ထီးတည်းကြီးဖြူရပ်လျှက် ဆက်လိုက်လာရသည်။ မျက်နှာကတော့ အပူသားပင် . . . ခရီးသည်များကတော့ ဖြူ့ကို 'အတော်အသံကောင်းတဲ့ကလေးမ'ဟု အကဲဖြတ်လာကြလေသလား မသိ . . . တိတ်ဆိတ်စွာ လိုက်မြဲလိုက်ပါလာကြသည်။ အိမ်ပြန်ရောက်တော့ လမ်းမှာနေရာရလာသော ညီမဆွေ . . . ဖြူ့ကို အားပေးထောမနာပြုလေသည်။

"မမဖြူ အော်လိုက်တာ ဆွေဖြင့်ကြောက်သွားတပဲ . . . ဆွေတို့ဆင်းတော့မှ နောက်ကလိုက်လာပြီး တစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ မမဖြူရဲ့ . . . သူတို့ အရင်ဆင်းသွားမှပဲ အသက်ရှူရဲတော့တယ်၊ နောက်တစ်ခါ ဆွေလိုက်ရတဲ့အလှည့်မှာ အဲဒီလို အလန့်တည်ကြက်တွေမလုပ်ပါနဲ့ မမဖြူရယ်"

မိန်းမစွမ်းကြီးလုပ်လာသော ဖြူလည်း ခုမှပြန်လည်ရင်ဖိုနေမိသည်။ နောက်ညများအတွက်ပင် ကြိုကြိုတင်တင်ပူပန်နေသေး၏။

"တို့လည်း ကြောက်တော့ ကြောက်တာပေါ့၊ ဒါပေမယ့် ကြောက်ကြောက်နဲ့ပဲ မခံနိုင်တော့လည်း ပြောရတာပဲ"

ထိုညက ဖြူ ညစာစားရတော့ ဆယ့်နှစ်နာရီကျော်ပြီ။ ဖြူဆေးခန်းသို့ထွက်လာချိန် သုံးနာရီခွဲ . . . လေးနာရီတွင် ညစာစားလို့မရတတ်သေး၍ ဆေးခန်းကပြန်မှပင် ထမင်းစားကျင့်ပါခဲ့သည်။ အစာအိမ်နာသမားများကို အစာ အချိန်မလွန်စေဘဲ မှန်မှန်စားပါဟူသော ဖြူ့ညွှန်ကြားချက်ကို ဖြူကိုယ်တိုင် လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိခဲ့သေးချေ။ မေမေက ထမင်းဝိုင်းပြင်ကာ စောင့်ကျွေးသည်။ ဒီအချိန်လေးတွင် ဖြူ့ရဲ့တစ်နေ့တာပျော်စရာ စိတ်ညစ်စရာတို့ကို ဖြူ တိုင်တည်လေ့ရှိမြဲ . . .

"ဖြူတော့ ဆေးခန်းပိတ်ခါနီးမှ မျက်လုံးပြူး . . . မျက်ဆံပြူးနဲ့ ရောက်လာတတ်တဲ့လူနာမျိုးကို ကြောက်တယ်မေမေရာ . . . ဆေးခန်းတွေပိတ်ခါနီးမှ ဒီလိုနေလို့တော့ မဖြစ်ချေဘူးဆိုပြီး နီးတဲ့ဆေးခန်းကို သယ်ချလာရော . . . ဖြူတို့လည်း အိမ်ပြန်ရတာညဥ့်နက်သွားရောပေါ့၊ လုပ်လို့ဖြစ်ရတာလည်း စိတ်ရောလူရော မောလို့ . . . ဆေးခန်းတစ်ခန်းလုံး ရှိသမျှ ဆေးတွေလည်း ကုန်လုရောပဲ . . . ပြီးတော့ ဘယ်တော့မှပိုက်ဆံပြန်ရတဲ့


www.burmeseclassic.com

www.burmeseclassic.com



လူနာမျိုးလည်း မဟုတ်ဘူး၊ အလကား မတ်တင်းပဲ"

"ဟော . . . ဟော မမဖြူ . . . ဟိုတစ်နေ့ကတော့ သူ့ကိုစီးပွားရေး လုပ်တယ်ပြောရပ့ါမလားဆိုပြီး ဒေါဖောင်းလာလိုက်တာ . . . ခုတော့ စီးပွားရေးစကား ပြောနေပြီ"

ဖြူတို့ကိုမီကာ ညဥ့်လယ်စာထစားသည့် မောင်လေးက ဖြူ့ကို ဖြူ့ စကားဖြင့် လှောင်ရယ်ရယ်မောသည်။ ဖြူ့မှာ အငိုက်မိခံရသလိုဖြစ်သွား လျှက် ဒေါပွပွဖြင့် . . .

"ဟဲ့ . . . ငါ စီးပွားရေးစကားပြောတာက"

စိတ်လိုက်မာန်ပါပြောပြီးမှ စကားရှေ့မဆက်တက်ဘဲ ထစ်ငေါ့နေ လျှင် . . .

"မမဖြူကလည်း လူပြက်တွေပြောသလို 'စီးပွားရေးလုပ်တာတော့ လုပ်တာပေါ့၊ ဒါပေမယ့် စီးပွားရေးလုပ်တာပေါ့' ဖြစ်နေပြီ . . . "

မောင်လေးက ရယ်မောလေသည်။ သူ့မှာ ဖြူ့ကိုလှောင်ရယ်ရလွန်း လို့ ထမင်းပင် သီးယူသည်အထိ . . .

❖ ❖ ❖

မိုးပါးလျှက် . . . နေသာသောရက်တွေများလာခဲ့ပြီ။ လျှောက်နေကျ 'စေတနာဖြူ' ရဲ့ လမ်းလေးသည် ဖြောင့်ဖြူးသာယာလာ၏။ 'စေတနာဖြူ' ရှေ့ဘက်ရှိ လယ်ကွင်းများတွင် မြစိမ်းရောင်လှိုင်းလုံးကြီးများ ရွေ့လျားနေ သလို . . . စပါးပင်တို့ မြင့်တက်လာကြပြီး ခြေခင်းလက်ခင်းသာယာသော မြောင်းရိုးလေးတစ်လျှောက် ဖြူတို့ လမ်းလျှောက်ကြလေသည်။ မြောင်းရိုး လေးက ရပ်ကွက်နှင့်ဟိုဘက်လယ်ကွင်းများကို ခြားထားပြီး . . . ငမိုးရိပ် ချောင်းထဲသို့ စီးဝင်သွားသည်။ မိုးတွင်းကမူ ရေတက်ရက်များတွင် မြောင်းရိုး ကို ရေလျှံလျှက် . . . ဒီဘက်ရပ်ကွက် အနိမ့်ပိုင်းတွင်ပါ ရေတွေဖွေးနေတတ် သည်။ 'စေတနာဖြူ' ရှေ့တွင်လည်း ရေတွေပြည့်လျှံကာ ထိုရေဖွေးဖွေးကို ဖြူ ဖြတ်သန်းရမြဲ . . . ဒီရေအတွက်နှင့်အတူ ရေပြည့်လျှံတတ်သော 'စေတနာဖြူ' ရှေ့ကလမ်းလေးမှာ ဖုန်စပြုလာခဲ့ပြီ။ ညနေလေပြေသည်

www.burmeseclassic.com



ဆောင်းအမီအေးချမ်းစ ပြုလာလေသည်။ ဖြူတို့သည် မှောင်ရီစပျိုးလာသည် အထိ မြောင်းရိုးလေးမှာ ရပ်နေသည်။ ခပ်ဝေးဝေး ဝါးရုံပင်အုပ်အုပ်ကို လှမ်းမြင်ရရာ တိုးကြောင်ကြီးဘက်ကမ်းဆီသို့ အေးအေးလူလူ လှမ်းငေးနေကြ၏။ ဖြူ့တွင် ဒီလိုအေးအေးဆေးဆေးနေဖို့ အချိန်အားတွေ ရှိနေခဲ့ပြီလေ။ မိုးပါးသည်နှင့်အတူ ဝမ်းပျက်ဝမ်းလျှောတွေ . . . တုတ်ကွေးတွေ . . . ရင်ကျပ်ချောင်းဆိုးတွေ ပါးသွားခဲ့ပြီပင် . . . 'စေတနာဖြူ' သည်လည်း အားလုံးသောဆေးခန်းတွေလိုပင် လှုပ်လီလှုပ်လဲ့ရှိလာရတော့သည်။ အခြေအနေအရ ဖြူသည် ဆေးကို ပိုလို့ရှိသေလာရသည်။ ဆေးတန်ဖိုးကို ဖြူ့ခေါင်းထဲမှာ အမြဲတွက်ချက်လို့ နေရသည်။ လူနာတွေကလည်း ဖြူ့လိုပင် တွက်ချက်ကြသည်ထင်ပါ၏။ တစ်ယောက် ဆေးထိုးလာခဲ့လျှင် အိမ်မှာကျန်ခဲ့သည့် ဘုစုခရုအတွက် . . . အကြီးလေးက အန်နေလို့ . . . အငယ်က ဝမ်းသွားပြီး ပေါက်စလေးက ကိုယ်လေးနွေးနေတယ် စသည်ဖြင့် ဆေးအဆစ်တောင်းလျှင်တော့ စီးပွားရေးလုပ်သည်မဟုတ်ဟု မိမိဘာသာ ယုံကြည်သောဖြူက ပေးခဲ့ရမြဲ . . .

တစ်ခါတွင်တော့ . . .

လသားကလေးငယ်ရဲ့ ချိုင်းကြားမှာ ဖြူ သာမိုမီတာလေးညှပ်ပေးပြီး ကလေးအမေလုပ်သူကို "ကိုင်ထားပေးနော်" ဟု ကလေးလက်မောင်းလေးကို ကပ်ထားခိုင်းခဲ့၏။ ကလေးအမေက "ရပါတယ်၊ သူညှပ်တတ်တယ်" ဆိုကာ ဖြူနှင့်စကားတပြောပြောရှိနေသည်။ ဖြူ့မှာ စိတ်မချနိုင်ဘဲ သာမိုမီတာညှပ်ထားသော ကလေးဆီသို့သာ မျက်စိတဝဲဝဲရောက်နေမိ၏။ သာမိုမီတာလေးကို အကောင်းအတိုင်းနှုတ်ယူနိုင်သောခါတွင်မှ သက်ပြင်းတိတ်တဆိတ် ချမိရလေသည်။

ကလေးအမေရဲ့ "ဆရာမ၊ ကိုယ်ပူဘယ်လောက်ရှိလဲ" ဟူသော အမေးကို ဖြူ ဖြေလိုက်ပုံက . . .

"ဆယ့်ရှစ်ကျပ်"တဲ့လေ

"ဩော် . . . ကျွန်မ နားကြားလွဲသွားလို့ပါ"

ဖြူ့မှာ အရှက်ပြေရယ်ရပါတော့သည်။ ကလေးရဲ့ပါးစပ်ထဲ၊ ချိုင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သာမိုမီတာကိုထည့်ထားပြီး အမေလုပ်သူက . . . ပေါ့ပေါ့လျော့လျော့ထား လို့မို့ ကျကျိုးသည်မှာ မနည်းတော့ပြီဖြစ်သော ဖာရင်ဟိုက် သာမိုမီတာလေး ရဲ့ တန်ဖိုးမှာ ဆယ့်ရှစ်ကျပ်ပင် . . . မရှိမဖြစ်သော သာမိုမီတာကို ဖြူ မကြာခဏဝယ်ရသည်။ ဆိုင်ကထုတ်ပေးသော စင်တီဂရိတ်သာမိုမီတာက လက်မောင်းတစ်အောင့်ကြီးကြာမှ ပြဒါးကမရွေ့ချင် ရွေ့ချင်လေးရွေ့သည်။

"ဒေါက်တာ့လိုဒေါက်တာမျိုးကတော့ တကယ်ရှားပါတယ်၊ စေတနာ ကလည်း ကောင်း . . . ဆေးကလည်းလိုက် . . . ဆေးတစ်လုံးထိုးရင် ထိုးမှန်း သိသိသာသာသက်သာတယ်၊ ကျွန်မကတော့ သိသမျှလူတိုင်းကို ဒေါက်တာက သဘောကောင်းတယ်ဆိုပြီး ဒေါက်တာ့ဆီပဲညွှန်ပါတယ်"

ဆေးထိုးခံဖို့ မှောက်လျက်အနေအထားက ဖြူ့ကိုရွှန်းရွှန်းဝေချီးမွမ်း နေသော အမျိုးသမီးကို ဖြူ . . . စိတ်လေးလေးဖြင့် ဆေးထိုးပေးလိုက် သည်။ အမျိုးသမီးက ပို၍ပြုံးချိုသောမျက်နှာဖြင့် . . .

"ကျသမျှမှတ်ထားနော် ဒေါက်တာ . . . ကျွန်မ အားလုံးစုရှင်းမယ်"

ဖြူ့ကို တိုးတိုးကပ်မှာသွားလေသည်။ ဖြူ . . . သူထွက်သွားသည်ကို လိုက်ငေးကြည့်နေမိသည်။ သူတို့လိုလူမျိုးက ဖြူ့ကုသမှုကို နှစ်သက်ခံယူလို ၍ လာသည်မဟုတ်ဘဲ ပတ်ဝန်းကျင်အခြားဆေးခန်းများတွင် အမှတ်အထား များလာ၍ ရှောင်ဖယ်ကာ 'စေတနာဖြူ'သို့ ဝင်လာတတ်ခြင်းဖြစ်ဟန်တူ၏။ ဖြူ့ထံတွင် အကြွေးများပြားလာပြန်သောအခါ အခြားဆေးခန်းတစ်ခုသို့ ကူး ပြောင်းသွားလိမ့်ဦးမည် ထင်သည်။ ဒီအတွင်း ဆေးခန်းအသစ်တစ်ခုများ တိုးလာခဲ့လျှင်တော့ သူတို့အတွက် နယ်သစ်ပယ်သစ် တွေ့ပြန်သည်ပဲပေါ့။ ဆေးဆိုင်မှ ဆေးတိုက်ရိုက်ရကာ ဈေးနှုန်းသက်သာလှသော သမဝါယမ ဆေးခန်းများသို့ပင် သူတို့ ဘယ်တော့မှသွားချင်ကြမည်မဟုတ်ဟု ထင်၏။ ဘစ်စစရင်းနှီးယုံကြည်လာသူ အချို့ကလည်း အမှတ်အသားထားခိုင်းလာ ကြသည်။ ပြေလည်သည့်အခါ အမှတ်တရပေးသူ ရှိသလို . . . ရှောင်ဖယ် သွားသူတို့လည်း ရှိခဲ့ဖူးလေသည်။

"အေးဟယ် . . . နင်တို့အလုပ်ကလည်း မုန့်သည်လိုပါပဲဟ၊ မုန့် ားပြီးမှ ပိုက်ဆံမပါဘူးဆိုရင် ဘာမှမတတ်နိုင်သလိုမျိုး ဖြစ်နေပြီ၊ ဆေးထိုး

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ပြန်နှုတ်လို့ကလည်း မရ . . .”

ဖြူနှင့် သွေးသားရင်းလို ရင်းနှီးနေပြီဖြစ်သည့် အိမ်ရှင်ဒေါ်ရီကပါ ဖြူ့ကိုကြည့်ရင်း စိတ်မောလာဟန်ရှိသည်။

“လက်ငင်းမပေးရင် . . . ထိုးမပေးနိုင်ဘူးဆိုတာ ကြိုပြောထားပေါ့ အေ . . .”

ဖြူ့မှာ ပြုံးရယ်ရလေသည်။

“မုန့်သည်နဲ့ကွာတာ အဲဒါပဲပေါ့ ဒေါ်ဒေါ်ရယ် . . . ဆရာဝန်က ပိုက်ဆံမပါလို့ ကုမပေးနိုင်ဘူးဆိုတော့လည်း ဘယ်ကောင်းပါ့မလဲ”

လူနာကို ဆရာဝန်က ဆေးကုသမပေးလိုဟု မငြင်းပယ်နိုင်ချေ။ ခြွင်းချက်အဖြစ်တော့ လူနာက အခြားဆရာဝန်တစ်ဦးနှင့် ပြောင်းလဲကုသသော အခါ . . . ဆရာဝန်၏စကားကို မလိုက်နာသောအခါ ဆေးကုသခငွေ မပေးသောအခါဟူ၍ ရှိပေသည်။ သို့ရှိပေမယ့် ဖြူ ငြင်းပယ်ဖို့မရင့်ကျက်သေး။ ဒီခြွင်းချက်များကို သိမထားသည့်လူနာက ဖြူ့ကို ‘အသပြာဆရာဝန်’ဟု အလွယ်တကူစွပ်စွဲခဲ့ပါလျှင် . . . ပြီး ဖြူကိုယ်တိုင်လည်း ကိုယ်က တစ်ခုခု လုပ်ပေးလိုက်ရလို့ ကောင်းသွားမည်ဟု သိထားသူတစ်ဦးကို ရှေ့မှာတွေ့နေရပြီးမှတော့ တစ်ခုခုလုပ်မပေးဘဲ မနေနိုင် . . .

ဆရာဝန်တွေအပေါ် . . . စက်ချုပ်သမားတွေအပေါ် နားလည်သလောက်တောင် နားမလည်ပါဘူး။ ဖြူ တစ်ခါတစ်ရံတွေးမိသည်။ ဆေးတစ်လုံးထိုး ငါးကျပ်ရတာပဲ . . . ခြောက်ကျပ်ရတာပဲဟုသာ မြင်တတ်ကြသည်။ ထို ငါးကျပ်၊ ခြောက်ကျပ်ထဲတွင် ဆေးအရင်းအနှီးပါသေးသည်ကို မမြင်။ ပညာကြေးကိုလည်း စဉ်းစားမပေးလိုကြချေ။ စက်ချုပ်သမားတွေဆိုလျှင် ချုပ်ခက ဘယ်လောက် . . . ကြယ်သီးဖိုး၊ ဇစ်ဖိုးက ဘယ်လောက်ဟု သီးသန့်တောင်းယူခွင့်ရှိသေး၏။ ဆရာဝန်ကိုတော့ ဒီလို နားလည်မှုမရှိကြပါဘူးလေ။ ဖြူအားတိုင်း အတွေးဖြန့်ကျက်နေမိခဲ့တတ်၏။

“ကျုပ်မလည်း ညည်းတို့နဲ့ခင်မင်နေတော့ သူတို့ဆေးခန်းလေးမှာ စည်ကားကားရှိပါစေလို့ တစ်ခါတစ်ခါ ယောင်ပြီးဆုတောင်းမိတယ်တော့၊ ပြီးမှ ငါ့ဥစ္စာ ဒီလိုလည်းမဟုတ်သေးပါဘူးလို့ ပြန်တွေးမိပြီး ဘုရားရှိခိုးရင်းတောင်



www.burmeseclassic.com

www.burmeseclassic.com


ရယ်မိတယ်"

ဖြူပါ . . . ဒေါ်ဒေါ်ရီ့ဆုတောင်းကို ရယ်ခဲ့မိသည်။ ရယ်မောရင်းက ရှေ့နေသူငယ်ချင်းတစ်ယောက်ရဲ့ စကားသံများကိုကြားယောင်မိ၏။

"ခင်ဗျားတို့အလုပ်က အကုသိုလ်အလုပ်ကြီးပဲဗျာ . . . ကိုယ့်ဆေးခန်း လူများများလာပါလာပါစေလို့ ဆုတောင်းနေရမယ့်အဖြစ်မျိုးပဲ . . . အဲဒီလို ဆုတောင်းရင် များများဖျားကြနာကြပါစေလို့ ဆုတောင်းတာနဲ့ ဘာထူးသေးလဲတဲ့"

ဖြူ အောင့်သက်သက်နှင့်ပင် ခံလိုက်ရလေ၏။ စိတ်ထဲကမူ . . .

"သူကများ ပြောရတယ်ရှိသေးတယ်"ဟု ချေပစကားတော့ဆိုလိုက်မိသေးသည်ပင်။ ဒေါ်ဒေါ်ရီနှင့်တော့ ရင်းနှီးစွာနောက်ပြောင်ပြောလိုက်သည်။

"ဖျားနာလို့ ဆေးခန်းသွားရမယ့်အတူတူ . . . ငါ့တူမဆေးခန်း လာပါစေလို့ ပြောင်းဆုတောင်းပေါ့ ဒေါ်ဒေါ်ရီရဲ့ . . . မဟုတ်ဘူးလား"

"အေး . . . ဟုတ်တယ်တဲ့"

ဖြူတို့ သဘောကျစွာရယ်မောမိလေသည်။ ရယ်မောရင်း ဆရာဝန်အလုပ်ဆိုတာ ကုသိုလ်လည်းရ . . . ဝမ်းလည်းဝဟု ဖြူ ကြားဖူးနေကျစကားလေးသည် မတိမ်ကောသေး . . . တန်ပါဘူးလေဟု ဖြူ စဉ်းစားနေမိပြန်၏။

❖ ❖ ❖

တစ်ညနေ . . . ရပ်ကွက်လေးထိပ်တွင် ဆိုက်ကားဆိုက်လို့ ဖြူ ဆင်းမည်ပြုစဉ် . . . ဆိုင်းဘုတ်သစ်လွင်လေးတစ်ခုကို သတိထားခဲ့သည်။ 'မေတ္တာ' တဲ့။ အနီရောင်အပေါင်းလက္ခဏာ အမှတ်အသားလေး အထင်အရှားနှင့် . . . ဖြူ့ဆေးခန်းလေးဖွင့်စဉ်ကလို ဆိုင်းဘုတ်ချိတ်သည့်တိုင်လေးထိပ်မှာ သပြေညွန့် . . . ဒေါနခက်လေးတွေလည်း ချည်ထားလို့ . . . ပန်းခက်လေးတွေပင် မနွမ်းခြောက်တတ်သေး။ တိုးလာသည့် ဆေးခန်းသစ်လေးတစ်ခန်း . . . ဖြူနှင့်ဘဝတူ နောက်တိုးဆေးခန်းလေးများသည်


www.burmeseclassic.com

လေးငါးလအတွင်းဝယ် (၇)အဝါဂိတ်တစ်ဝိုက်မှာ ပေါ်ထွက်လာကြသည်။ ဒီ 'မေတ္တာ'လေးကတော့ ဖြူ့ရဲ့ရပ်ကွက်ထိပ်တွင်မို့ ဖြူ့လိုပဲ ဒီရပ်ကွက်လေးကို အားကိုးပြုပြုပြန်တူလေသည်။ ဆိုင်းဘုတ်အသံစ်လေးကို မြင်လိုက်စဉ်က ဖြူ့ရင်ထဲမှာ ပြုံးချင်လာသည်။

"တို့ကိုများ လာစုံစမ်းကြည့်ပါဦးတော့လားကွယ်"

ဖြူ ပြေလည်နေပုံကိုလေ . . . ဖြူ့ရင်ထဲက အောက်မေ့မိလေသည်။ ဖြူ့ရဲ့ 'စေတနာဖြူ'ကတော့ တလှုပ်ယှဲယှဲသွားနေရဆဲပင် . . . ဖြူတို့အိမ်တွင် လူအားဟူ၍ မရှိသည်မို့ အဖော်လိုက်ရသူတို့ကလည်း ညည်းညူနေခဲ့ပြီ။ အလုပ်သမားနှင့်ကျောင်းသားတွေမို့ ပင်ပန်းရှာကြသည်။ အခါတိုင်းက ဒီ့ထက်ပို၍ ကျပ်စရာမရှိတော့ဘဲ . . . မူလီကုန်အောင်ကျပ်နေပြီးသားဖြစ်သည့် အိမ်ရဲ့စီးပွားရေးက 'စေတနာဖြူ'ကြောင့် မူလီတစ်ရစ်နှစ်ရစ် လျော့လောက်အောင် ချောင်လည်လာသည်ဆိုတော့လည်း အိမ်သားအားလုံးက ဖြူနှင့်လိုက်၍ ရှန်းတော့ရှန်းရှာခဲ့ကြသည်။ ဒီကြားထဲက 'စေတနာဖြူ'က လှုပ်လာခဲ့သည်ဆိုတော့ 'စေတနာဖြူ' ဆက်လက်ရပ်တည်နိုင်ဖို့ကို ဖြူ ကြံဆရတော့သည်။ တောင်ကူးလို့ မြောက်ပြေးခါမှ ပြေးရရှာ . . . ဖြူလည်း အချို့သူငယ်ချင်းအများစုလို အချိန်ပိုင်းထိုင်ဖို့ ဆေးခန်းရှာဦးမှဖြစ်ပေမည်။ ဖြူ ကြံဖန်ရင်းဖြင့် 'မြတ်ကရုဏာ'နှင့် ဆက်သွယ်မိလာသည်။ စနေတစ်ရက်တွင် ရင်းနှီးသောသူနာပြုဆရာမကြီး ဒေါ်ကြည်အောင်က 'မြတ်ကရုဏာ'သို့ ဖြူ့ကိုခေါ်သွားခဲ့သည်။ 'မြတ်ကရုဏာ'က ရန်ကုန်မြို့လယ် လမ်းကျယ်ကြီးတစ်လမ်းထဲမှာ ခမ်းနားစွာဖွင့်ထားသည့် ဆရာဝန်စုံလင်သော ဆေးခန်းကြီးတစ်ခုပင် . . . နေ့စဉ် အချိန်ပြည့် မနက်ခုနစ်နာရီမှ ညဆယ်နာရီထိ ဖွင့်လှစ်သည်။ ထိုနေ့တွင် ဆေးခန်းချိန်တစ်ချိန်အတွက် ဖြူတို့စကားပြောဖို့ ဆေးခန်းပိုင်ရှင်နှင့် ချိန်းထားခဲ့သည်။ ဖြူသည် ရှေ့ကသာဖြတ်လျှောက်ဖူးလျက် . . . တစ်ခါမျှ အတွင်းမဝင်ဖူးသော နေ့ရောညပါမီးရောင်တွေ လင်းချင်းလျက် . . . နံရံများကကြွေရောင် ဖြူဖွေးတောက်ပကာ လူနာကြိုသည့် ထဘီအနီဝတ် မိန်းကလေးများက ချိုသာပြုံးရွှင်သော 'မြတ်ကရုဏာ' အတွင်းသို့ ဝင်ခဲ့သည်။ ဖြူတို့ရောက်တော့ ဆေးခန်းပိုင်ရှင်က ရှိနေသေး။



www.burmeseclassic.com

www.burmeseclassic.com


ဖြူ ထိုင်စောင့်နေရင်းက . . . တစ်နေ့တာတွေ့နိုင်သည့် ဆရာဝန်များ စာရင်းကို လိုက်ဖတ်ကြည့်နေမိ၏။ ဖြူ့သူငယ်ချင်းတွေရဲ့ အမည်များကိုလည်း တွေ့ရသည်။

ဖြူရောက်နေသည့် နံနက်ဆယ်နာရီမှ ဆယ့်တစ်နာရီအချိန်သည် ဖြူနှင့်အတန်းတူ ကျော်မျိုးဇော်ရဲ့ အချိန်ဖြစ်နေသည်။ ကျော်မျိုးဇော်က အနောက်တိုင်းဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားလို့ လူပင်မှားတော့မလို့လေ။ 'မြတ်ကရုဏာ'နှင့်လိုက်အောင် ဒီလောက်တော့ သားနားစွာဝတ်စားရမည်ပင် ထင်မိ၏။

"မဖြူပါလား . . . ဘယ်သူနဲ့တွေ့ချင်လို့လဲ . . . ဝင်ထိုင်ပါဦးလား"

ကျော်မျိုးဇော်ထိုင်သော အခန်းလေးကလည်း သပ်သပ်ရပ်ရပ်ရှိလှ၏။

"အခု ဘယ်မှာလုပ်နေလဲ"

"တောင်ဥက္ကလာပမှာ ကိုယ်ပိုင်ဖွင့်ထားတယ်"

"အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

ဖြူတို့သူ့ဆေးခန်း . . . ကိုယ့်ဆေးခန်းအကြောင်း၊ အလုပ်အကြောင်း ဖြူ့လာရင်းကိစ္စတို့ကို ပြောဆိုကြသည်။

"ဒီလိုကြားအချိန်မှာတော့ လူနာနည်းတယ်လေ . . . ဒီနေ့ဆို သုံးယောက်ပဲ ဝင်သေးတယ်"

ဖြူ့စိတ်ထဲတွင် 'စေတနာဖြူထက်ပင် အခြေအနေဆိုးနေပေါ့'ဟု တွေးလိုက်မိသည်။

'မြတ်ကရုဏာ'ရဲ့ နှုန်းထားက လူနာတစ်ယောက်လျှင် ဆရာဝန်က ဆေးခန်းသို့ ဆေးကုသခရငွေရဲ့ ၃၀%ပေးရသည်။ ကိုယ့်ဆေးနှင့်ကိုယ်လာ၍ ကိုယ့်အချိန်ပြီးလျှင် ကိုယ့်ဆေးဗီရိုငယ်ကိုသော့ခတ်၍ ပြန်ရုံသာ . . . မြတ်ကရုဏာ'ကိုတော့ ငှားရမ်းသုံးစွဲခအဖြစ် . . . လူနာတစ်ယောက်လျှင် ကုသခရငွေရဲ့ ၃၀%ပေးခဲ့ရပေမည်။ စင်စစ်အချိုးအဆက ကြီးမြင့်လှနေသည်။ သို့ပေမယ့် ဒီလိုနိုင်ငံသိ ဆေးခန်းကြီးများတွင် တစ်ချိန်တစ်လေ


www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုကြသည့်ဆရာဝန်တွေကလည်း များလှစွာပါပင် . . . ဖြူပင် ဆေးခန်းပိုင်ရှင်နှင့်တွေ့ဖို့ လာထိုင်စောင့်နေရသေးသည် မဟုတ်လား။

ဖြူတို့စကားပြောနေစဉ် . . . အခန်းထဲသို့ အမျိုးသမီးကြီးတစ်ဦးကို ထဘီအနီဝတ်မိန်းကလေးက ခေါ်လာပို့လေသည်။ ဖြူက အပြင်ထွက်ပေးဖို့ ပြင်သည်။

"မဖြူ . . . ထိုင်နေပါ၊ ကိစ္စမရှိပါဘူး"

ကျော်မျိုးဇော်က ခွင့်ပြုသည်နှင့် ဖြူလည်း ဆက်ထိုင်နေဖြစ်သည်။ အမျိုးသမီးကြီးက နယ်ကပါဟု သူမကိုယ်သူမ မိတ်ဆက်လေသည်။ ကျော်မျိုးဇော်က ရောဂါအကြောင်းကို အေးအေးဆေးဆေးမေးလျှက် အလွန်ရည်မွန်စွာ လူနာကိုစမ်းသပ်လေသည်။ ဆေးကိုယ်တိုင်ထိုးပေးလျှက် သောက်ဆေးများကိုပါ အိတ်ငယ်လေးများတွင် ထည့်ပေးသည်။ ကျော်မျိုးဇော်ရဲ့ အရေးတယူရှိပုံကို လူနာအမျိုးသမီးကြီး နှစ်သိမ့်သွားကြောင်း သူမမျက်နှာပေါ်တွင် ပေါ်လွင်နေခဲ့သည်။ ခေတ်အတန်ငယ်နောက်ကျသော လက်ပွေ့အိတ်နက်ထဲမှ တစ်ရာတန်တစ်ချပ်ထုတ်ကာ ကျော်မျိုးဇော်သို့ တလေးတစားကမ်းပေးလိုက်သည်တွင် . . .

"အပြင်မှာပေးရပါမယ် အန်တီခင်ဗျာ . . . ကျေးဇူးတင်ပါတယ်၊ ညီမလေး အန်တီ့ကိုငွေချေရမယ့်နေရာ ပြပေးပါကွာ"

ကျသင့်သောကုသခငွေကို . . . ဘောက်ချာစာရွက်ပေါ်တွင် ကျော်မျိုးဇော်က ရေးပေးလေသည်။ ဘောက်ချာပေါ်သို့ ဖြူ့မျက်စိက ရောက်ဖြစ်အောင် ရောက်သွားသည်မို့ မျက်လုံးများဝိုင်းသွားမိသည်။ လေးဆယ့်ငါးကျပ်တဲ့ . . . ဖြူသုံးသည့်ဆေးမျိုးကိုပင် သုံးကာ . . . ဖြူ ညွှန်ကြားသလို ညွှန်ကြားလျက် ကျသင့်ငွေက လေးဆယ့်ငါးကျပ်ဆိုတော့ ဖြူ အံ့ဩရပြန်သည်။ ဖြူ စိတ်တွက်ဖြင့် အလုပ်များကြည့်လိုက်ပါသည်။ ကျော်မျိုးဇော်အတွက် ဆေးဖိုးအပါအဝင် သုံးဆယ့်တစ်ကျပ်ကျော်ကျော် ကျန်ပြီး 'မြတ်ကရုဏာ'က ဆယ့်သုံးကျပ်ကျော်ကျော် ရလိုက်ပေမည်။ ဒီလိုဆိုတော့လည်း ဒီအချိန်မှာ လူနာလေးဦးပဲထားဦးတော့ 'စေတနာ့ဖြူ'ရဲ့ နှစ်ရက်စာဝင်ငွေမျှ မကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com


"သွားခွင့်ပြုပါဦး ဆရာ"

အမျိုးသမီးကြီးက . . . ပေါ့ပါးစိတ်ချမ်းသာသွားသော မျက်နှာဖြင့် ကျော်မျိုးဇော်ကို နှုတ်ဆက်ထွက်သွားပါလေသည်။ အဆုံးတော့ အရေးကြီးသည်ကလည်း စိတ်ချမ်းသာဖို့ပဲ မဟုတ်လား . . .

ဌာနေပြန်ရောက်ခဲ့ပါလျှင် အမျိုးသမီးကြီးသည် အလွန်စိတ်ချမ်းမြေ့စွာ ပြန်လည်ပြောပြနေလိမ့်မည် ထင်မိ၏။

"ကျွန်မ ရန်ကုန်ရောက်တုန်း . . . ဒီနေမကောင်းဖြစ်နေတာကို 'မြတ်ကရုဏာ'မှာ သွားပြခဲ့တယ်လေ၊ လေးဆယ့်ငါးကျပ်ကုန်ခဲ့တယ်၊ စားခိုင်းတဲ့ဆေးတွေလည်း ဆက်စားလိုက်တာ တစ်ခါတည်း ရှင်းရှင်းပျောက်သွားတာပဲ"

'မြတ်ကရုဏာ'ရဲ့ အမွန်သတင်းကို ကြားဖူးရင်းစွဲရှိနေသူတို့လည်း ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေကြလေမည်သာ . . .

ဖြူ အတွေးဖြန့်ကျက်ဆဲ . . . လူနာတစ်ဦး ဝင်လာပြန်၏။ အသက်လေးဆယ်ဝန်းကျင် ပိန်ပိန်ပါးပါးအမျိုးသားတစ်ဦးပင် . . . ကျော်မျိုးဇော်ပထမတစ်ဦးကဲ့သို့ စမ်းသပ် . . . ဆေးထိုး . . . ဆေးပေးသည်။ လူနာထွက်သွားပြီး တအောင့်ကြာတော့ လူနာကြိုမိန်းကလေး ပြန်ဝင်လာခဲ့ကာ ကျော်မျိုးဇော်သို့ တီးတိုးပြောသည်။

ဆရာကျော်ရေ . . . ငွေမပြည့်ဘူးတဲ့ . . . သုံးဆယ်ပဲပါလို့တဲ့။ အဲဒါ ဒီနားက သူ့အသိတစ်ယောက်ဆီမှာ . . . ခဏသွားယူပါရစေ ပြောနေတယ်"

"သွားယူပါစေပေါ့ . . . ဘယ်တတ်နိုင်မလဲ . . . သုံးဆယ်တော့ ယူထားလိုက်ဦးနော်"

မိန်းကလေးသို့ ပြန်ပြောလိုက်သည်။ မိန်းကလေးက ဒါတော့ ကျွန်မသိပါတယ်ဟူသောသဘောဖြင့် ပခုံးလေးတွန့်လိုက်ကာ ပြန်ထွက်သွားခဲ့သည်။ ကျော်မျိုးဇော် ဖြူ့ကိုလှမ်းကြည့် ပြုံးလိုက်ရင်းက ဆိုလိုက်သည်။

"တစ်ခါတစ်ခါကျတော့လည်း အဲဒီလိုလူနာမျိုးနဲ့ တွေ့ရတတ်သေးတယ် မဖြူရေ့"


www.burmeseclassic.com

www.burmeseclassic.com

ဖြူလည်း ပြုံးနေလိုက်မိသည်။

ဖြူ သတိတရရှိပါသေး၏။ 'စေတနာဖြူ' ဖွင့်စက . . . ဖြူ့ဆေးခန်းသို့ သာမန်ရောဂါဖြင့် လူငယ်လေးတစ်ဦး ရောက်လာခဲ့ပြီး ဖြူ စမ်းသပ်ကြည့်ရှုရင်းက သူမ ခံစားရသေးသည့် နှလုံးရောဂါကိုပါ တွေ့ရှိလာသည်။ သူ့ကို ဆေးရုံကြီးနှလုံးရောဂါကုဌာနနှင့် ဆက်သွယ်ပြီးကုသဖို့ ဆက်သွယ်ပုံ ဆက်သွယ်နည်းပါ ဖြူ ညွှန်ကြားပေးလိုက်ပါသည်။ သုံးလေးလကြာမှ ဖြူ့ဆေးခန်းသို့ သူအားဆေးခထိုးဖို့ ပြန်ရောက်လာသည်။ သူက ဖြူ့ကို သူ့ရောဂါအကြောင်း စီကာပတ်ကုံးပင် ပြောပြခဲ့သည်။ ပြောပြရင်းက သူ့မှာ နှလုံးရောဂါရှိမှန်း အစကမသိခဲ့ကြောင်း . . . 'စံရိပ်ငြိမ်' (မြတ်ကရုဏာကဲ့သို့သော ဆေးခန်းကြီးတစ်ခု)သို့ သွားပြရင်းက ဆရာဝန်ကပြောပြမှသာ နှလုံးရောဂါရှိနေသည်ဟု သိခဲ့ရကြောင်း . . . ထိုဆရာဝန်ရဲ့ ညွှန်ကြားချက်အရ နှလုံးရောဂါအထူးကုဌာနနှင့် ဆက်သွယ်ပြီး . . . ကုသခံနေဆဲဖြစ်ကြောင်းတို့ပါ ပါဝင်လာသောအခါ . . . ဖြူ့မှာ အံ့အားတသင့် ဖြစ်မိသွားရတော့သည်။ ဖြူ့ သူ အမှတ်ရလေမလားဟု . . .

"စံရိပ်ငြိမ်မှာ မပြခင်တုန်းကရော . . . တခြားဆရာဝန်တွေက နှလုံးမကောင်းလို့ ဆေးကုသခံဖို့လိုတယ်လို့ မညွှန်ကြားဘူးလား" ဟု မေးကြည့်မိသေး၏။ သူ အမှတ်ရခဲ့ဟန်မတူချေ . . .

"ဟာ . . . စံရိပ်ငြိမ်မှာပြမှပဲ . . . ကျွန်တော့်မှာ နှလုံးရောဂါရှိမှန်းသိလာရတာ . . . အစက လုံးလုံးမသိဘူး၊ ခဏခဏ နေမကောင်းဖြစ်တယ်ဆိုတာလောက်ပဲ သိနေတာ"ဟု အခိုင်အမာပင် ဆိုလေသည်။ ဖြူ့မှာ "ဪ ဟုတ်လား"ဟုသာ ဆိုရပါတော့သည်။ ဖြစ်နိုင်သည်ကတော့ သူ့တွင် နှလုံးရောဂါရှိသည်ဟု 'စေတနာဖြူ'မှ ဖြူကပြောလိုက်သောအခါ 'စေတနာဖြူ' ထက် အဆပေါင်းများစွာ နာမည်ရှိသော 'စံရိပ်ငြိမ်'သို့သွားကာ အတည်ပြုသည်ထင်ပါ၏။ ဒီလိုနှင့် ရောထွေးလာကာ 'စေတနာဖြူ'မှ ပထမပြောခဲ့သည်ကို မေ့လျှက် . . . နာမည်ကြီး 'စံရိပ်ငြိမ်'ကိုသာ သူ အမှတ်ရရှိတော့သည် ထင်သည်။

www.burmeseclassic.com



သူတစ်ပါးကို ပြန်လည်ပြောပြရသောအခါတွင်လည်း 'စံရိပ်ငြိမ်' ကိုသာ သူ . . . အမှတ်တရရှိတော့သည် ထင်သည်။

သူတစ်ပါးကို ပြန်လည်ပြောပြရသောအခါတွင်လည်း 'စံရိပ်ငြိမ်'ရဲ့ ညွှန်ကြားချက်အရဆိုသည်က ကြားရကောင်းမွန်ပေသော စကားပေကိုး။

ဖြူ ခြားနားချက်ကိုမြင်လာခဲ့သည်။ အဓိကက 'စေတနာဖြူ'နှင့် 'မြတ်ကရုဏာ' အခွဲချင်း ခြားနားချက်ပင် . . . ပြီးတော့ ဆေးခန်းနှစ်ခုသို့ ဝင်သော လူနာများရဲ့ခြားနားချက်လေ။

"မြတ်ကရုဏာ'သို့ လာတော့မည်ဆိုကတည်းက ဘယ်သို့အရည်အချင်းရှိရမည်ဟု လာသူတို့ကိုယ်တိုင်က သိရှိနားလည်ခဲ့ပြီးသား . . . နှစ်မျိုးနှစ်စားသော လူတန်းစားတွေ . . .

ဖြူ့ရဲ့ 'စေတနာဖြူ'မှာတော့ တစ်စားတည်းသော လူနာအမျိုးအစားကိုသာ တွေ့နိုင်ပေသည်။ ရန်ကုန်ရဲ့ အောက်ဆုံးအလွှာကလူတန်းစား တစ်စားမှတစ်စားတည်း . . .

တစ်ခါက ဖြူ . . . သိမ်ကြီးဈေးစီရုံအောက်မှ ဖြတ်သန်းလာစဉ် လူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး . . . ဖြူ့ကို ကောင်လေးတစ်ယောက်က အားကုန်တိုက်ထည့်လိုက်ခဲ့သည်။ ဖြူ့မှာ လက်ထဲက အိမ်ဖို့ဝယ်လာသည့် 'ရွှေရင်အေး'ထုပ်တွေ ပြုတ်ကျကုန်ရင်း အလွန်ဒေါပွ စိတ်တိုသွားမိသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ကောင်လေးကို ကြည့်မိတော့ . . . သူ့မှာလည်း ပလတ်စတစ်အစထုပ်ထဲက ဖိနပ်အချို့ ထွက်ကျရင်း ပြန်ကောက်ရမလို၊ ပြေးရမလိုနှင့် ရှိနေသည်။ သူ့ကို ဖြူမှတ်မိသွားသည်။ သူကလည်း ဖြူ့ကို မှတ်မိလေသည်။ တစ်ညဆီက ညဥ့်နက်ခံ၍ ဖြူ . . . ဆားရည်သွင်းပေးခဲ့ရသည့် ဝမ်းလျှောသောလူနာ ကောင်ကလေး . . . ပျောက်ဆုံးသွားသော ဖြူ့လူနာကို လမ်းဘေးကျူးကျော်ဈေးသည်တွေ လိုက်ဖမ်းစဉ်ပြေးနေရသည့် ဈေးသည်တစ်ဦးအဖြစ် ပြန်တွေ့နေရသည်။ သူ့ပစ္စည်းများကို မငိုင်မနေ လိုက်ကောက်နေရင်းက ဖြူ့ကိုပြုံးပြလေသည်။ ယိုးဒယားဖိနပ်စုတ်များကို ပြန်ကျိုကာပုံလောင်းသည့် မိုးတွင်းစီး 'ဗွပ်ဗွပ်'ဖိနပ် လုံးလေးဖက်



www.burmeseclassic.com

www.burmeseclassic.com


ကိုပင် . . . ဖြူ ကူကောက်ပေးခဲ့မိ၏။

သူ့ကို ဆားရည်သွင်းပေးရသည့် စရိတ် . . . ဝမ်းရပ်အောင်ဆေးပေးရသည့်စရိတ်က ကြီးလို့မို့ သူက ကုသငွေပေးဖို့ထားလို့ ကျေးဇူးတင်စကားပင် လာမပြောဘူးဟု ဖြူ စိတ်ကွက်ခဲ့မိသမျှ ကျေအေးလိုက်ရပြီ။ သူသည် ကျေးဇူးတင်ဦးတော့ ကျေးဇူးစကားကို ရင်ထဲ၌သာခံစားတတ်ခဲ့မည်။ ပါးစပ်က ရည်မွန်စွာထုတ်ပြောတတ်သည့် လူလိမ္မာ လူလိုက်သိတို့ရဲ့ အကျင့်အတတ်မျိုး ကျွမ်းဝင်နိုင်သည့်အလွှာတွင်မှ မရှိဘဲလေ . . .

'စေတနာဖြူ'ရဲ့ လူနာတွေက ဒီလိုလူနာမျိုးတွေ . . . ခြင်းတစ်ခြင်းထဲမှာ တုတ်တံလေးတွေထိုးထားသည့် ဝက်သားအပိုင်းအစလေးတွေ ထည့်ကာထိုင်ရောင်းတတ်သော ဈေးသည် . . . ရေခဲရေသည် . . . ဆိုင်က ထုတ်ပေးသည့်ပစ္စည်း အညှံစားလေးများကို ပြန်ရောင်းသည့်ဈေးသည် ပျံကျဈေးသည် . . . စသည် . . . စသည် . . .

ဆီးထုပ်ထုပ်သည့် အလုပ်သမလေးများ . . . ဆေးလိပ်သမများနှင့် စားပွဲထိုး . . . စသည် . . . စသည်။

အရည်အချင်းချင်း ဆေးအသုံးပြုတာချင်း မကွာခြားပေမယ့် ခြားနားသည်ကတော့ ထိုအချက်များပါပဲလေ . . .

ဖြူတို့ ဆက်စောင့်နေပြီးလို့ နောက်နာရီဝက်ခန့်ကြာမှ ဆေးခန်းပိုင်ရှင်က မျက်ခုံးကောင်းကောင်း . . . မျက်တွင်းချိုင့်ချိုင့် . . . မျက်တောင်ကော့ကော့ . . . နှာတံကအချွန်ကြီး . . . နှုတ်ခမ်းက သေးသေးလေးနှင့် အသားမည်းမည်း . . . ဗိုက်မရွဲတရွဲ ပုဂ္ဂိုလ်ကြီးပါလား . . .

အတန်ကြာ ညှိနှိုင်းပြောဆိုပြီးတော့ ဖြူတို့ပြန်ခဲ့ကြသည်။ ဖြူ အလုပ်မဝင်ဖြစ်ခဲ့ချေ။ 'မြတ်ကရုဏာ'နှင့် တရင်းတနှီးရှိသည်ကို အမြဲဂုဏ်ယူသော ဒေါ်ကြည်အောင်ကတော့ ဖြူ့ကို နားမလည်နိုင်ဘဲရှိနေသည်။

ဖြူကား . . . ချေးများလှသူပင် . . . သို့မဟုတ်လျှင် မင်းကြိုက်စိုးကြိုက်နှင့် လားလားမျှမထိုက်သူလည်း ဖြစ်ချင်ဖြစ်မည်ပင် . . . အပြန်ခရီးတွင် ဘတ်စ်ကားဂိတ်သို့ လမ်းလျှောက်လာရင်းက မဆီမဆိုင် အတွေးတစ်ခုကို ဖြူ . . . တွေးလာခဲ့မိသည်။


www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံ . . . ပိုက်ဆံနဲ့ ဘာဖြစ်လို့ လူတွေက ပိုက်ဆံကိုလိုက်ရှာနေကြသလဲဆိုတော့ ပိုက်ဆံဆိုတာကလည်း ရှာမှပဲရပေတာကိုး"

❖ ❖ ❖

'စေတနာဖြူ' ရှေ့က လယ်ကွင်းများတွင် စပါးနံ့တို့ အရောင်ပြောင်းကြပြီ။ ရွှေဝါရောင်စပါးနှံများက မှည့်ဝင်းလာသည်နှင့်အမျှ မြေသို့ တစ်စထက်တစ်စ ငိုက်ဆင်းလာကြ၏။ လေပြင်းမွှေ့ယမ်းနေကြသည်။ ရွှေ့လျားပြောင်းလဲသော အချိန်ရာသီကို 'စေတနာဖြူ'ရှေ့က လယ်ကွင်းများရဲ့ အပြောင်းအလဲကြောင့် ပိုလို့သတိရနေမိသည်။

ဖြူကတော့ 'စေတနာဖြူ'ကို အချိန်မှန်မှန်ဖွင့်မြဲ . . . ပိတ်မြဲပင်။

အလင်းရောင် စောစောသိမ်းသော ဆောင်းရဲ့တစ်ညနေတွင် ရပ်ကွက်ထဲရှိ နာတာရှည်လူမမာတစ်ဦးထံ ဖြူလိုက်ကြည့်ရလေသည်။ ဖြူနှင့် လူနာလာခေါ်သူ မိန်းမတို့အိမ်ပေါ်လှမ်းတက်လိုက်စဉ် . . . အိမ်လုံးပြည့်မျှ ရောက်နေကြသော လူနာမေးပရိသတ်ခေါ်ရမလား . . . လူနာဝေဒနာခံစားပွဲကို လာကြည့်ပရိသတ်ခေါ်မလား . . . မသိသည့်လူတွေက တီးတိုးတီးတိုး ဖြစ်သွားကြ၏။

"အစ်ကိုကြီး . . . ကျွန်မ ဒေါက်တာခေါ်ခဲ့ပြီ"

ဖြူ့လူနာရှင်က ခပ်ကျယ်ကျယ်ပြောကာ ဖြူ့ကို လူနာအိပ်ရာဘေးရောက်အောင် တွန်းတွန်းထိုးထိုး ပို့ပေး၏။ ဖြူက ဆေးအိတ်ဖွင့်နေဆဲ စကားသံတစ်ခုကို ရှင်းရှင်းလင်းလင်းကြီး ကြားလိုက်ရ၏။

"အခုပဲ မယားကြီးကလည်း ဆရာဝန်သွားခေါ်တယ်"

ဖြူတော့ မိန်းမပီပီသသ "ဟောတော့"ဟုသာ ယောင်လိုက်ဖို့ကောင်းတော့လေသည်။ အဖြစ်များကလည်း ဒါကြောင့်မို့ လူနာနားမှာဝိုင်းနေသည့် လူတချို့ရဲ့မျက်နှာထားက ညိုပုပ်တင်းမာနေကြသည်တူပါ၏။ ပထမဇနီးဘက်က သားကြီး . . . သမီးကြီးတွေလားတော့ မသိပေ . . .

ယောက်ယက်ခတ်သော အတွေးစများကို သိမ်းဆည်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မောနေကျပ်နေသော လူမမာသည်ရဲ့ မျက်လုံးမှိန်မှိန်များက ဖြူ့ကို လှမ်းကြည့်နေလေသည်။ စမ်းသပ်ဖွယ်တို့ကို ဖြူ . . . စမ်းသပ်နေစဉ် . . .

"ဟော . . . ဟိုမှာလာပြီ" ဟူသော ပရိသတ်ရဲ့ကြေညာသံနှင့်အတူ အိမ်ပေါ်တက်လာသော ခြေသံများကို ဖြူကြားရလေသည်။ ဖြူ လှည့်ကြည့်လိုက်မိသည်။ ဖြူ့ကို လာခေါ်သူမိန်းမထက် အရွယ်ကြီးသောမိန်းမကြီး နောက်က ပါလာသူကား . . .

"မလတ်"

"ဟယ် . . . မဖြူ"

သူငယ်ချင်းလတ်ကို မမျှော်လင့်စွာတွေ့လိုက်ရသော ဖြူ့မှာ အံ့အားသင့်ဝမ်းသာခြင်းတွေအပြင် အလုံးကြီးတစ်ခုပါ ကျသွားရတော့သည်။ ဖြူနှင့် လတ်တို့ နှုတ်ဆက်စဉ် . . . လူနာယောက်ျားကြီးရဲ့ ဒေါ်ပထမနှင့်ဒေါ်ဒုတိယ တို့လည်း လူနာခုတင်ဘေးဝယ် ရင်ဆိုင်မိနေကြလေသည်။

"ဒီမှာ ကိုထွန်းမောင် . . . ကျုပ် ဆရာဝန်ခေါ်လာခဲ့ပြီတော့"

"ရှင် ဘယ်လိုဖြစ်နေတာလဲ . . . ဒီမှာ ဆေးပဲထိုးတော့မယ့်ဥစ္စာ"

ပရိသတ်ထဲက တချို့ကထလို့ ဖျန်ဖြေဆွဲလွှဲကြသည်။ နောက်ဆုံးရက်ပိုင်းများသို့ ရောက်နေပြီဖြစ်သော အိပ်ရာထက်က နှလုံးရောဂါသည်ယောက်ျားကြီးသည်မူ ဒေါ်ပထမကိုကြည့်လိုက် . . . ဒေါ်ဒုတိယကိုကြည့်လိုက်ဖြင့်သာ ရှိနေသည်။ အဖြစ်ဆန်းပြားသော ထိုလူနာကို ဖြူရော . . . လတ်ပါ အတူတကွကြည့်ပေးဖြစ်လိုက်သည်။ ကုသခြင်းကိစ္စပြီးတော့ 'စေတနာဖြူ'သို့ လတ်က အလည်လိုက်ပါလာခဲ့လေသည်။ ဆေးခန်းတွေ အသီးသီးဖွင့်ဖြစ်ပြီးကြကတည်းက ဖြူနှင့်လတ်တို့ မဆုံမိကြတော့ပေ။ မဆုံမိအောင်ပင် ဟိုပြေးရ . . . ဒီပြေးရ ဆေးခန်းညစဉ်ထိုင်ရဖြင့် ဆေးခန်းရဲ့ အလုပ်ကလည်း အများသားပေ . . .

"လတ်ရဲ့ သာကေတဆေးခန်းရော"

လတ်က သာကေတနံပါတ်(၄)ကားဂိတ်အဆုံးတွင် ဆေးခန်းဖွင့်ထားခဲ့သည်။ ဖြူနှင့် မတိမ်းမယိမ်းဖွင့်ခဲ့ကြပြီး တစ်ယောက်ဆေးခန်းကို တစ်ယောက် ကူညီပြင်ဆင် နေရာချထားပေးခဲ့သေးသည်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"သာကေတ ဆေးခန်းပိတ်လိုက်တာ . . . တစ်လကျော်ပြီ ဖြူရဲ့"

"ဘာဖြစ်လို့လဲ"

မေးလိုက်ရပေမယ့် အဖြေကို ဖြူသိနေသလိုပင် . . .

"စိတ်ပျက်လို့ဖြူရာ"

လတ်က 'စေတနာဖြူ'ကို ငေးရင်း ခပ်လေးလေးဖြေသည်။ လတ်ကြည့်သောနေရာတွင် ဘုရားစင်လေးရှိလျက် ဘုရားပုံတော်ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ညောင်ရေအိုးထဲမှာ ဂမုန်းပန်းများ စိမ်းလန်းစွာရှိနေသည်။ လတ်ဆေးခန်းတွေလည်း ဒီလိုဘုရားစင်လေးရှိသည်ကို ဖြူမှတ်မိလေသည်။ ညောင်ရေအိုးလေးကပင် ဗဟန်းစောင်းတန်းမှာ အတူတူဝယ်ခဲ့ကြလို့ ဆင်တူ . . .

"လတ်ဆေးခန်းထိုင်တာက တစ်နာရီခွဲလောက်ပဲရှိမယ်၊ လမ်းပေါ်မှာကြာနေတာက အသွားအပြန်နှစ်နာရီမကဘူး . . . အိမ်က အဖော်တစ်ယောက်ကလည်း အမြဲလိုက်နေရသေးတော့ ကြာတော့လည်း ဒဏ်မခံနိုင်တော့ဘူးကွာ . . . ဆေးခန်းကလည်း လှုပ်လှုပ်ရယ် . . . ဒါနဲ့ပဲ ပိတ်ပစ်လိုက်တော့တယ်"

"ခုရော . . . လတ် ဘယ်မှာထိုင်နေလဲ"

"ဘယ်မှာမှ မထိုင်ပါဘူး၊ ဒီနေ့က ဒေါ်မဥ္ဇူနိုက်ဂျူတီရှိနေတာနဲ့ သူ့ဆေးခန်းမှာ အစားဝင်ထိုင်ပေးတာ . . . ဖြူနဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာယ်"

လတ်က သူ့အစီအစဉ်သစ်လေးတစ်ခု ဖြူ့ကိုပြောပြခဲ့သည်။

"လတ် . . . နယ်သွားတော့မလို့ ဖြူရဲ့ . . . လပွတ္တာနားက ရွာတစ်ရွာမှာ လတ်အမျိုးတွေရှိတယ်လေ . . . သူတို့ဆီမှာ လာဆေးခန်းဖွင့်ဖို့ ခေါ်နေတာတော့ ကြာပါပြီ၊ လတ်ကလည်း လတ်ဆေးခန်းကို သံယောဇဉ်တွယ်နေတာနဲ့ မသွားဖြစ်ခဲ့ဘူး၊ အခုမှ သွားကြည့်မိတာ . . . အနည်းဆုံးအေးအေးဆေးဆေးတော့ နေလို့ရမှာပဲ . . . ထင်မိတယ်ဖြူရေ . . . ရန်ကုန်မှာကတော့ ကိုယ့်အိမ်မှာကိုယ် ဆေးခန်းဖွင့်နေနိုင်တဲ့ အခြေအနေမျိုးက ခပ်ရှားရှားပဲ . . . ဆေးခန်းရှိတဲ့မြို့ပြင်ကို ညတိုင်း သွားသွားနေရတော့ဒုက္ခက



www.burmeseclassic.com

www.burmeseclassic.com



မသေးလှဘူး။ လတ်တို့ဘက်က သာကေတကားတွေနဲ့ အိမ်ပြန်ရတာ အိမ်ရောက်တော့မှပဲ အသက်ပါသေးတယ်လို့ စိတ်ချရတာ။ နယ်မှာဆိုရင်တော့ ကိုယ့်အိမ်မှာကိုယ်နေရင်း ဆေးကုရုံပဲ . . . တခြားသွားစရာ မလိုဘူးလေ တစ်နေရာနဲ့ တစ်နေရာ ကူသန်းရ မလွယ်တာကအစ မြို့ပြရဲ့ဒုက္ခက မသေးဘူးဖြူရေ . . . ”

ဖြူ့သူငယ်ချင်းကတော့ မြို့ပြရဲ့ဒုက္ခတွေ ဘာတွေဖြင့် ချီတဲ့ကာ ပြောနေပေပြီ။ ဘဝတူတစ်ဦးရဲ့ ရင်ဖွင့်သံကို ဖြူ . . . နားလည်စွာ နား ထောင်နေမိသည်။ ဖြူလည်း ဖြူနှင့် ‘စေတနာဖြူ’ရဲ့အကြောင်း တဆင့်ပြန် လည် ပြောပြရမည်ဆိုပါလျှင် ဒီလိုပင်ပြောပြဖြစ်ပေမည်။

“ဖြူနဲ့တွေ့ရတာ အခန့်သင့်လိုက်တာ . . . လတ် ရွာအကြောင်းစဉ် စားကတည်းက ဖြူ့ကို ပြေးသတိရနေမိတာ . . . ဖြူပါ လိုက်နိုင်ရင် သိပ် ကောင်းမှာပဲလို့လေ၊ နှစ်ယောက်ဆိုတော့ အဖော်လည်းရတာပေါ့ . . . ပြီးတော့ ရွာဆိုပေမယ့် ကျေးရွာအဆင့် ရွာကြီးပါ၊ ဆရာဝန်လည်း မရှိသေး ဘူး”

“ရမ်းကုတွေရော မရှိဘူးလား”

တောရွာတောမြို့လေးတွေဆီသို့ ဆရာဝန်က ရောက်အောင်သွား လျှက် ရမ်းကုတွေရဲ့နှောက်ယှက်မှုဖြင့် ရန်ကုန်သို့ ပြန်ရောက်ရောက်လာ သော သူငယ်ချင်းများအကြောင်း ဖြူရော . . . လတ်ပါ . . . ကြားဖူးခဲ့ သည်။

“ဒါတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် အချိန်ကြာလာတာနဲ့အမျှ ကွ ခြားတာကို သိလာကြမှာပါကွာ . . . ပြီးတော့ လတ်ရဲ့ဘကြီးက အဲဒီရွာမှာ ရပ်ရွာမျက်နှာဖုံး လူကြီးတစ်ဦးလေ . . . သူ့အားကိုးနဲ့ သွားရမှာပေါ့”

လတ် . . . အစီစဉ်လေးက မဆိုးလှပဟု ဖြူ သဘောပိုက်မိလေသည် လက်ထောက်ဆရာဝန်ရာထူး လျှောက်ထားဖို့ကလည်း အလုပ်သင်ဆရာ ပြီးလို့ တစ်နှစ်ကျော်လာခဲ့သည့်တိုင် လျှောက်လွှာခေါ်သံမကြားရသေးသည် မို့ နီးစပ်ဦးမည်မထင်ပေ . . . အလုပ်မရမီစပ်ကြား လက်ရှိဘဝတွင် ရှန်းရင် ကန်ရင်း စောင့်ဆိုင်းရဦးဖို့ဆိုတော့လည်း ခရီးလမ်းပန်းက သာယာချော



www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပေ . . .

လတ်အပြန်တွင် ဖြူ့ကိုနှုတ်ဆက်ရင်း မချိပြုံးဖြင့် ပြောသွားခဲ့သည်။

"ရန်ကုန်မြို့ကြီးလိုနေရာမှာ ဆေးခန်းဖွင့်ကြတဲ့ တို့တွေအဖြစ်က တော့လေ စုံကန္တာနေပူကြီး ဘယ်ထီးမှ မပါပါတယ် ဆိုတာလိုမျိုးပါပဲ ဖြူရေ"

ဖြူသည် ကျောင်းသူဘဝက လွတ်လပ်ပျော်ရွှင်စွာပြုံးရယ်၍သာ နေတတ်သော လတ်ရဲ့လေးနက်ငြိမ်သက်နေပုံကို သတိထားမိရင်း ဖြူကိုယ်တိုင်လည်း လတ်ကဲ့သို့ပင် များစွာပြောင်းလဲရှိခဲ့ချေမည်ဟု သတိသံဝေဂ ရနေမိလေသည်။

ကျောင်းသားဘဝ အရေခွံကိုလဲချွတ်ခဲ့ရပြီးနောက် ဝမ်းစာရှာဖွေရသောဘဝသို့ ရောက်ရှိလာခြင်းသည် လူတိုင်းအတွက်ပင် ကံကောင်းလေစွဟု ဖြူတွေးနေမိလေသည်။

❖ ❖ ❖

ကောက်ရိတ်သိမ်း ပြီးစီးခဲ့ပြီ။

လယ်ကွက်များတွင် ရိုးပြတ်တို့သာ ထိုးထိုးထောင်ထောင် မင်းမူကျန်ခဲ့၏။

ဖြူရောက်သွားသော နှင်းမြူတွေဆိုင်းနေသည့် ညနေရီရီတွင် လယ်ထဲကဦးကြီးတို့ အလုပ်သိမ်းသွားခဲ့ပြီး စပါးလှေ့စင်ကြီးကိုသာ ထီးတည်းကျန်လျက် တွေ့ရတတ်မြဲ . . .

ကောက်ရိုးပုံကြီးတွေ ဟည်းလို့လာသည်။ ဘယ်ဆီကမှန်းမသိသည့် မီးခိုးလေး တလူလူသည် နှင်းမြူတို့ဖြင့် ရောထွေးလျက် လယ်ကွင်းပြင်ပေါ်မှာ ငေးမျှော်ရပါလျှင် တောရပ်တောရွာလေးနှင့် တူလှသည်။

လတ်တစ်ယောက် မြို့ပြဒုက္ခတွေကိုကျောခိုင်းလျက် . . . ကျေးလက်တောရွာလေးဆီသို့ ထွက်ခွာသွားခဲ့သည်မှာပင် တစ်လပြည့်ပေတော့မည်။

လတ်နှင့်ဖြူတို့ တွေ့ဆုံခဲ့ကြပြီး နောက်တစ်ရက် . . . ဖြူ ဆေးခန်းသို့ အလာတွင် . . . ဖြူ့ကို သားအမိနှစ်ယောက်က လိုက်နှုတ်ဆက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


တိုက်ဖွိုက်ရောဂါဖြင့် ဖြူ ဆေးရုံတင်ပေးခဲ့ရသောကလေးနှင့် သူ့အမေ။

"ဆရာမ ပြောင်းတော့မလို့ဆို . . . ကျွန်မတို့ကြားရတာ စိတ်တောင် မကောင်းဘူး ဆရာမရယ်"

ဖြူ လတ်နှင့်စကားပြောဆိုနေကြသည်ကို အိမ်ရှင်ဒေါ်ဒေါ်ရီကြား သွားသည် ထင်ပါ၏။ ထိုသတင်းက တစ်ရပ်ကွက်လုံး ပျံ့နှံ့နေတော့သည်။

ဖြူ့မှာ "သူငယ်ချင်းကခေါ်တာပါ၊ ကျွန်မက မပြောတတ်သေးပါ ဘူး" ဟု မတင်မကျအဖြေပေးနေရသည်။

ထိုရက်များအတွင်းက သတင်းလာမေးသူတွေ . . . မပြောင်းဖို့လာ ပြောသူတွေနှင့် ဖြူ့မှာ ဖြေရှင်း၍သာနေရလေသည်။ ရင်းနှီးလို့ ဆေးကုသခ ငွေ အကြွေးထားသူတို့တောင်မှ ဖြူ့ထံလာလို့ ပြန်လည်ဖြေရှင်းပေးကြ၏။

"ကိုယ့်ရပ်ကွက်ထဲမှာ ဆေးခန်းလေးရှိနေလို့ သိပ်အဆင်ပြေနေတာ ဆရာမရယ် . . . ဖြစ်နိုင်ရင် ဒီမှာပဲနေပါတော့"

ဒီလိုတော့လည်း ဖြူ့ကို သူတို့သံယောဇဉ်ရှိကြပေသားဟု ဖြူ ယုံမိ လေသည်။ ငယ်ငယ်က တစ်ခါတစ်ရံ တစ်ကျောင်းလုံးရဲ့အပစ်ပယ်ခံဘဝသို့ ကိုယ်ကိုယ်ကို ဘာကြောင့်မှန်းမသိဘဲ ထင်မြင်နေမိရာက ဒီလိုမဟုတ်မှန်း သိလာရသောအခါ ဖြစ်ပေါ်လာတတ်သောပီတိမျိုးကို ယခုလည်း ဖြူ ခံစား နေရလေသည်။ ဖြူကိုယ်တိုင်လည်း . . . တကယ်တမ်းဆေးခန်းပိတ်ကာ ပြောင်းရွှေ့ဖို့စဉ်းစားသောအခါ 'စေတနာဖြူ'ရဲ့ လှနာတွေ မျက်နှာများစွာ ကို မြင်ယောင်လို့နေမိသည်။ ပြီးတော့ ဖြူ ကြိုးစားပမ်းစား ပျိုးထောင်ခဲ့ရ သော 'စေတနာဖြူ'ရဲ့ မျက်နှာ . . . 'စေတနာဖြူ'ဖွင့်ဖို့ရက် . . . နံနက်စော စောတွင် ရှုလိုင်မိုးက သဲသဲမဲမဲရွာလို့နေ၏။ ထိုမိုးသဲသဲကြားမှာ ရပ်ကွက် လေးရဲ့ထိပ်က ဈေးကလေးသည် ထီးဆောင်းဈေးဝယ်တို့ဖြင့် ထီးအမိုးချင်း စပ်ထိနေခဲ့သည်။ ထိုကြားမှဖြတ်ကာ ဖြူ့မောင်လေးက ဆိုင်းဘုတ်ကို သယ် လာတော့ . . .

"စေတနာဖြူ . . . တဲ့တော့"

"ဆေးခန်းနာမည်က စေတနာဖြူ . . . တဲ့"

ဟု ဆိုင်းဘုတ်သစ်လွင်လေးကို မြင်သူတိုင်းက အသံထွက်ဖတ်ကြ


www.burmeseclassic.com

www.burmeseclassic.com


လေသည်။ ထိုနေ့ကစလို့ "စေတနာဖြူ"ကို လူသိခဲ့တာ . . . ဖြူ အမှတ်ရနေပါသေး၏။

စီးပွားရေးဘဏ်(၃)၊ ကျိုက္ကဆံ ကျန်းမာရေးရုံး စသည့် စသည့်ရုံးများစွာသို့ မှတ်ပုံတင်ဆေးခန်းလေးဖြစ်လာအောင် ဖြူ အခေါက်ခေါက်အခါခါ သွားခဲ့ရတာ . . . 'စေတနာဖြူ'မဖြစ်တည်ခင်က နေရာအနှံ့အပြား အလုပ်ရှာဖွေခဲ့ရတာ . . . ပျိုးမိပေသော 'စေတနာဖြူ'ကို ဆက်လက်ရှင်သန်လျက် ဖြူ့လိုပင် ကျင်လည်နေကြသော ဘဝတူများစွာနှင့်လည်း ဖြူမျက်မှန်းတန်းမိလာခဲ့ပြီ။ ခြေခင်းလက်ခင်း သာလာသော အိမ်အပြန်လမ်းတွင် ဖြူနှင့်အတူ အဖော်များစွာကို ရလာခဲ့ပြီလေ။ ဖြူ အိမ်ပြန်ချိန်သည် သူတို့အိမ်ပြန်ချိန်နှင့် အတူတူ . . . လှည်းတန်းက နံပါတ်(၈)ကားကို စောင့်စီးစဉ် လှည်းတန်း တစ်ဝိုက်က ညဈေးလမ်းဘေးဈေးသည်လေးတွေလည်း ဆိုင်သိမ်းလာသည်နှင့် ကြုံတတ်မြဲ . . . ပလတ်စတစ်ခင်းပေါ်က ပေါင်ဒါဗူး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သော့ စသည့်အတိုအထွာပစ္စည်းလေးတွေကိုဖြစ်ဖြစ် . . . စွပ်ကျယ်ဘောင်းဘီတို့ကိုဖြစ်ဖြစ် . . . (၂၈)ကျပ်၊ (၁၅)ကျပ်ဟု တန်ဖိုးကတ်ပြားလေးတင်ထားသည့် ပုဆိုးတွေကိုဖြစ်ဖြစ် . . . သားရေကြိမ်းအိတ်ထဲသို့ စနစ်တကျကောက်သိမ်းထည့်ကာ ထိုအိတ်လေးကိုလွယ်လျက် . . . ကားပေါ်သို့ တက်လာကြလေသည်။ ကားပေါ်တွင် အိတ်တစ်လုံးလွယ်လျက် ရောက်နှင့်ပြီးသား ဖြူက သူတို့အတွက် နေရာကျဲ့ပေးမိလေသည်။ စင်စစ်တစ်ညတာကို သမ္မာအာဇီဝဖြင့် ရုန်းကန်နေကြသူ အများအပြားထဲမှာ ဖြူသည်လည်း တစ်ယောက်တစ်လေမျှသာ . . . ဘဝတူတွေကို 'စေတနာဖြူ' အခြေတကျရှိလို့ စိတ်ကို ဒုန်းဒုန်းချလိုက်သောအခါတွင်မှ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိရင်းက မြင်လာမိလေသည်။

ခုတော့ . . . ဖြူသည် မာကျူရီမီးရောင်အောက်က ခဲသားပြောင်ပြောင် လမ်းမကြီးပေါ်မှာ အရသာခံလို့ လျှောက်နေတတ်ပြီ။ ဈေးပေါင်ကျိုးသည့် မြေနီကုန်းညဈေးရဲ့ ညဆယ်နာရီတွင် အိမ်အတွက် သားငါးပေါ်ပေါ်များများ ဝယ်နိုင်တာ . . . အိမ်သားတွေကိုနှိုးကာ တပျော်တပါးစားကြဖို့ မြေနီကုန်းညဈေးရဲ့ ဓာတ်မီးတိုင်အောက်က ဘိန်းမုန့်နွေးနွေးဝယ်ရတာ ဖြူ


www.burmeseclassic.com

www.burmeseclassic.com



သဘောကျလို့နေပြီပင် . . . ဖြူ သံယောဇဉ်ကြီးရသော 'စေတနာဖြူ'က လည်း တလှုပ်ယှဲယှဲကြားကပင် ဖြူ့ကို အတန်အသင့်မျှသော ဝင်ငွေကို တော့ ပေးနေသေးသည်သာ . . . စေတနာဖြူကိုပဲ အဆုံးတိုင်အရိပ်ကြည့် သွားဖို့ ဖြူ ကြိုးစားရပေဦးမည်။

ကျောင်းပြီးသောအခါ အချို့သူတို့လိုပဲ အလုပ်ရသည်အထိ စိတ်အေး လက်အေးစွာ ထိုင်စောင့်နေခဲ့ပါလျှင်လည်း ဖြစ်မည်သာ . . . သူတို့က ဖောဖောသီသီ ကြွယ်ဝစွာစောင့်ခဲ့နိုင်ပေမည်။ ဖြူ့အတွက် နှစ်ရှည်လများ ကုန်ကျထားခဲ့ရပြီးသော မေမေ . . . ဖေဖေတို့ကလည်း ဒီတစ်နှစ် နှစ်နှစ် အတွက်တော့ စကားပြောနေချင်တော့မည် မဟုတ်ပေ . . . သို့မဟုတ် ဖြူ ဒီလိုတော့မနေတတ်ပါ။ အနည်းဆုံး ဖြူ့ကိုယ်ဖြူ တာဝန်ယူနိုင်ဖို့ ပုံမှန် ဝင်ငွေရှိအောင် ရှာဖွေချင်သည်။ သို့ဖြင့် 'စေတနာဖြူ'ကို ကောက်ရခဲ့မိခြင်းပါ ပဲ။ 'စေတနာဖြူ'ကြောင့် ဖြူသည် အလုပ်ရဲ့သဘော . . . လုပ်ခငွေကြေးရဲ့ သဘောကို နားလည်ခဲ့ရပြီ . . .

စင်စစ် 'စေတနာဖြူ'သည် လုံခြုံမှုတစွာ ခိုလှုံနိုင်လောက်အောင် အရိပ်ဖြာဝေသည့် ထီးကလေးလိုတော့ မဟုတ်ခဲ့သေး . . . စလူရွက်ကလေး ပမာဏမျှသာရှိသည့် အမိုးအကာမည်ရုံလေးသာ ဖြစ်မည်ထင်၏။

ရှေ့ဆက်ရမည့် စုံကန္တာ ခရီးရှည်အတွက် ခိုလှုံလောက်သည့် ဘယ် ထီးတစ်စင်းတစ်လေမျှ ဖြူ . . . မရရှိခဲ့စေဦးတော့ . . . ဒီစလူရွက်လေးကို ပင် ထီးအမှတ်ဖြင့် မိုးကာကာ ခရီးဆက်နေရပေဦးမည်။

ရှေ့ခရီးသည် တစ်စထက်တစ်စ နီးလာခဲ့ပြီဟုသာ . . . ဖြူ မျှော်လင့်ကြီးစွာ ထင်မိပါ၏။

❖ ❖ ❖ * ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## သိပါလေစ ကျောင်းသွားဇော်

ကစ္ဆပနဒီသည် နေရောင်ခြည်တွင် တလက်လက် အရောင်ယှက်ဖြာလျက်ရှိသည်။ ရေတက်ချိန်ဖြစ်ပေ၏။ ရေကျစဉ်တွင် ကျယ်လွင့်စွာမြင်ရလေသော ရေပြင်ကျယ်ကြီး ပျောက်ဆုံးနေသည်။ သစ်ပင်ချုံပုတ်လေးတွေ ဟိုတစ်ခု ဒီတစ်ခုသည်လည်း ဘယ်ဆီတွင် နစ်မြုပ်နေပြီမသိ . . . ကြည့်လေရာရာ ရေပြင်ကျယ်သာ စိုးမိုးနေသည်။ ကမ်းစပ်ကို ရိုက်ခတ်လာသော လှိုင်းပုတ်သံများကို အဆက်မပြတ်ကြားနေရပေ၏။ နေခြည်ဖြာလင်းစတွင် နှင်းဖြူတို့ကလည်း အမွှားမွှားကြွေဆင်းဆဲဖြစ်သည်။

အပျော်လှော်ကျောက် လူရွယ်တစ်စုတို့ မြစ်ပြင်ထဲသို့ ထိုးထွက်နေသော ‘မင်းကြီးကျောက်တန်း’ ကြီးပေါ်တွင် လျှောက်သွားနေကြသည်။ စစ်တွေမြို့လူငယ်တွေ၏ အဆင်အပြင်ဖြစ်သော ဂျင်းဂျက်ကတ်၊ ဂျင်းရှပ်၊ ဂျင်းဘောင်းဘီ၊ အဖြူ၊ အပြာ၊ ကာကီတို့ဖြင့် . . . သူတို့ကမူ ‘ညေဝတီ’ရှေ့တွင် ရပ်တန့်စောင့်ဆိုင်းနေရဆဲ . . . သူတို့အားလုံးလည်း အေးစက်သော ဆောင်းနံနက်ခင်းတွင် မြစ်ပြင်ထွက်ကြရမည်မို့ ထူထူထဲထဲဝတ်ဆင်ထားကြရသည်။ ဂျာကင်တွေ၊ ဘောင်းဘီရှည်တွေ၊ သူတို့ဆိုသည်က ပင်လယ်ကူး နိုင်ငံခြားကုန်တင်သင်္ဘောတစ်စီး ဆိုက်ရောက်လာလျှင် ကြိုဆို . . . လက်ခံစစ်ဆေ

www.burmeseclassic.com



ရသည့်အဖွဲ့ . . . အကောက်ခွန်မှ ပီအို ကိုမျိုးဇံမောင်တို့အဖွဲ့ . . . ဆိပ်ကမ်း အေဂျင့်ကြီး မစ္စတာမာရကန်နှင့် သူ့လက်ထောက် ဂျင်မီ၊ ပြီးတော့ ဆိပ်ကမ်း ကျန်းမာရေးဌာနမှ သူ . . . အားလုံးပင် တစ်ဖက်နိုင်ငံမှဝင်လာသော ရခိုင်အခေါ် 'အဆိုးထည်' မြန်မာအခေါ် 'ဖျာပုံထည်'များဖြင့် ချမ်းအေးလှ သော စစ်တွေ ၏ဆောင်းကို အန်တုထားကြပေ၏။

ကြိုတင် အကြောင်းကြားစာအရ ဆိုက်ရောက်လာမည့် သင်္ဘောမှာ အမ်ဗွီဂျိုဝါဟူ၏။ ပင်လယ်ဝတစ်နေရာမှာ ကျောက်ချရပ်နားနေမည်ဖြစ်ပြီး ရေတက်နှင့်အတူမှ ကစ္စပနဒီမြစ်ကြောအတွင်း ခုတ်မောင်းဝင်လာမည်ဖြစ် သည်။

သူတို့ရပ်နေရာ ကမ်းနားမှ လှမ်းမျှော်ကြည့်လျှင်ပင် . . . ဘင်္ဂလား ပင်ဘယ်အော်အဝဆီမှာ ရပ်နားနေသော နိုင်ငံခြားသင်္ဘောကြီးကို လှမ်းမြင် နေရပေ၏။ ထိုသင်္ဘောကြီးကို . . . ပိုင်းလော့ဘုတ်ကလေးက သွားရောက် ကြိုဆိုလမ်းပြလာရမှာ ဖြစ်သည်။ ရေကြောင်းပြအရာရှိတာဝန်ကိုပါ ပူးတွဲ ထမ်းဆောင်ရလေ့ရှိသော ပြည်နယ်ဆိပ်ကမ်းအရာရှိက သူတို့နှင့်အတူ 'ဧည ဝတီ'တွင် ထိုင်နေရာက ပိုင်းလော့ဘုတ်ကပ်ထားရာ သင်္ဘောဆိပ်ကြီးဆီသို့ ထွက်ခွာသွားခဲ့ပြီး ဖြစ်သည်။ သူ့လုပ်ငန်းကျွမ်းကျင်မှုကို လေးစားသမှုဖြင့် အဘိုး မကြီးလှသေးသော်လည်း 'အဘိုးကြီး'ဟု သူတို့က ချစ်စနိုး ခေါ်ကြ ပေ၏။ သူတို့အထဲတွင် အသက်အကြီးဆုံးလည်း ဖြစ်ပေ၏။ လှိုင်းလေ ထန် ပြင်းပြီး ကျောက်ဆောင်ထူထပ်လှသော ပင်လယ်ဝမှသည် ကစ္စပနဒီမြစ် ကြောအတွင်းသို့ နိုင်ငံခြားသင်္ဘောကြီးကို ကိုယ်တိုင်ဖေးမမောင်းယူခဲ့ပါ လေမည်။ ၁၉၈၆ ရခိုင်လေဘေးအတွင်းက နစ်မြုပ်ခဲ့သော ပင်လယ်ကူး သင်္ဘောကြီးတစ်စီးလည်း ရှိပေရာ ကျွမ်းကျင်စွာရှောင်ရှားကာ ခုတ်မောင်း ဝင်လာဖို့ လိုအပ်လေမြဲ . . . တစ်ကြိမ်တွင်တော့ နိုင်ငံခြားသင်္ဘောတစ်စင်း က ပိုင်းလော့ဘုတ်ကိုမစောင့်ဘဲ ခုတ်မောင်းဝင်လာခဲ့ဖူးသည်။ ကျောက် ဆောင်ထူထပ်လျက် သင်္ဘောပျက်လည်းရှိကြောင်းသိလေမှ ကပ္ပတိန်ခမျာ



www.burmeseclassic.com

www.burmeseclassic.com


ဖျားသွားရှုရှာသလို နိုင်ငံတကာစည်းကမ်း မလိုက်နာမှုအတွက်လည်း လျော်ကြေးများစွာ ဒဏ်ဆောင်လိုက်ရရှာပေ၏။

"ဂိုက်ဆပနဒီထဲတောင် မဝင်သေးဘူးဆိုတော့ ကရာအုံးဘို့"

သူတို့အဖွဲ့တွင် ပြည်မမှပြောင်းရွှေ့လာသော အမှုထမ်းများ များပေ၏။ မြန်မာစကားသာ အပြောများကြသည်။ စစ်တွေစကားအသုံးအနှုန်းနှင့်လည်း ယဉ်ပါးနေကာ တစ်ခါတစ်ရံမှ ရခိုင်လည်း နားလည်၊ မြန်မာလည်း နားလည်သော ရောကျော်အသုံးအနှုန်းဖြင့် ပြောဖြစ်ကြလေသည်။

"လာဗျို့ . . . ညဝတီထဲကပဲ စောင့်ကြစို့"

အဖွဲ့က စားသောက်ဆိုင်သို့ပြန်ဝင်ရန် ပြင်ကြ၏။ အဘိုးကြီးက စစ်တွေမြို့ကိုကျော့ပတ်၍ စီးဆင်းလာသော ဆတ်ရိုးကျချောင်းကစ္ဆပနဒီသို့ လာရောက်ပေါင်းဆုံရာ အထက်နားဆီအထိ နိုင်ငံခြားသင်္ဘောကို ခုတ်မောင်းယူသွားပြီးမှ ကျောက်ချရပ်နားမည်ဖြစ်သည်။ ဆတ်ရိုးကျချောင်းတစ်လျှောက်တွင် ဆန်သိုလှောင်ရာ ဂိုထောင်များရှိပေ၏။ ပိုင်းလော့ဘုတ်က ပြန်လာပြီး သူတို့ကို သင်္ဘောကြီးဆီသို့ ခေါ်ယူပို့ဆောင်လေမည်။

"ကိုလင်း လာလေဗျာ"

ပြည်မမှ မကြာမီကပြောင်းရွှေ့ရောက်ရှိလာသော ရခိုင်ပြည်နယ်မြေပုံမြို့ဇာတိ ဗီအိုကိုမျိုးဇံမောင်က မြစ်ပြင်သို့ ခပ်ငေးငေးရှိနေသော သူ့ကို အပါခေါ်ငင်နေသည်။

"မလိုက်တော့ဘူးဗျာ . . . တန်းလျားကပဲ ထိုင်စောင့်တော့မယ်၊ စာလေးပေလေးဖတ်ရင်း"

ကမ်းနားတစ်လျှောက် အုတ်ဘောင်ကို အခိုင်အခံ့ပြုထားလေသည်။ ကားလမ်းနှင့် ထို'တာ'အကြားနေရာလယ်တွင် ပင်လယ်ကဗွီးပင်များ စီရရီရှိနေခဲ့ပြီး ထိုအပင်တန်းအောက်က ရောင်စုံခြယ်ခုံတန်းလျားလေးတစ်ခုတွင် အေးအေးလူလူ ထိုင်လျက် . . . မြစ်ပြင်ရှုခင်းကို ငေးမောရသည်မှာ လန်းဆန်းကြည်မွေ့ဖွယ် . . . ဟိုအဝေးတစ်ဖက်ကမ်းမှာက ထဝဲစဉ် မှိုင်းပျပျ


www.burmeseclassic.com

www.burmeseclassic.com



သာ မြင်ရတတ်ပါလေသော ဖရုံကာကျွန်းတောင်တန်းများ။ တစ်ခါတစ်ရံ နှင်းမြူထူထပ်လျှင် တစ်ဖက်ကမ်းသည် ရေးရေးမျှမထင်နိုင်ဘဲ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးအတွင်းသို့ ရောက်နေသည့်နှယ် ထင်ယောင်မြင် ယောင်ပင် ဖြစ်စေတတ်ပေ၏။

ဆိပ်ကမ်း ကျွန်းမာရေးအရာရှိအဖြစ် စစ်တွေမြို့တွင် တာဝန်ကျလေ သောအခါ ဆိပ်ကမ်းနှင့် 'သူ' အစဉ်ထိတွေ့နေရပေ၏။ ပင်လယ်ပြင်သို့လည်း အခါခါထွက်ဖူးခဲ့သည်။ ပင်လယ်မှဆိပ်ကမ်းသို့ ငေးမျှော်ဖြစ်ကာ ဆိပ်ကမ်းမှ လည်း ပင်လယ်ပြင်သို့ ရှုမောဖြစ်ခဲ့သည်။ ဆိပ်ကမ်း၏ အလှ၊ ပင်လယ်ပြင်၏ ရောင်စုံခြယ်လှိုင်းအလှတို့ကို သူ ငေးကြည့်မဝနိုင်ခဲ့လှပေ . . .

ရေပြင်ကျယ်၏ တစ်ဖက်နယ်နိမိတ်ဖြစ်ပေသော တစ်ဖက်ကမ်းရှိ ဖရုံကာကျွန်းတောင်တန်းများ၏ ဖြူလိုက်ပြာလိုက်၊ မှိုင်းညို့လိုက်၊ ရီမှောင် ဆိုင်းကာပျောက်ဆုံးသွားလိုက်ဖြင့် ညို့ယူနေပေသော ညို့ချက်တွင် သူ မင်သက်မိနေဆဲပင် . . .

"ဘော်ဖရုံ ကာကျွန်းတောင်တန်းများ၏ ဖြူလိုက်ပြာလိုက်၊ မှိုင်းညို့လိုက်၊ ရီမှောင် ဆိုင်းကာပျောက်ဆုံးသွားလိုက်ဖြင့် ညို့ယူနေ ပေသော ညို့ချက်တွင် သူ မင်သက်မိနေဆဲပင် . . .

"ဘော် . . . ဘော့"

ပင်လယ်ကူးသင်္ဘောတို့၏ ဥဩသံက ဒီအသံပင် . . . မီးရထားလမ်း ဘေး လယ်ကွင်းထဲမှ လွတ်ကျောင်းထားသော နွားပြာကြီးအသံနှင့်ပင် ခပ် ဆင်ဆင်တည့် . . .

ကိုယ်ထည်မည်းမည်းမြင့်မြင့်ကြီး ဖြစ်သော မိုးထိလုတိုင်တွေ စွင့် စွင့်မားမားပါသော ပင်လယ်ကူးသင်္ဘောကြီးက ခုတ်မောင်းလာနေသည်။ လှိုင်းတဖြိမ့်ဖြိမ့်လှုပ်ရှားနေသော မြစ်ပြင်တွင် သင်္ဘောကြီးက ရာဇဣန္ဒြေ ကြီးမားစွာ ရွေ့လျားလာနေပေ၏။ သင်္ဘောတွင် စက်ဘုနိုင်ငံအလံနှင့်အတူ အဝါရောင်အလံလေး လွှင့်လျက်ပါရှိသည်။ တစ်ပြည်ရပ်ခြားမှရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သောသင်္ဘောအား ကျန်းမာရေးဆေးစစ်ခြင်းများ မပြုရသေးသည့် သင်္ဘော တအမှတ်အသားလေး ဖြစ်ပေ၏။ ဆိပ်ကမ်းကျန်းမာရေးအရာရှိမှာ သင်္ဘော သို့ ပထမဆုံးတက်ရောက်ရမည့်သူ ဖြစ်သည်။ သင်္ဘောနှင့်တကွ ပါဝင်သူ သင်္ဘောသားအားလုံးတွင် ကူးစက်ပျံ့ပွားစေနိုင်သောရောဂါ ကင်းရှင်း ကြောင်း စစ်ဆေးသေချာပြီးမှသာ အခြားသောသက်ဆိုင်ရာအဖွဲ့များကို တက်ခွင့်ပြုပြီဖြစ်ကြောင်း အဝါရောင်အလံလေးကို ချစေလိုက်ရမှာဖြစ် သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရောဂါဘယကူးစက်ပျံ့ပွားမှု ကင်းစေရန် ထားရှိ ပေးသော အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းစည်းမျဉ်းတစ်ခု ဖြစ်ပေ၏။ ရန်ကုန် မြို့လို ဆိပ်ကမ်းမြို့ကြီးများတွင် လိုက်နာနိုင်မှာဖြစ်ပေမယ့် စစ်တွေတွင် တော့ 'ဘုတ်' အခက်အခဲကြောင့် ဆိပ်ကမ်းမှ အဘိုးကြီး၏ 'ပိုင်းလော့ဘုတ်' တွင်သာ လင်းကျော် အပါအဝင် အဖွဲ့အားလုံး စုံညီလိုက်ပါကြရပေ၏။

အမ်ဗွီဂျိုဝါး (M.V JOOWAH) နီးကပ်လာသောအခါ သင်္ဘောဦးက အမည်ကို ဖတ်လိုက်ရပေ၏။ အကြောင်းကြားစာတွင် စင်္ကာပူနိုင်ငံ ငိုဟောင် ဟင် ကုမ္ပဏီပိုင်ဟု ပါရှိသည်။

မည်သည့်နိုင်ငံက ပြည်သူပိုင်သင်္ဘောဖြစ်စေ သင်္ဘောသားလူမျိုးစုံ ပါဝင် လေမည်။ မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသော ဆန်များကို တင်ဆောင် ရန် စစ်တွေမြို့တွင် ကျောက်ချရပ်နားလေမည်။ ကုန်ပြည့်လျှင် ဘင်္ဂလားပင် လယ်အော်ကို ဖြတ်သန်းကာ နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ တိုက်ရိုက်ခုတ် မောင်းသွားလေမည်။ ကုန်မပြည့်သေးလျှင်မူ ရန်ကုန်သို့ ထွက်ခွာလျက် ဆန်သယ်ယူရပေမည်။ စစ်တွေမြို့မှ တိုက်ရိုက်ပြန်လည်ထွက်ခွာသွားသည့် ကုန်တင်သင်္ဘောက များလေသည်။ M.V ဂျိုဝါသည် အသင့်အတင့်ကြီးမား သော သင်္ဘောတစ်စီးဖြစ်ပေ၏။ သင်္ဘောသားများစွာ ပါဝင်ပေမှာပဲ . . . ထိုသင်္ဘောသားများထဲမှာ မြန်မာတိုင်းရင်းသား တစ်ယောက်တလေပါပါ ကောင်း ပါလာခဲ့ရင်ဖြင့် စိတ်ဝင်စားစရာပေ . . . ထုံးတမ်းစဉ်လာ အလှ ဝတ္ထုရားများထဲမှ ကိုယ်ရေးကိုယ်တာဆန်သော ခင်မင်ရင်းနှီးမှုများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာချင်း စကားပြောရသည်ကလည်း . . . နွေးထွေးသောအတွေ့အကြုံတစ်ရပ် ဖြစ်ပေ၏။

တရွေ့ရွေ့ ဝင်လာဆဲဖြစ်သော သင်္ဘောကြီးက မြင်ကွင်းမှမပျောက်သေးပေ . . . ဆိပ်ခံဘောတံတားနှင့် ဆိပ်ကမ်းအဆောက်အအုံများအကွယ်သို့ သင်္ဘောဦးပိုင်း ချွန်ချွန်က ဝင်ရောက်စပင် ရှိနေသေးပေ၏။ သူတို့သင်္ဘောဆီသွားရဖို့က ရခိုင်စကားဖြင့်ဆိုရလျှင် 'ကရာအုံးဘို့' မြန်မာလိုတော့ 'ကြာဦးမယ်' ရောင်စုံခြယ်ခုံတန်းလျားလေးတွင်ပင် သူ ဆက်ထိုင်ရင်း ငေးမိငေးရာ . . . သို့ပေမယ့် ဆိပ်ကမ်းသာရှုခင်းအလှသို့ ငေးမောနေမိလေသည်။

❖ ❖ ❖

•

ပိုင်းလောဘုတ်လေးက စက်ရှိန်လျှော့လျက် သင်္ဘောကြီး၏ Gang-Way ခေါ် သင်္ဘောဘေး သံလှေကားသို့ ညင်သာစွာကပ်လိုက်သည်။ လင်းကျော်အပါအဝင် အဖွဲ့သားများက တစ်ဦးချင်း လှေကားသို့ ဖမ်းခိုကူးကာ အထစ်ကျဲကြီးများကို ချိတ်တွယ်တက်ကြရပေ၏။ မြစ်ပြင်လေ၏ တဗိုးဗိုးတိုက်ခတ်နေသည်။ ကိုယ်တွင် ဝတ်ဆင်ထားသမျှ လွင့်စဉ်ပါသွားတော့မတတ်၊ လေက အမှုင်မပြတ် . . . တစ်မှော်တစ်ခေါ် မော်ကြည့်ရအောင်မြင့်ပေသော ပင်လယ်ကူးသင်္ဘောကြီး၏ နံရံတစ်လျှောက် လှေကားစောက်စောက်လေးမှ တွယ်တက်နေစဉ် တစ်ယောက်မျှ စကားလုမ်းမပြောမိကြ။ သင်္ဘောကုန်းပတ်ပေါ်သို့ ခြေချလိုက်နိုင်မှပဲ သက်ပြင်းတိတ်တဆိတ်ချမိရပေ၏။

သူတို့အဖွဲ့ကို ထုံးစံအတိုင်းပင် ရေဒီယိုအရာရှိက လာရောက်ကြိုဆိုနေ၏။ ပင်ကို အသားလတ်ပေမယ့် နေလောင်သည့်နေရာတို့တွင် နီစပ်နေကာ အလုံးအရပ်ထွားထွား . . . မျက်နှာချိုချိုဖြင့် အားပါးတရ လက်ကိုဆွဲကိုင် နှုတ်ဆက်လိုက်သူမှာ သူမျှော်လင့်တမ်းတထားမိသော မြန်မာတစ်ဦးသာပါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က ငြိမ်းချမ်းပါ၊ အာရ်အိုပါ၊ ရန်ကုန်မြို့ စမ်းချောင်းထဲမှာ နေပါတယ်"

"ကျွန်တော်က လင်းဝင်းကျော်ပါ၊ ဆိပ်ကမ်းကျွန်းမာရေး အရာရှိပါ"

ငြိမ်းချမ်းက သူ့အောက် တစ်နှစ်နှစ်နှစ်ခန့် ငယ်လိမ့်မည်ထင်သည်။ ၂၆ နှစ်ခန့်ရှိပေမည်။ ရုပ်ရည်ကတော့ မြန်မာစစ် လူရွယ်တစ်ယောက်ရဲ့ ရုပ်ရည်ပါပဲ . . . မျက်ခုံးထူထူ မျက်ရစ်ညီညာသော မျက်လုံးညိုညို၊ နှုတ်ခမ်းမထူမပါး၊ မေးရိုးအသင့်အတင့် . . .

"ဒီသင်္ဘောမှာ မြန်မာက ခင်ဗျားတစ်ယောက်တည်းလား"

"ဗေယျာရယ် . . . ကျွန်တော်ရယ် . . . မြန်မာနှစ်ယောက် ပါပါတယ်"

ငြိမ်းချမ်းက ကေဗင်ထဲသို့ ဦးဆောင်ခေါ်ငင်သွားရင်းက လင်းကျော်အမေးကို ဖြေလေသည်။ အလွန်ယဉ်ပါးနေခဲ့ပြီးသား လေသန့်ထားသည့် ဆေးအနံ့က ပင်လယ်ကူးသင်္ဘော တစ်စီးနှင့်တစ်စီး မကွဲပြားစွာ ပုံ့မွှန်နေချေသည်။ အခန်းဖွဲ့ထားပုံချင်းကလည်း ထူးမခြားနားလှ။ ကုမ္ပဏီတစ်ခုတည်းပိုင် သင်္ဘောများဖြစ်ခဲ့လျှင် အမည်လေးတစ်ခုသာ ကွဲပြားသည်အထိ ဆင်တူကြသေးပေ၏။

ထမင်းစားခန်းတွင် ပိုင်းဖွဲ့ထိုင်မိကြတော့မှ ကျန်သောမြန်မာလူရွယ်ကို တွေ့ဖူးသည်။ အသားညိုညို၊ အရပ်က ၅ ပေ ၇ လက်မရှိသော လင်းကျော်ထက် ဆဆမြင့်၏။ငြိမ်းချမ်းထက်ပင် ငယ်ရွယ်မည်ဟု ခန့်မှန်းရ၏။ မှုန်ကုပ်ကုပ်နေတတ်ဟန်တူသော ဗေယျာက သူတို့ မြန်မာပြည်ကအဖွဲ့ကို မြင်သောအခါ သင်္ဘောသားအချို့နှင့် ထိုင်နေရာက ထလာကာ ပြုံး၍နှုတ်ဆက်ပေ၏။ ဗေယျာက ဂျူနီယာအင်ဂျင်နီယာ နိုင်ငံခြားသင်္ဘောသားများစွာ ပါဝင်သော သင်္ဘောကြီးတွင် ငြိမ်းချမ်းနှင့်ဗေယျာကို အရာရှိများဟုဖြစ် ဆိုဆည်းရသည်။ အဖြစ်က ကျေနပ်အားရစရာဖြစ်ပါလေ၏။ တစ်ကြိမ်က လင်းကျော် တက်ခဲ့ရဖူးသော နိုင်ငံခြားသင်္ဘောကြီးတစ်စီးတွင် မြန်မာလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးသာပါဝင်လာခဲ့ပြီး ထိုလူရွယ်လေး၏တာဝန်က စားပွဲထိုး (Mess Boy) အဖြစ် ကျန်သင်္ဘောသားများက နိုင်ငံခြားသားများ၊ သင်္ဘောသားများ နေ့လယ်စာ စားချိန်နှင့် ကြုံကြိုက်နေ၍ ထိုမြန်မာလူငယ်လေးက စားပွဲထိုး နေသည်ကို လင်းကျော်တို့ မြင်ရသည်က ရင်ထဲမှာ မသက်မသာရှိစေလေ သည်။ လင်းဝင်းကျော်မှာ အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲလေ။ သူလည်း သူ့အလုပ် သူလုပ်ကာ . . . ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြရတာ ဘဝပေး တာဝန်တွေပါပဲဟူသော အတွေးကို နာနာလေးတွေးလိုက်ရပါလေ၏။ ကိုယ့် အမျိုးသားချင်းကို သင်္ဘောကြီးရဲ့ အရာရှိများအဖြစ် တွေ့ရလျှင်တော့ အားရ နှစ်သိမ့်မှုက အပြည့်အဝ . . .

မစ္စတာမာရကန်က သင်္ဘော၏ အချို့သောအရာရှိများနှင့် သူတို့အဖွဲ့ ကို မိတ်ဆက်ပေးပြီးသည့်နောက် သက်ဆိုင်ရာလုပ်ငန်း ဆောင်တာများကို စတင်ရပေ၏။ လင်းဝင်းကျော်သည်လည်း Crew List မှာပါသည့် သင်္ဘော သားတစ်ဦးချင်း၏ Yellow Book ခေါ် အပြည်ပြည်ဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်ဆေးထိုး မှတ်တမ်းများကိုစစ်ဆေးကာ ဆေးထိုးဖို့ ရက်ပြည့်ပြီး သော သင်္ဘောသားများကို ရွေးချယ် ဖယ်ထုတ်ထားရပေ၏။ စာရွက် စာတမ်းများဖြင့် မပြီးနိုင်မစီးနိုင် အလုပ်များနေခိုက် ဧယျာတစ်ယောက် က အနားသို့ ကပ်လာလိုက် . . . အလုပ်များနေသေးမှန်းသိလျှင် ပြန်ခွာ သွားလိုက်ဖြင့် မငြိမ်မသက်ရှိလှသည်မို့ မော်ကြည့်ကာ သူ့အတွက် အချိန်ပေး လိုက်သည်နှင့် ဧယျာ သူ့ဆန္ဒကို ဖွင့်ဟပါလေသည်။

"အစ်ကို . . . ကျွန်တော် ရန်ကုန်ကို ခဏလောက်သွားချင်တယ် ဗျာ"

"ဟာ . . . ဘယ်ဖြစ်မလဲ . . . ခင်ဗျားတို့မှာ သင်္ဘောကခွာပြီး ကမ်းပေါ် ညအိပ်ခွင့်တောင် မရှိတာပဲ"

လင်းကျော် အလန့်တကြားပင် ထိုအဆိုကို ကန့်ကွက်မိလေ၏။

"အစ်ကိုကလည်းဗျာ . . . နည်းနည်းပါးပါး ကြံဖြည်ပေးစမ်းပါဦး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် သိပ်အရေးကြီးနေလို့ပါ”

“မဖြစ်နိုင်ဘူး ထင်တယ်ဗျာ”

ဒီတော့ ဧယျာက မျက်နှာညှိုးငယ်စွာဖြင့် သူ့ကိုတောင်းပန်တိုးလျှိုး ပြန်ပေ၏။

သူ့ချစ်သူမှာ ရန်ကုန်မြို့ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွင် ရှိနေပါကြောင်း မြန်မာပြည်၊ စစ်တွေမြို့ခရီးစဉ်ကို အစီအစဉ်မရှိ ရက်ကပ်ပြီးမှ ပြောင်းလဲ လိုက်သော ခရီးစဉ်အရ ဝင်လာခဲ့ရလို့ ကြိုတင်အကြောင်းကြားဖို့ အခွင့် မသာခဲ့ရကြောင်း . . . ခွဲခွာနေရသည်မှာလည်း နှစ်နှစ်စွန်းလာခဲ့ပြီလို့မို့။

“လုပ်ပါ အစ်ကိုရာ . . . ကူညီနိုင်ရင် ကူညီပါဗျာ . . . ဟိုအစ်ကိုတွေ ကိုလည်း ပြောပေးပါ”

လင်းဝင်းကျော်တစ်ယောက် လှိုင်းလူးသောမြစ်ပြင်ကို ပိုင်းလော့ ဘုတ်ကလေးနှင့် ဖြတ်သန်းပြန်လာခဲ့သောအခါ ဒီအကြောင်းကို သူ့အဖွဲ့သို့ ပြန်ပြောင်းပြောပြမိခဲ့လေ၏။ သူ့အဖွဲ့ကလည်း စာနာစွာ နားထောင်နေခဲ့ ကြသည်။ ‘အဘိုးကြီး’ တစ်ယောက်ကသာ . . . “အမေ အဖေနဲ့ မတွေ့ရတာ ကြာလို့ တွေ့ချင်တယ်လို့များ တစ်ယောက်မှ မလာကြဘူး”

ထေ့မနာပြုလေသည်။ ဧယျာ့နည်းတူ သူ့အတွက်ပါ စဉ်းစားပေး ပါ။ သူ့မှာလည်း . . . စသည်ဖြင့် ငြိမ်းချမ်းကလည်း တတွတ်တွတ်တောင်းဆို လိုက်သည်မို့ ဖြစ်လေ၏။

❖ ❖ ❖

ဒီသတင်း ဧယျာသို့ သိစေရသည်မှာ မပေါ်မလွင်ရှိလှသည်။ ဆိပ် ကမ်းအဝင်ဂိတ်တွင် ဧယျာ ငူငူကြီးရပ်နေသည်။

“နောက်ထပ် တစ်နှစ်ဟာ အနည်းဆုံးပဲ”

ရှည်ကြာစွာ ငူငိုင်နေပြီးမှ ဧယျာ ရင်ဖွင့်ညည်းညူသည်။ ဗိုက်ပူက် လက်လျှော့ရှိနေဟန်က သူ့မျက်နှာပြင်တွင် အထင်းသား . . . လင်းကျော်



www.burmeseclassic.com

www.burmeseclassic.com


မှာ စိတ်ခတ်ကျဆင်းနေသူရှေ့တွင် ကြာရှည်စွာ မနေတတ် . . . သူ တတ်သလို ဖျောင်းဖျနှစ်သိမ့်ဖို့ကလည်း အခုက လူတစ်ယောက်ရဲ့ ကျန်းမာ ရေးမှာမှ မဟုတ်ပေဘဲ . . . နှုတ်ဆက်ထွက်ခွာသွားဖို့သာ စဉ်းစားရလေ သည်။

"ကိုယ် ရုံးပြန်သွားလိုက်ဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့"

မြစ်ပြင်လေ ပြေပြေတိုက်ခတ်နေသော ကမ်းနားတစ်လျှောက် သူ့ရုံး ခန်း တွဲဖွင့်ထားရလေသော မြို့နယ်ဆရာဝန်ရုံးရှိရာဆီသို့ ပြန်လာခဲ့ရသည်။ ရုံးဝင်းသို့ ချိုးမဝင်ရသေးမီ ဒီအကြောင်းကိုပဲ တွေးလာသည်မို့ အဖြေတစ်ခုကို စဉ်းစားလို့ရလိုက်မိပေ၏။ နောက်သို့ ပြန်လှည့်ကြည့်မိလျှင် ဂျင်းဘောင်ဘီ ရှည်နှင့် တီရှပ်အဖြူ ဝတ်ဆင်ထားသော လူရွယ်နှစ်ဦးသဏ္ဌာန်ကို နေရာတွင် ပင် ကျောက်ချရပ်လျက်သား တွေ့ရသည်။ လင်းကျော် နောက်ကြောင်းပြန် လှည့်ကာ လျှောက်လာခဲ့သည်။

ခဏကြာတော့ လင်းကျော်နှင့်ဇေယျာ . . . ငြိမ်းချမ်းတို့ လူရွယ်သုံး ဦးသာ ဆက်သွယ်ရေး ကြေးနန်းရုံးဆီသို့ သွားသောလမ်းပေါ်တွင် စကား တပြောပြောဖြင့် ရှိနေခဲ့ပြီ။

❖ ❖ ❖

ဇေယျာ၊ ငြိမ်းချမ်းနှင့် လင်းကျော်တို့ ထိုအခါမှစလို့ မိတ်ဆွေရင်းချာ ဖြစ်ကာ ခင်မင်ရင်းနှီးခဲ့ကြသည်ပင် ဖြစ်ပေ၏။ ရန်ကုန်သို့ တယ်လီဖုန်း ဆက် သွယ်ကြည့်သောအခါ 'စန္ဒီဦး'နှင့် မတွေ့ကြရပေ။ စန္ဒီက ဇေယျာချစ်သူ မိန်းကလေး . . . မြန်မာစာဌာနမှ အချိန်ပြည့်နည်းပြတစ်ဦးဟု သိရှိရသည်။ ဒေါ်စန္ဒီဦး အသုံးလုံးကျေ လုပ်အားပေးများနှင့်အတူ ဝါးခယ်မမြို့သို့ ရောက် နေပါတယ်ဟု ကြားလိုက်ရတော့ ဇေယျာ၏ မှုန်သောမျက်နှာက မှိုင်းညို့ သွားခဲ့တော့သည်ပင် . . . သူတို့သဘော်က အလွန်ဆုံးတစ်ပတ် . . . ဆယ်ရက်မျှသာ စစ်တွေမြို့တွင် ရှိနေနိုင်မည်မို့ မြန်မာပြည်သို့ ဝင်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com


သျှက် ချစ်သူနှင့်မဆုံတွေ့နိုင်ဘဲ ပြန်လည်ထွက်ခွာသွားရမည်က ဇေယျာ အတွက် နှမြောတမ်းတဖွယ်ရာဖြစ်နေရှာမည် ထင်၏။

"မြန်မာပြည်ထဲကို မမျှော်လင့်ဘဲရောက်လာပြီးတော့ ကိုယ့်မြေကို နင်းရတာကိုက ရင်ထဲမှာ ဇီလင်တစ်မျိုးလာတယ်ကွနော့"

ငြိမ်းချမ်းက လွမ်းမောစွာပြောခဲ့လျှင် . . .

"မင့် ဇမေသူနဲ့တွေ့ရတဲ့ အခါကျတော့လည်း နောက်ထပ်ဖီလင်တစ် မျိုး ဝင်လာဦးမှာပေါ့ကွာ"

ဇေယျာက မချိတရိဆိုလေသည်။ ငြိမ်းချမ်းကတော့ ဇေယျာထက် ကာင်းသူပေပဲ . . . သူ့ချစ်သူ 'မေသူမောင်'နှင့် ဖုန်းပြောရကာ စစ်တွေသို့ ဒ ဖွဲန်ဆုံးလာခဲ့မည် ကတိစကားကို ရထားလိုက်လေသည်။

သူတို့နှစ်ဦး၏ ဂျူတီမရှိသောရက်များတွင် လင်းကျော်ထံမှာသာ စက်ကြတတ်ပေ၏။ မြို့ခံဖြစ်သော လင်းကျော်ကို ခေတ္တမြန်မာပြည်ရောက် မြန်မာနှစ်ဦးက 'ဂိုက်' အဖြစ်ခန့်အပ်လျက် လှည့်လည် လည်ပတ်ကြလေ သည်။ စစ်တွေမြို့သို့ နိုင်ငံခြားကုန်တင်သင်္ဘောများက မပြတ်ဆိုက်ကပ် တတ်ပြီးလျှင် သင်္ဘောသားများလည်း ဂျူတီကျနေသူတို့မှအပ ကုန်းမြေသို့ အလုအယက် တက်ရောက်လည်ပတ်တတ်ချေရာ . . . နိုင်ငံခြားသင်္ဘော သားတို့နှင့် စစ်တွေက စိမ်းမနေ . . . ဘာသာစကားအခက်အခဲကို ကမ္ဘာ သုံးဝေါဟာရ လက်ပြအမူအရာပြဖြင့် ဖြေရှင်းလျက် လက်ရာလှပသော ရခိုင် ရိုးရာ လွယ်အိတ်ဆိုင်များရှေ့တွင် သူတို့ကို တရစ်ဝဲဝဲ တွေ့ရတတ်ပြီ။

စစ်တွေမြို့တစ်ဝိုက်၏ ထင်ရှားသော ကန်တော်ကြီး၊ သလုံးတော် ဓာတ်စေတီ၊ ကျောက်တန်း ကြိုးတံတား၊ နာမည်ကြီး ပွိုင့် စသည့်နေရာများ သို့ လိုက်ပို့ရန်စီစဉ်လျှင် "နေဦးအစ်ကိုရ မေသူလာမှ အတူတူသွားကြရ အောင်" ငြိမ်းချမ်းက အပြုံးစစနှင့် ဆိုလေ၏။

ဇေယျာက မျက်မှောင်ကျုံ့ကာ . . .

"တော်ပါတော့ကွာ အပိုတွေလုပ်မနေစမ်းပါနဲ့ . . . ငါ့ကာယ်ရောက်


www.burmeseclassic.com

www.burmeseclassic.com



လာရင် တို့လိုက်နေမှာတောင် စိုးနေဦးမှာပါ”

နားမလည်နိုင်စွာ ပြောခဲ့သေးလျှင် . . .

“သူတောင် သူ့အန်တီကြီးခေါ်လာသေးတာပဲ . . . ငါကလည်း မင်းနဲ့ အစ်ကိုကိုခေါ်ရမှာပေါ့”

ငြိမ်းချမ်းအငြဖြစကားကိုကြားရတော့ ဖေယျာနှင့်လင်းကျော်မှာ ဟက်ဟက်ပက်ပက် ရယ်မောမိရပါလေ၏။

❖ ❖ ❖

မေသူမောင်နှင့် သူ့အန်တီကို လေဆိပ်တွင် သွားရောက်ကြိုဆိုရစဉ်တွင်လည်း လင်းကျော်နှင့်ဖေယျာ ပါရပြန်လေ၏။ လေဆိပ်တွင် တစ်ခါဆိုသော M.V ဂျိုဝါးသို့ တက်ရောက်ခဲ့ကြသည့် အဖွဲ့သားများနှင့် သူ့မိန်းကလေး မေသူမောင်ကို ငြိမ်းချမ်းက မိတ်ဆက်ပေး၏။ ‘မေသူ’ကလည်း ၂၀ရာစု၏ မိန်းမချောလေးတို့ အဆင်အပြင် အပြည့်ရှိပေသော အမျိုးသမီးလေးတစ်ဦးပေပဲ . . . အဆင်ဆင့်ညှပ်ကာ ပုံသွင်းထား ဟန်ရှိပေသော ကပိုကရိုဆံပင်ပုံစံ၊ တီရှပ်အဖြူနှင့် အနီ စွေးစွေး . . . လုံချည်ပြောင်တို့ကို ဝတ်ဆင်ထားလေသည်။ မေသူ၏အန်တီ ဒေါ်ထားထား မြင့်သည်လည်း ၂၀ ရာစုမိန်းမချောလေးများ၏ အန်တီပုံစံ အပြည့်ဖြင့်ပင်ဖြစ် ပေ၏။ မိတ်ကပ်မျက်နှာ၊ အင်ဒိုနီးရှားပါတိတ်၊ လက်ကိုင်အိတ်၊ ခွာမထူမပါး ယိုးဒယားဖိနပ်တို့ဖြင့် . . .

လင်းကျော်ကမူ မျက်နှာမှုန်မှုန်ရှိသော ဖေယျာ့ကို ကရုဏာပိုနေမိခဲ့သည်ပင် . . . နေရောင်အောက်တွင် တောက်ပလက်ဖြာနေသော ဂျက်လေယာဉ်ကြီးဆီသို့ ခရီးသည်တွေ တစ်စီတစ်တန်းကြီး တက်ရောက်နေကြသည်ကို ဖေယျာ အငေးသားရှိနေသည်။ နောက် မိနစ် ၅၀ အကြာတွင် ခရီးသည်များက မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်သွားလေမည်။ ဖေယျာသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်လေးငါးရက်ခန့်အကြာတွင် . . . မြန်မာပြည်၊ စစ်တွေမြို့မှ ထွက်ခွာသွားမည့် M.V ဂျိုဝါးနှင့် အတူလိုက်ပါ ထွက်ခွာသွားရတော့မည်ပင် . . . ချစ်သူနှင့် မဆုံဆည်းလိုက်နိုင်သော ဖေယျာကို လင်းကျော်က သနားဂရုဏာ သက်နေမိဆဲ . . .

"ဟယ် . . . ဒီကလေးနှစ်ယောက်ဟာ ဒုက္ခပါပဲ . . . ဘယ့်နှယ် လူတွေကြားထဲမှာ"

အန်တီ့စကားသံ ကြားလိုက်ရ၏။ ငြိမ်းချမ်းနှင့်မေသူတို့သို့ လှည့်ကြည့်မိလေလျှင် နှစ်ဦးသားကို မျက်ရည်ကြားမှာ အပြုံးစတွေနှင့် တွေ့ရပါလေ၏။ ချစ်သူဆုံတွေ့ရပြီး ခွဲခွာရပြန်လေဦးမည့် ငြိမ်းချမ်းသည်လည်း သနားကြင်နာစရာပါပဲလား။

❖ ❖ ❖

ညနေဆည်းဆာတွင် ပင်လယ်ကမ်းခြေသည် တည်ငြိမ်စွာလှပနေပါလေ၏။ သဲညိုညိုသောင်ပြင်ကျယ်ကြီးသို့ လှိုင်းလုံးကြီးများက တလိမ့်လိမ့် ပြေးလာရိုက်ပုတ်လျက် ကြားရက်ဖြစ်၍ ပင်လယ်ကမ်းခြေတွင် လေညှင်းခံလာသူ အနည်းအပါးသာ ရှိနေ၏။ အဝေးကပြေးလာနေသော လှိုင်းခေါင်းဖြူတို့အသံ၊ ပင်လယ်လေပြေသံတို့ကို ကောင်းစွာခံစား ကြားရနေနိုင်သည်။ ပွိုင့်၊ စစ်တွေမြို့၏ ပင်လယ်ကမ်းခြေအလှကို ခံစားနိုင်လေသောနေရာ။ တစ်ဖက်ကမ်းတောင်တန်းများကို လှမ်းမြင်နိုင်သော ကစ္ဆပနဒီနှင့် ဒီဘက်မှာတော့ ကမ်းမမြင်လမ်းမမြင်ရလေသော ဘင်္ဂလားပင်ဘယ်အော်တို့ ဆုံတွေ့ရာ . . . ဒီအတွက်ကြောင့်ပင် ပွိုင့်ဟု တွင်လေသလား။ ညှိသည် အန်တီကို လင်းကျော်က ပွိုင့်နှင့်မိတ်ဆက်ပေးမိပေ၏။

"ပွိုင့်က ပင်လယ်ကမ်းခြေဆိုတော့ ပေလီလိုပါပဲ အန်တီရယ် . . . ပေလီကတော့ အုန်းပင်တန်းတွေရှိတာရယ် . . . ပင်လယ်ကမ်းခြေ ပိုပြီးကျယ်ပြန့်တာရယ်ကြောင့် ပိုပြီးသာယာတယ်လို့တော့ ဆိုနိုင်ပါတယ်၊ ပွိုင့်



www.burmeseclassic.com

www.burmeseclassic.com


မှာတော့ တစ်ဖက်မှာက မြစ်ရှိသေးလို့ ကမ်းခြေက ပင်လယ်တစ်လျှောက် မှာပဲ ရှိပါတယ်၊ ပင်လယ်ကမ်းခြေ အလှချင်းကတော့ ပွိုင့်နဲ့ပေလီက အတူ တူပါပဲ"

ပွိုင့်သို့ လင်းကျော် မကြာခဏရောက်ဖြစ်သည်။ ပင်လယ်လေ ရှူရှိုက်ရင်း ကမ်းခြေတစ်လမ်းဆုံး လမ်းလျှောက်ရသည်က . . . စိတ်ကို ကြည်လင် လန်းဆတ်စေလှသည်ပင် . . . တနင်္ဂနွေအားရက်ဆိုပါရင် လေညှင်းခံလာသူတွေဖြင့် ကမ်းခြေတစ်ခုလုံးသွတ်မျှ စည်ကားနေတတ် သည်။ ပျော်ပွဲစားထွက်ခြင်းက စစ်တွေမြို့တွင် အလေ့ပါလျက်ရှိပေရာ ပွိုင့် က ရွေးချယ်ချင်စရာ နေရာကောင်းတစ်ခု ဖြစ်လေသည်။

နွေအားရက်များတွင် ပွိုင့်သို့ ပစ်ကနစ်ထွက်လာသော လူတွေ၊ ကား တွေဖြင့် ကမ်းလုံးပြည့်ဖြစ်ရသည်။ အနောက်ဥရောပဆန်စွာ ယမကာကို လည်း လွတ်လပ်စွာမှီဝဲကြပေရာ သောက်ရင်းပျော်၊ ပျော်ရင်းသောက်သူတို့ ဖြင့် ပွိုင့်သည် စည်ကားလှပေ၏။ ကမ်းစပ်သောင်ပြင်ကျယ်ကြီးမှာ တစ် ယောက်နှင့်တစ်ယောက် ပခုံးချင်းယှဉ် တိုးဝှေ့ကျယ်ကြီးမှာ တစ်ယောက် နှင့်တစ်ယောက် ပခုံးချင်းယှဉ် တိုးဝှေ့သွားရလောက်အောင် လူသူပြည့်ကျပ် စွာ ပျော်ရွှင်ကြပေ၏။ မီယာမီကမ်းခြေရဲ့ နွေဦးရက်လိုနေမှာပဲဟု မရောက် ဖူးသော လင်းကျော်က တွေးမိရသေးလေသည်။

လူခြေတိတ်ဆိတ် ပါးလျာသော ဒီညနေမှာကဲ့သို့ ကျောက်ခုံတန်း လေတွင် အတူယှဉ်တွဲထိုင်လျက် စကားဖွေ ်ထိုး တီးတိုးဆိုနေခွင့်တော့ သာမည်မဟုတ်ပေ။ ပင်လယ်လှိုင်းလုံးကြီးများ ကျောက်ဆောင်ပေါ်သို့ဝဲနေ သော သူ့အကြည့်သည် သူတို့နှစ်ဦးရှိရာသို့လည်း မကြာခဏရောက်ဖြစ်သွား ရပေ၏။ လိုက်ဖက်တင့်တယ်ပေသော ငယ်ရွယ်သူနှစ်ဦး၊ ငြိမ်းချမ်းက သူတို့ သဘော်သားတို့ နှစ်သက်လေ့ရှိသော အဖြူခံ၊ အပြာကန့်လန့်စင်း တီရှပ်နှင့် ဂျင်းဘောင်းဘီရှည်ကို မမှေ့မလျော့ ဝတ်ဆင်ထားပေ၏။ မေသူကမူ ဒီနေ့ အဖို့တော့ လိမ္မော်ရောင်မိန်းကလေးဖြစ်နေပြန်ပေ၏။ သူ့အကြည့်များက


www.burmeseclassic.com

www.burmeseclassic.com


မခွာဖြစ်ရှိနေဆဲ . . . ငြိမ်းချမ်းက ရခိုင်သဇင်ပန်းခက်လေးကို သူမဆံပင်ခွေလေးများတွင် မပန်တတ်ပန်တတ်ဖြင့် ပန်ဆင်ပေးရန် ဖြင့်နေသည်ကို မြင်လိုက်မိပေ၏။ လင်းကျော်မှာ . . .

"အန်တီရေ ဟိုဘက်ကမ်းကလှမ်းမြင်နေရတဲ့ တောင်တန်းကြီးတွေက ဖရုံကာကျွန်းကြီးတွေပေ့ါ၊ အဲဒီမှာ တန်ခိုးကြီးဆံတော်ရှင်ဘုရား ရှိပါတယ်၊ နှစ်စဉ် ဘုရားပွဲဆိုရင် သိပ်စည်တာပေ့ါ"

စသည်ဖြင့် တစ်ဖက်ကမ်းသို့ လက်ဇော့ရမ်းပြရင်း စကားတွေဖောင်ဖောင် ပြောမိလေသည်။

"မောင်ချမ်းတို့ သင်္ဘောက ဒီပင်လယ်ကြီးကိုဖြတ်ပြီး ပြန်သွားရမှာလား"

"ဟုတ်ပါတယ် အန်တီ"

ဖေယျာက အဖြေပေးရင်း လင်းကျော်သို့ မျက်စိမှိတ်ပြခဲ့ပေ၏။ ထို ညနေအဖို့ ပြာလဲ့သော ပင်လယ်ပြင်ကြီးသို့သာ လင်းကျော် . . . ဖေယျာနှင့် အန်တီသို့ ငေးပြီးရင်း ငေးရင်းဖြင့်သာ မှောင်ရီပျိုးခဲ့ရပေတော့သည်လေ။

❖ ❖ ❖

"တစ်ခါတစ်ခါတော့ ကျွန်တော့်ကိုယ်ကျွန်တော် တွေးကြည့်မိတယ်ဗျာ၊ တကယ်တော့ ငါ့ဘဝဟာ 'ကမ်းကုန်'နေလို့ ပင်လယ်ထဲဆင်းနေရတဲ့ ဘဝပါလားလို့"

လင်းဝင်းကျော် တစ်ကိုယ်ရေတစ်ကာယနေရပေသော တိုက်ခန်းကလေးသို့ အလည်အပတ်ရောက်ရင်း ဖေယျာက တွေးတွေးဆဆပြောခဲ့ပေ၏။ ပြန်လည်တွေးတောမိတိုင်း ဖေယျာ၏ ထိုစကားလေးကို အမှတ်ရမိသည်။

"ကျွန်တော့်ဖေဖေက စာရေး(၄)၊ နောက်နှစ်ဆိုရင် ပင်စင်ယူတော့

www.burmeseclassic.com


မယ်၊ ကျွန်တော့်မေမေက စာရေး(၃)၊ ကျွန်တော်တို့ မောင်နှမကလည်း များတယ်လေ၊ မောင်နှမခုနစ်ယောက်မှာ အခုအထိ လက်လွတ်တဲ့သူဆိုလို့ ကျွန်တော်အပါအဝင် သုံးယောက်ပဲရှိသေးတယ်၊ ဖေဖေ မေမေ လစာလေးနဲ့ ကျွန်တော်တို့မောင်နှမတွေ ဘယ်လိုချို့ချို့ငဲ့ငဲ့ နေခဲ့ရတယ်ဆိုတဲ့ ဘဝလေးကို ကျွန်တော် မမေ့ပါဘူး၊ မောင်နှမတွေရဲ့ တာဝန်ကလည်းရှိသေးတော့ ကျွန်တော့်အတွက်တော့ 'ကမ်းမမြင်သာ' သေးပါဘူး အစ်ကိုရာ"

"ကျွန်တော့်မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း အတည်တကျနေရတဲ့ ဘဝမျိုးကိုပဲ တောင့်တမိတယ်၊ စန္ဒီနဲ့လက်ထပ်ပြီးရင်တော့ ကုန်းပေါ်က ကိုယ်ပိုင်ဆိုင်တဲ့ ဒီလိုအခန်းကျဉ်းလေးနဲ့ဖြစ်ဖြစ် မိသားစု အတည်တကျနေ သွားနိုင်ဖို့ မျှော်လင့်ခဲ့ရတာပါပဲ အစ်ကို"

လင်းကျော် တစ်နှစ်ကြာမျှစောင့်စားရပြီးမှ ရရှိထားသော ပြည်တော်သာ တိုက်ခန်းလေးက ရန်ကင်းတိုက်ခန်းများနှင့် ဆင်ဆင်တူ၏။ ပြည်မဆေးတက္ကသိုလ်တွင် အမှုထမ်းနေသော မမက မလိုက်ပါနိုင်၍ တစ်ကိုယ်တည်း လူပျိုကြီးလုပ်ကာနေရှာသော အထူးကုဆရာဝန်ကြီးနှင့် လင်းကျော် တွဲဖက်နေရသည်။ ဖေယျာရောက်ခိုက်တွင် ဆရာ လုပ်သင်ခွင့်ဖြင့် ပြန်နေခိုက်ဖြစ်သည်။ ဒီတစ်ခေါက်တော့ ဆရာခွင့်ယူပြီး ပြန်ဖို့ လင်းကျော်က တိုက်တိုက်တွန်းတွန်းပြုလိုက်ရခြင်း ဖြစ်ပေ၏။ မမခွင့်ယူပြီး သားလေးယောက်နှင့် လိုက်လည်ခဲ့စဉ်က လင်းကျော် ဘုံပျောက်လုနီးပါး ရှိခဲ့ရသေးသည်။ ဆရာက မိတ်ဆွေသင်္ဂဟလည်း ပေါများပေရာ ဧည့်သည်လာတိုင်း . . .

"သူက သားအကြီးဆုံးလား"ဟု ကလေးတွေကြားက လင်းကျော်ကို မေးတတ်လျှင် ရယ်မောကြရတတ်သည်။ ထိုအခိုက်မှာ ဖေယျာရောက်နေလျှင်တော့ 'တိုက်ခန်းလေး'ကို သည်မျှအားကျဖွယ် ဖြစ်မည်မထင် . . .

သင်္ဘောကလူက ကုန်းပေါ်ကလူကို အားကျ၊ ကုန်းပေါ်ကလူက သင်္ဘောကလူကို အားကျဖြင့် ဒါကလည်း မရိုးနိုင်သောလောကရဲ့သဘော ဓမ္မတာပင်ထင်ရဲ့ဟု လင်းကျော် တွေးမိနေသည်။ သို့ပေမယ့် ကုန်းကုန်းမြဲ—


www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)လောကမှာ 'သဘော်သားကား' ဟု ဆိုစမှတ်ပြုရလောက်အောင် တွင်ခဲ့ပေသော 'သဘော်သားနှင့်ကား' က ခွဲခြားမရစကောင်းသော သညာတစ်ခုဖြစ်ခဲ့ပေ၏။ ကုန်းပေါ်ကလူက သဘော်ပေါ်ကလူကို အားကျမှုကပိုလိမ့်မည်ပဲထင်ပါ၏။

လင်းကျော်သည်လည်း ဖေယျာကဲ့သို့ပင် မိသားစုကိုခင်တွယ်သူဖြစ်ပေ၏။ အနှစ်သုံးဆယ်ကျော်ပေသော အမှုထမ်းသက်တွင် အစဉ်အလာကောင်းရှိသူ အဖြစ်သာ မြဲမြဲစွာရပ်တည်လာလျက် အချို့သူတို့က "ကိုယ့်စရိတ်နဲ့ကိုယ်မွဲတာပဲ မွဲပေဦးတော့ပေါ့"ဟု ဆိုနေကြစဉ်မှာ သားသမီးတို့ကိုရိုးသားဖြောင့်မတ်ဖို့သာ ကြပ်မတ်ဆုံးမဆဲဖြစ်သော ဖေဖေသည် လင်းကျော်အောက် ဘွဲ့ကြိုညီငယ်နှစ်ဦးရယ် . . . မေမေရယ်နှင့်အတူ အငြိမ်းစားလစာလေးဖြင့် မိသားစုရောင့်ရဲစွာ ကျပ်တည်းနေမြဲ ဖြစ်ပေ၏။ မိဘကိုဖောဖောသီသီ ကျေးဇူးဆပ်နိုင်မှုတွင်တော့ လင်းကျော်လည်း ဖေယျာ့ကိုအားကျမိချင်သားပါပဲလေ . . .

"ဒါပေမယ့် သဘော်ဆိုတာကလည်း တစ်မျိုးတော့ ဖမ်းစားတတ်ပေသား အစ်ကိုရဲ့ . . . အချိန်ကျရင် နောက်တစ်ခါ ပြန်မထွက်ဘဲ မနေနိုင်ပြန်ဘူး၊ သဘော်ပေါ်ရောက်တော့လည်း သဘော်သာ ကိုယ့်အိမ်ကိုယ့်ရာ အစစ်အမှန်ဖြစ်သွားရပြန်တာပါပဲ"

"ကျွန်တော်တို့လို ပင်လယ်ထဲမှာ သိပ်အပျော်ကြီးမဟုတ်ပေမယ့် ကုန်းပေါ်ကျတော့လည်း အသက်မွေးဝမ်းကျောင်းဖို့ အထာမကျတော့ဘဲ သဘော်ပေါ်ချည်းသာ ပြန်ပြန်ရောက်လာရတဲ့ လူစားကလည်း တစ်စားပေါ့၊ ပင်လယ်ပျော်ကြီးတွေလည်း ရှိသေးတယ် အစ်ကို . . . သူတို့ကျတော့ သဘော်သားတွေ ခေတ်မစားခင်ကတည်းက ပင်လယ်ထဲရောက်နေတဲ့ မြန်မာသဘော်သားကြီးတွေပေါ့၊ စွန့်စွန့်စားစား ခရီးသွားနေရတာကို နှစ်သက်တယ်၊ အတည်တကျအိမ်ထောင်တို့ သားသမီးတို့ဆိုတဲ့ စိတ်ကူးမျိုးသူတို့မှာ ပေါ်ကိုမလာဘူးလေ၊ သဘော်ဟာ သူတို့ဘဝပဲ . . . နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



စားရှိသေးတယ်၊ ပြောရမလားမသိဘူး၊ ပင်လယ်ရဲ့ ကြောက်စရာ အထီးကျန်နိုင်မှုကို သည်းမခံနိုင်ဘဲ တစ်ခေါက်တည်းနဲ့ ကုန်းပေါ်ပြန်ရောက်သွားတဲ့ အဖြစ်မျိုးတွေလည်း ရှိခဲ့တယ် အစ်ကို"

ဗေယျာ သရုပ်ခွဲပြပေသော သင်္ဘောသားသုံးစားကို နားထောင်နေမိရင်းက . . . တစ်ခါက 'ကျောင်းသွားဖော်' ညီမလေးတစ်ယောက်ကို လင်းကျော် အမှတ်တရရှိလာမိရပါလေသည်။

များစွာသော ကျောင်းသွားဖော်တွေထဲမှာ သူမကို မကြာခဏလို အမှတ်တရရှိနေတတ်ခြင်းက သူမရဲ့ထူးခြားသော ခံယူချက်ကလေးများကြောင့်ပင် ထင်မိ၏။ လင်းကျော်ကဲ့သို့ ဆေးကျောင်းသား ခုနစ်နှစ်ကြီးကို ဖြတ်ကျော်ခဲ့ကာ အပြင်ဆေးခန်း ဆရာဝန်ဘဝမှ လက်ထောက်ဆရာဝန်ဘဝသို့ ရောက်နေပြီးသူ တစ်ဦးအတွက် တမ်းတစွဲလမ်းနေမိသူလေးရယ်ဟု ကောက်ချက်ပြုရမည်ကလည်း ကြောင်စီစီနိုင်လှမည့် အဖြစ်ပင် . . . သို့ပေမယ့် အပြစ်ကင်းစင် ပျော်ရွှင်ဖွယ်သော ငယ်ကျောင်းသားဘဝနှင့်အတူ သူမကို သတိရတတ်သည်က ထိုဘဝလေးရဲ့ အဆောင်အယောင်တစ်ခုအနေနှင့်သာ ဖြစ်လေမှာပဲဟု လင်းဝင်းကျော်က ယူဆထားလိုက်ရရင် မကောင်းပေဘူးလား။

❖ ❖ ❖

သင်္ဘောသားတွေ ခေတ်မစားမီအခါက လင်းကျော်က ကိုးတန်းကျောင်းသားကြီး၊ သူမက ရှစ်တန်းကျောင်းသူလေး ဒေစီဦး . . . လင်းကျော် ထိုနှစ် ဖျာပုံမြို့သို့ ကျောင်းပြောင်းလာရစဉ် ကျောင်း၏ရွှေမင်းသမီးအဖြစ် ဒေစီက ကျော်ကြားနေပြီဖြစ်၏။ ကျောင်းစာ၊ အားကစားနှင့် လုပ်ရည်ကိုင်ရည်တို့တွင် ထင်ရှားထူးချွန်လှပါသတဲ့ . . .

ကျောင်းသားကြီးများကပင် ထန္တမ်းတနားချီးကျူးကြသောအခါ သူပြုံးထေ့ချင်လာရလေ၏။ လင်းကျော်၏ . . . ငယ်နုသေးသော အယူအဆက



www.burmeseclassic.com

www.burmeseclassic.com


သည်း တစ်ယူသန်ချင်လေ၏။ ထိုစဉ်က ဖျာပုံမြို့တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူး၏သားဖြစ်သော လင်းကျော်အဖို့ စာတော်ဖို့၊ နိုင်ငံနှင့်လူမျိုးကို ချစ်ဖို့ကလွဲလို့ အရေးကြီးသောအရာများ မရှိပြီဟု ခံယူထားသည့် အသိစိတ်ခာတ်မျိုးကလည်း ဒေစီတို့ကဲ့သို့ များပြားသော ရေလုပ်ငန်းများနှင့် ပုစွန်ခြောက်၊ ငါးခြောက်လုပ်ငန်း ပွဲရုံကြီးပိုင်ရှင်၏ သမီးဖြစ်သူထံမှာ တွေ့ရဖို့ကကတုံးမလေးနှင့် ပန်းတစ်ပွင့်ပမာ ဝေးကွာသော အဖြစ်ဟု ထင်မှတ်ထားမိပြန်လေ၏။

ဒေစီ၏ ဗဟိဒ္ဓကို ကြည့်မောလျက် စိတ်ဝင်စားချင်ရှာကြသော သူငယ်ချင်းတွေထက် လင်းကျော်က ဒေစီ့အတွက် အဇ္ဈတ္တသဏ္ဍာန်ကို ထွင်းဖောက်ကြည့်မိကာ ထိုသို့ကြည့်မိသောအခါ မြင်မိသည်က ဒေစီစားရဖို့ရယ်၊ ဒေစီဝတ်ရဖို့ရယ်၊ ဒေစီလှပဖို့လိုတယ် ကိုသာ သိလေမည်။ သူမရဲ့ မရင့်ကျက်သေးသော စိတ်ဓာတ်ကလေး တပ်ဝင်းထဲတွင် ကြီးပြင်းအရွယ်ရောက်လာရသူ လင်းကျော်အဖို့ ရဲဘော်ရဲဘက်စိတ် . . . မိသားစုစိတ် . . . ပြည်ချစ်စိတ်တို့သာ စိမ့်ဝင်နေခဲ့ကာ အချို့သော သက်တူရွယ်တူတွေ၏ ဘဝကို ကြည့်မြင်ရသည်က ပေါ့လျော့လျော့နိုင်သလို ထင်မြင်မိခဲ့ပေ၏။

သို့ပေမယ့်လည်း လင်းကျော်၏ တစ်ဖက်သတ်အတွေးအမြင်တို့ကသည်း မှားယွင်းတတ်ပါသေးလားဟု တစ်ခါတွင်တော့ သိရှိခဲ့ရလေသည်။ ထိုအသိနှင့်အတူ လင်းကျော်ရင်မှာ ထိခိုက်ခြင်းက များစွာရှက်ရွံ့ခြင်းကလည်း များစွာပင် . . .

❖ ❖ ❖

လင်းကျော်တို့ တပ်ရင်းမှ ဆင်နွှဲခဲ့သော စစ်ဆင်ရေးတစ်ခုတွင် ဖြစ်သည်။

သောင်းကျန်းသူတို့စခန်းကို ဖြိုခွင်းနိုင်ခဲ့ပေမယ့် တပ်ရင်းအရာရှိတစ်ဦးနှင့် ရဲဘော်အချို့တို့ အသက်ကိုပေးလှူခဲ့ရပေ၏။ အခြားကျဆုံးသူ ဒုအရာ



www.burmeseclassic.com

www.burmeseclassic.com



ခံဗိုလ်တစ်ဦးနှင့် ရဲဘော်နှစ်ဦးတို့၏ သားသမီးလေးများမှာလည်း ကျောင်းကြိုကားတစ်စီးတည်း အတူသွားဖော် ညီငယ်၊ ညီမငယ်များဖြစ်လေ၍ သူတို့အတွက်လည်း လင်းကျော် ကရုဏာသက်၍မဆုံးပေ။ နောင်အခါတွင် ထိုကြေကွဲဝမ်းနည်းမှုများကို လင်းကျော်က မှတ်တမ်းတင်ခွင့်ရခဲ့သည်ပင်။

ဖျာပုံမြို့လုံးကျွတ် လိုက်ပါပို့ဆောင်ကြပေသော နိုင်ငံတော်ဈာပနအခမ်းအနားပြီးသည့် နောက်တစ်ရက်တွင် ဖြစ်သည်။ အတန်းပေါင်းစုံအတွက် ခေါင်းစဉ်တစ်မျိုးတည်းဖြင့် ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲတစ်ရပ်ကို ကျောင်းအုပ်ဆရာမကြီးက လျှပ်တစ်ပြက် ကျင်းပပြုလုပ်ခဲ့လေသည်။ ခေါင်းစဉ်က 'အာဇာနည်များသို့ အလေးပြုခြင်း'၊ လင်းကျော်က သူ၏ယူကျုံးမရ၊ ကြေကွဲဝမ်းနည်းရမှု၊ နမြေတသဖြစ်ရမှု ခံစားချက်များဖြင့်အကောင်းဆုံး စာစီစာကုံးတစ်ခုကို ရေးသားသီကုံးခဲ့ကာ ကိုးတန်းတွင်ပထမရရှိခဲ့ပေ၏။ အဋ္ဌမတန်းမှ ပထမရရှိသူမှာ ထုံးစံအတိုင်း မဒေစီ။ သူမ၏စာစီစာကုံးကိုတော့ ကျောင်းစည်းဝေးခန်းမကြီးမှာ ဖတ်ပြစေဖို့ ဆရာမကြီးက ရွေးချယ်ခဲ့လေသည်။ ကျောင်းစည်းဝေးပွဲနေ့တွင် ဒေစီတစ်ယောက်သူမ၏ စာစီစာကုံးကို ကိုယ်တိုင်ဖတ်ပြနေဟန်လေးက တွေးကြည့်မိလေတိုင်း မြင်ယောင်လို့ရနေဆဲပင်... သူမကလည်း သူမခံစားရသည့် ဝမ်းနည်းကြေကွဲရမှုများကို ရေးသားဖွဲ့ဆိုပြခဲ့သည်။ နိဂုံးချုပ်ကိုမူ ဒေစီက မာန်ပါပါဖတ်ပြသွားခဲ့ကာ အသက်စွန့်လှူသွားခဲ့ကြသူများစွာရဲ့ ကျေးဇူးကို အောက်မေ့ကာ သူတို့ကို စံနမူနာထားလျက် ကိုယ့်ပြည်ကိုချစ်ဖို့၊ ပြည်ချစ်စိတ်ဓာတ်ကို ကျရာကဏ္ဍမှနေ၍ အလုပ်နှင့်ပြသဖို့၊ ကျွန်မနှင့်တကွ အစည်းအဝေးခန်းမကြီးထဲမှာရှိသော ကျောင်းသားအပေါင်းတို့လည်း ကျောင်းစာကိုထူးချွန်စေခြင်းဖြင့် ကိုယ့်တာဝန်ကို ကျေပွန်ရာရောက်အောင် ကြိုးပမ်းကြပါစို့... ဟူသော သဘောအဓိပ္ပာယ်ပါသည့် စာသားလေးဖြင့် သီကုံးထားသည်ကို လင်းကျော် ယခုထက်တိုင် မှတ်မိကာ ခန်းမကြီးတစ်ခုလုံး လက်ခုပ်သံတွေ လျှံသွားအောင် ကောင်းမွန်လှသည့် ခံစားချက်လေးကို သူမက



www.burmeseclassic.com

www.burmeseclassic.com


ခံစားမိခဲ့လေ၏။ နိဂုံးတွင် ပါဝင်သည့် . . .

"ကျွန်မနဲ့တကွ အစည်းအဝေးခန်းဒကြီးထဲမှာရှိတဲ့"ဟူသော စာစီစာကုံးရေးစဉ်က ပါဝင်ခဲ့ဟန်တူသောစကားလေးကို ထည့်သွင်းလျက် စည်းရုံးသွားနိုင်ခဲ့ခြင်းပင် ဒေစီ၏ပါးနပ်လိမ္မာသော ဉာဏ်အရည်အသွေးတစ်ရပ်ဖြစ်လေသည်။

လင်းကျောင်း တစ်ယောက်မှာတော့ မျက်နှာတစ်ခုလုံး ပူထူနီမြန်းလျက် သူ အသိစိတ်ဓာတ် မပြည့်ဝသူဟု ထင်မှတ်ထားမိသူ စီပွားရေးသမားတစ်ဦး၏သမီးတွင် မပြည့်ဝသူဟု ထက်သန်သောလူရွယ်လူငယ်စိတ်ရှိသည်ကို မမျှော်လင့်ဘဲ သိရှိရသည့်အပြင် . . . လင်းကျော်မှာလည်း ပြည်ချစ်လူငယ်တစ်ယောက်၏ စိတ်ဓာတ်မျိုး ခိုင်မာစွာရှိထားနှင့်ပြီးခဲ့ပါလျက် ထိုစိတ်ဓာတ်ကို ဖွင့်ဟဖို့ သူများရေးထားသည်ကို ကြားရမှ သတိရမိသည့် ကိုယ့်လိပ်ပြာကိုလည်း ရှက် . . . သူများ လိပ်ပြာတွေကိုလည်း ရှက်မိရင်းက ရန်ကုန်မြို့ ယခင်မြို့မယောက်ျားလေးကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရတော့သည်ပါပင် . . .

ပါးနပ်လိမ္မာလှပေသော မိန်းကလေးကလည်း သူ့ကို အသိအမှတ်ပြုဖို့ ခဲယဉ်းနေခဲ့သောလင်းကျော်၏ မာနတို့ကို ရိပ်စားမိခဲ့မည်ပင် . . . လင်းကျော်နှင့်မို့ ဆုံစည်းမိပြီဆိုလျှင် မျက်နှာလေးကို တမင်ပင့်ကာ အသံကလေးကျယ်ကျယ်ဖြင့် . . .

"ဒေစီကလေ . . . ယောက်ျားဆိုရင် မိန်းမတွေလိုက်မလုပ်နိုင်တဲ့ အလုပ်မျိုး လုပ်တဲ့သူကိုမှ အထင်ကြီးတာ . . . စစ်တိုက်ရတဲ့ စစ်သားတို့ သင်္ဘောသားတို့ . . . လေယာဉ်မောင်းတဲ့ ပိုင်းလော့တို့ပေါ့"

ဟု လူသိရှင်ကြားလည်း ပြောခဲ့ပေရာ လင်းကျော်မှာ မခံချိမခံသာ။

"တောလိုက်တဲ့ မုဆိုးတို့ . . . ဖောင်းစီတဲ့သူတို့ . . . ဆင်ဦးစီးတို့လည်း မိန်းမတွေလိုက်မလုပ်နိုင်တဲ့ အလုပ်တွေပါပဲဗျာ၊ သူတို့ဘဝကိုလို စိတ်မဝင်စားဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



ဟု အငေါ်တူးတူးဖြင့် သူမနား ပြန်ပေါက်အောင် ချေပမိခဲ့သေးပေ၏။

ဖေယျာ၏ စကားမှတစ်ဆင့် ပွားမိပေသော အတွေးများကို သည်မျှနှင့်ပင် ရပ်လိုက်ရတော့ပေသည်။ တကယ်တော့ . . . လင်းကျော် ကျောင်းပြောင်းရွှေ့ခဲ့ပြီး မကြာမီ ဖေဖေတို့တပ်ရင်းသည်လည်း ပဲခူးမြို့သို့ ပြောင်းရွှေ့ခဲ့ရသည်လို့မို့ . . . 'ဆက်ရန်' ကလည်း မရှိတော့ပါပေ။

ဖေယျာ့စကားထဲကလို သင်္ဘောသားတွေ ခေတ်မစားမီကတည်းက သင်္ဘောသားလုပ်ကြပေသော လူငယ်တို့ မြန်မာပြည်မှာရှိသလို သင်္ဘောသားတွေ ခေတ်မစားမီကတည်းက သင်္ဘောသားကိုမှ အထင်ကြီးတတ်သော မိန်းကလေးလည်း မြန်မာပြည်တွင် ရှိခဲ့ပေသည်။

❖ ❖ ❖

လင်းကျော်သည် နွေနှင့်ဆောင်းတွင် အလျဉ်မပြတ်ဆိုက်ရောက်လာတတ်ပေသော နိုင်ငံခြားသင်္ဘောများတွင် တက်ချည်ဆင်းချည်ဖြင့် အလုပ်များနေခဲ့ရပေ၏။

အမှတ်မထင် ခင်မင်ခဲ့ရသော ငြိမ်းချမ်းနှင့်ဖေယျာတို့၏ M.V ဂျိဝါးကြီး တရွေ့ရွေ့ပြန်လည်ထွက်ခွာသွားစဉ် ပနားမားနိုင်ငံ မာမိုနီသင်္ဘောကုမ္ပဏီပိုင် M.V မေပယ်လ်ဝုဒ် သင်္ဘောပေါ်သို့ ရောက်ရှိနေခိုက်ဖြစ်လေ၏။ မြန်မာပြည်က ပြန်လည်ထွက်ခွာမည့် မြန်မာနှစ်ဦးကို သီးသီးသန့်သန့် နှုတ်ဆက်လိုက်ချင်သော်လည်း ကိုယ်လည်းကိုယ့်တာဝန်ထမ်းသူလည်း သူ့တာဝန်ထမ်းနေရလေပြီမို့ နှုတ်ဆက်ခွင့် မသာတော့ပေ။

မေပယ်လ်ဝုဒ်တွင်တော့ မြန်မာတစ်ဦးသာပါ၏။ အသက်လေးဆယ်တွင်းတွင်ရှိမည့် ဒုတိယအရာရှိ ဦးကောင်းဇော် . . . လင်းကျော်တို့ မြန်မာအဖွဲ့ကို စကားအနည်းအကျဉ်းဖြင့် နှုတ်ဆက်ပြောဆိုကာ ဆူကေဇင်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်သွားခဲ့လေ၏။ သူလို မြန်မာသင်္ဘောသားကြီးများကိုလည်း ကြုံဖူး၏။

နိုင်ငံခြားသင်္ဘောသားတွေအလယ်မှာ တစ်ပွေတည်း ခပ်တည်တည် . . . ဆိပ်ကမ်းဆိုက်လို့ အလုအယက်တက်ခြင်းမျိုးသည် သူ့မြန်မာပြည်တွင်းက စစ်တွေမြို့ဆိပ်ကမ်းရယ်လို့ပင် သူ့အတွက် ထူးခြားခြင်းမရှိလှ။ မည်သည့်ဆိပ်ကမ်းတွင် ဆိုက်ဆိုက် . . . ပင်လယ်ခရီးသွားသမားသက်ရင့်ကျက်လှစွာ အထူးအထွေခံစားမှုမျိုးလည်း မဖြစ်ပေါ်တော့ဘဲ ဆိပ်ကမ်းတက်ချင်စိတ်ရှိသည့်အခါ တက်ကာ မရှိလျှင် ကျောက်ချထားသော ရေလယ်ကသင်္ဘောပေါ်မှာသာ တစ်ပတ် . . . ဆယ်ရက် မိန့်မိန့်ကြီးနေလျက် သင်္ဘောနှင့်အတူ ပြန်လည်ထွက်ခွာသည်အထိ ကုန်းမြေသို့ခြေမချဘဲ နေလိုက်သည့်အခါလည်း နေလေ၏။ ဧယျာပြောခဲ့သော သင်္ဘောသားဖြစ်ဖို့ မွေးဖွားလာသည့်သူမျိုး ဖြစ်ပေမှာပဲ ထင်လေ၏။ လင်းကျော်ကမူ သင်္ဘောသားဖြစ်ဖို့ မွေးလာခြင်းမဟုတ်ပေမယ့် သင်္ဘောသားလုပ်လို့ ဖြစ်သည့် ရွှေသတ္တိအခြေခံလေးရှိပေသော ငြိမ်းချမ်းနှင့်ဧယျာတို့ကိုသာ သတိတရရှိနေမိ၏။

❖ ❖ ❖

မိုးက ညို့နေပေ၏။ ညို့မှိုင်းသောမိုးနှင့် မြေပြင်၏အရောင်ကြောင့် ဖရုံကာကျွန်း တောင်တန်းကြီးများလည်း မှိုင်းညို့ရောင်ပြောင်းခဲ့ရပြီ။ ရခိုင်ပြည်နယ်၏ ကျော်ကြားသော မိုးရာသီရောက်ခဲ့ပြီဖြစ်သည်။ ကစ္ဆပနဒီတစ်ပြင်လုံး လှိုင်းဘောင်ဘင် ဝေနေ၊ ဝေသောကြောင့် နွေနှင့်မိုးဆီက စိမ်းမြမြ ပြာလဲ့လဲ့ရှိပေသော မြစ်ရေသည်လည်း နောက်ကျိညိုပုပ်လို့ လာလေသည်။ လှိုင်းလိပ်ကြီးများက တလိမ့်လိမ့်ဖြင့် လူပ်ရှားထကြွလျက်။ လေပြင်း၏ ရိုက်ခတ်သံနှင့် လှိုင်းပုတ်သံများက ကမ်းခြေတစ်လျှောက် ပြင်းထန်စွာမြည်ဟီးနေပေတော့သည်။ မိုးဟော့ဆိုလျှင် တစ်ပတ်၊ ဆယ်ရက်ကို နေရောင်မမြင်ရအောင် အဆက်မပြတ် ရွာသွန်းတတ်ပေသော ပြင်းထန်သည့်ရာသီ



www.burmeseclassic.com

www.burmeseclassic.com



ဥတုကြောင့် မိုးရာသီတွင် နိုင်ငံခြားသင်္ဘောအဝင်အထွက်ကို ပိတ်ထားရပါလေ၏။ နိုင်ငံခြားသင်္ဘောအဝင်အထွက် ပိတ်ထားလေ၍ လင်းကျော် တစ်ယောက် အလုပ်အားနေတော့မည်ဟုထင်လျှင် မှားရော့ပေမည်။ ထိုအခါတွင်မှ လင်းကျော် ခုနစ်ထွေမင်းသားဖြစ်ရပေတော့သည်။ အကျဉ်းထောင်ဆရာဝန်ဖြစ်လိုက် . . . မြို့နယ်ဆရာဝန်ဖြစ်လိုက် . . . တစ်ခါတစ်ရံ မြို့နယ်ကျန်းမာရေးအရာရှိ တစ်ခါတစ်လေ ဒေသန္တရကျန်းမာရေးတာဝန်ခံ ဆေးရုံတွင် အင်အားနည်းခိုက်နှင့်ကြုံလျှင် ဆေးရုံ ဆရာဝန်လည်း ဖြစ်လိုက်ရသေးပေ၏။ လုပ်သက်ခွင့်၊ လစာမဲ့ခွင့်၊ ရောင်တခင်ခွင့်၊ မီးဖွားခွင့်၊ ဖောင်ကြီးသင်တန်းစသည် စသည်ဖြင့် လစ်လပ်နေပေသော နေရာဟူသမျှတွင် အစားဝင်၍ ဝင်ကစွပ်ဆရာဝန် ဖြစ်ရတော့ပေ၏။ တာဝန်တစ်ခုစီကို အတန်အသင့်အချိန်ကြာအောင် ရဖူးသည်မို့ လေ့လာပညာတိုးခြင်း တစ်မျိုးပါပဲဟု လင်းကျော် ခံယူထားရပေ၏။

၁၉၈၂ ခုနှစ်ရဲ့ ဩဂုတ်လဆန်း ၁ ရက်နေ့တွင်တော့ လင်းကျော်သည် ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းဆေးခန်းတွင် ခေတ္တတာဝန်ခံဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေရစဉ် ဖြစ်ပေ၏။

ဒေါက်တာ ဦးလင်းဝင်းကျော်၊ ဆိပ်ကမ်း ကျန်းမာရေးအရာရှိဟု လိပ်မူထားသော ရုံးစာတစ်စောင်ကို ဆေးခန်းအကူလေးက လာပေးပေ၏။ စိတ်ထဲမှာ ထူးဆန်းသွားရပေသည်။

"စစ်တွေရောက်တာ နှစ်နှစ်ကျော်ပါပြီ၊ မကြုံစဖူး မိုးတွင်းမှာသင်္ဘောများ လာဦးမလို့တဲ့လား"

ပြောရင်းဆိုရင်း စာအိတ်ကိုဖွင့်မိသောအခါ မြို့နယ်ဆရာဝန်မှ အကြောင်းကြားစာ ဖြစ်နေပါလေ၏။

"စစ်တွေမြို့ အချိုင်စတာမီးပြတိုက်အနီး ပျက်စီးသွားသော စက်လှေသင်္ဘောမှ ဝန်ထမ်းများအား အရေးပေါ်ကယ်ဆယ်ကာ ဆေးဝါးကုသကြသပေးရန်ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



လင်းကျော်မှာ ကျန်သည့်လူနာတို့ကို ကွန်ပေါင်ဒါ ဦးဖိုးလှနှင့် လွဲခဲ့လျက် မြို့နယ်ဆရာဝန်ရုံးရှိရာသို့ ဘီးကို အပြင်းနှင်ခဲ့ရပေ၏။

❖ ❖ ❖

ပြည်သူ့ပုလဲနှင့် ရေလုပ်ငန်းပိုင် 'ရွှေပုလဲ' ရေယာဉ်က အတန်အသင့်ကြီးမားသော ရေယာဉ်တစ်စီးပေမယ့် ဘင်္ဂလားပင်လယ်ထဲတွင်တော့ စက္ကူလှေလေးတစ်စင်းပမာ ကြီးမားသောလှိုင်းလုံးကြီးများထဲတွင် လူးကာလိမ့်ကာ ရှိနေပေတော့၏။ နှစ်ထပ်တိုက် တစ်လုံးစာအမြင့်ရှိမည်ဖြစ်သော လှိုင်းလုံးကြီးများက ပင့်တင်လိုက် ဖုံးလွှမ်းချလိုက်ဖြင့် 'ရွှေပုလဲ' မှာ လှိုင်းဒဏ်ကို အလူးအလဲခံနေရပေ၏။ သည်မျှကြီးမားသော လှိုင်းလုံးကြီးများက 'ရွှေပုလဲ' အောက်သို့ ရောက်လေသောအခါ ရွှေပုလဲမှာ စကောထဲက ပုလဲလုံးလေးပမာ ဖြစ်နေရတော့ပေ၏။ လှိုင်းလုံးမှ ရေပန်းဖွားများ၏ ပက်စဉ်မှုကြောင့် လင်းကျော်တို့သည် ရေစိုရွှဲ၍ နေပြီဖြစ်၏။ မိုးရက်ဆက်ရွာခဲ့သည်မှာ ကြာမြင့်ပြီမို့ မိုးမသည်းထန်လှဘဲ ဖွဲဖွဲစွေစွေ မိုးမပြတ်ရုံသာ ရှိနေသည်။ လေကမူ ပြင်းထန်လှပါဘိခြင်း။ 'ရွှေပုလဲ'ကို အလူးလူးအလိမ့်လိမ့် ဖြစ်နေအောင် တိုက်ခတ်နေပေတော့၏။

"ရွှေပုလဲကဲ့သို့ပင် လှိုင်းလေဒဏ်ကိုခံနေရပေသော နိုင်ငံခြားသင်္ဘောကြီး၏ ကိုယ်ထည်မည်းမည်းကြီးကို အို့င်စတာမီးပြအနီးမှာ လှမ်းမြင်ရနိုင်နေပြီဖြစ်၏၊ လင်းကျော်သည် ခြေကုပ်မြဲမြဲယူ၍ ရပ်ရင်း အဝေးကြည့် မှန်ဘီလူးဖြင့် လှမ်းကြည့်နေရာ ရေလှိုင်းလုံးကြီးများက သင်္ဘောဦးကို ကွယ်သွားလိုက် . . . ဖုံးလွှမ်းသွားလိုက်ဖြင့် ရေလှိုင်းလုံးကြီး သင်္ဘောကုန်းပတ်ပေါ်မှ လျှောကျလိမ့်ဆင်းသွားစဉ်တွင်မှ သင်္ဘောကြီးကို လျှပ်တစ်ပြက်မျှ ထင်းလင်းစွာမြင်ရပေ၏။ ဆိပ်ကမ်းမှမချွာမီကပင် စက်ပူသင်္ဘောမှာ M.V ရွှေဝါးဟု လင်းကျော် သိထားပြီးဖြစ်သည်။ သင်္ဘောကိုလှမ်းမြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ချင်မှဟုတ်မှာပါဟူသော လင်းကျော်၏ စိတ်ဖြေလက်ဖြေ အတွေးလည်း ပျက်ပြယ်ရသည်။ ရင်ထဲတွင် ဆို့နစ်သောဝေဒနာများဖြင့် မွန်းကျပ်လျက် အဝေးကြည့်မှန်ဘီလူးဖြင့် သင်္ဘောကြီးကိုသာ လှမ်းကြည့်နေမိရပေ၏။ သူမအမည်ကို မြင်တွေ့ရလို့ တွေ့ရပြား ရေလှိုင်းတစ်ချက်က စောင့်၏ အရိုက်တွင် အနေပျက်ကာ လင်းကျော် ယိမ်းထိုးလွင့်ပါသွားရသည်။ ကိုမျိုးဇံတို့ လူစုထဲသို့ ပစ်လဲသွားပြီးမှ အရှိန်က တန့်ရပ်သွားပေတော့၏။ လင်းကျော်ကို ဆီးဖမ်းပေးလိုက်ပေသော ကိုမျိုးဇံ၊ ကိုစိုးအောင်နှင့် မြို့နယ်ကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်နှစ်ဦးတို့မှလည်း ပင်လယ်ခရီးကြောင့် မူးဝေတတ်ခြင်းမှ ကာကွယ်ဆေးများကို ကြိုသောက်ထားကြရသည့်တိုင် စောစောကမှ မူးဝေအော့အန်ထားပြီးစ ဖြစ်ပေ၏။ ပင်လယ်လှိုင်းများက ကြောက်ခမန်းလိလိ ဒေါသမာန်ဟုန်ပွားနေဆဲပင်တည့်။ တစ်နာရီ မိုင်(၄၀ – ၅၀) ခန့် ရှိမည်ဖြစ်သော လေပြင်းကလည်း 'ရွှေပုလဲ'ကို ဦးတည်ရာမှ လွင့်စင်လေအောင် တိုက်ခတ်နေခဲ့သည်။ M.V ဂျိုဝါး၏ အနီး သုံးလေးမိုင်ဝန်းကျင်သို့ပင် မသီနိုင်ဘဲ လှိုင်းလုံးများက ရိုက်ခတ်လိုက်၊ နီးတော့မလိုဖြင့် ဝေးကွာသွားလိုက်ရှိနေပေတော့၏။

ကယ်ဆယ်ရေး နောက်တစ်ဖွဲ့ဖြစ်သော တပ်မတော်ရေမှ '၄၀၅ ရေယာဉ်' သည်လည်း M.V ဂျိုဝါးအနီးသို့ ချဉ်းကပ်ဖို့ကြိုးစားလျက်ရှိသည်ကို လှမ်းမြင်နေရပေ၏။ သူလည်း နီးမယောင်ယောင်ဖြင့် ပို၍ဝေးသော အရပ်သို့ လှိုင်းနှင့်အတူ ပါသွားလိုက် . . . လင်းကျော်တို့လူစုသည်လည်း နေ့လယ် ၁၁ နာရီကပင် ပင်လယ်ထဲသို့ ရောက်နေကာ မူးလိုက် . . . အန်လိုက် . . . မှောက်သွားလိုက်ဖြင့် ပင်လယ်ရဲ့ကျီစယ်မှုများကို နဖူးတွေ ဒူးတွေ့ ခံနေကြရပေတော့၏။

မိုးရက်၏ညနေရီသို့ ရောက်လာခဲ့ပြီ။ M.V ဂျိုဝါး၏ ပုံသဏ္ဌာန်ရေးသည် တစ်စတစ်စ မည်းမှောင်လာလျက် . . . ဆောင်းဦးမှစက လင်းကျော် တက်ရောက်ခဲ့ရသေးပေသော M.V ဂျိုဝါး၏ ကျဆုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲတွင် အဖော်မဲ့အထီးကျန်ဆန်လှပါပေ၏။ သင်္ဘောပေါ်က သင်္ဘောသားတို့ ကံကြမ္မာကား . . . လင်းကျော်သည် ဇေယျာနှင့်ငြိမ်းချမ်းတို့၏ မျက်နှာများကို မြင်ယောင်မိလျက် တနင့်နင့်စိုးရိမ်နေမိရတော့သည်။

ညနေ ငါးနာရီ မှောင်စပျိုးလာချိန်တွင်တော့ ရွှေပုလဲသည် M.V ဂျိုဝါး၏ ဝန်းကျင်မှ ကစ္ဆပနဒီ မြစ်ကြောအတွင်းသို့ ပြန်လည်ဆုတ်ခွာခဲ့ရပေတော့သည်။ စထရက်ချာနှင့် ထမ်းမထုတ်ရရှိ တစ်မယ်ခွေယိုင်စွာ သင်္ဘောဆိပ်မှ တက်လာကြသူတို့မှာ နိုင်ငံခြားသင်္ဘောမှ ဒုက္ခသည်များ မဟုတ်ဘဲ ရွှေပုလဲမှ ကယ်ဆယ်ရေးအဖွဲ့ဖြစ်ပြီး ဆရာဝန်ကိုယ်တိုင်လည်း ပါဝင်ပေ၏။

❖ ❖ ❖

လင်းကျော်သည် ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပြီး နိုးလာသည်နှင့် သတိရမိသည်က M.V ဂျိုဝါးနှင့် သင်္ဘောသားများ ငြိမ်းချမ်း၊ ဇေယျာ . . .

အကောင်သေးပေမယ့် စက်အားကောင်းလှပေသော 'ရွှေပုလဲ' တွင်းမှ လင်းကျော်တို့ပင် ယောက်ယက်ဆန်ခဲ့ကြသည်မို့ အကောင်လည်းကြီး စက်လည်း အလုပ်မလုပ်တော့ပေသော M.V ဂျိုဝါးအတွင်းက သင်္ဘောသား မြန်မာညီနောင်၏ကံကြမ္မာ၊ ကျန်သင်္ဘောသားများအားလုံး၏ ကံကြမ္မာက မတွေးရဲစရာ ဖြစ်နေပေတော့၏။ သူတို့ကိုကယ်ဆယ်ဖို့ ကြိုးပမ်းခဲ့ကြသည်ကိုတော့ မြင်တွေ့ခဲ့ကြတန် ကောင်းပါရဲ့လေ။ မှောင်မိုက်လှသော ညဦး ကြမ်းတမ်းခက်ထရော်သော ပင်လယ်ပြင်တွင်း သင်္ဘောပျက်မှ သင်္ဘောသား ဒုက္ခသည်တို့သည် နောက်တစ်ရက်နံနက် မိုးသောက်သည်နှင့် ကယ်ဆယ်ရေးအဖွဲ့ ရောက်လာလိမ့်ဦးမည်ဆိုသည်ကို စိတ်ချလက်ချစွာ ရှိနေနိုင်ကြပါစေတော့... ဒီညအဖို့မူ လင်းကျော်တွင် ဆောင်ရွက်စရာလေးများရှိနေပါသေးသည်။ ရေမိုးသန့်စင် ကိုယ်ကိုလန်းဆန်းစေပြီးမှ လင်းကျော်တမ်းနား လမ်းမှလရတတ်ဦးသာဒိုးအောင်အိမ်သို့ ထွက်ခဲ့ပေ၏။ မြန်မာလိုတော့



www.burmeseclassic.com

www.burmeseclassic.com



လှရည်တက်ဖြစ်သော အဘိုးသာဒိုးက လင်းကျော်၏ဆေးခန်းတွင် ဆေးကုသခံရင်းက ရင်းနှီးခင်မင်ကာ အဝေးဖုန်းခေါ်ခွင့်ကို အချိန်မရွေး အခမဲ့ လင်းကျော်သို့ ခွင့်ပြုထားခဲ့ပေ၏။ အဘိုး၏အိမ်မှာ လင်းကျော် ညဥ့်နက်မြဲထုံးစံအတိုင်းပင် ထိုညကလည်း ညဥ့်နက်၏။ အခါတိုင်းညကလို 'အဘိုးတို့ခေတ်က စိုက်တွေ' အကြောင်းကို အာရုံဝင်တစား မရှိနိုင်သည်က တော့ အတွေးအာရုံထဲတွင် နေရာယူနှင့်ပြီးသော M.V ဂျိုဝါးအကြောင်းသာ ဖြစ်ပေလိမ့်မည်ပင် . . .

အပြန်လိုက်ပို့ပေးသော အဘိုးသာဒိုး၏ ပရက်စတိုလေးတွင် လိုက်ပါလာရင်း မိုးဖွဲလေးတွေကျဲလာသည်ကို ကောင်းသော အလားအလာအဖြစ် လင်းကျော် သတိပြုလာလေသည်။ မိုးလေငြိမ်သက်စပြုလာသော မိုးရက်၏ ညဥ့်ယံတွင်လည်း ဘင်္ဂလားပင်လယ်အော်ဆီတွင် မဆိုထားနှင့်တော့ ကစ္ဆပနဒီအတွင်းတွင်ပင် မိုးအခါကို မမေ့မလျော့စွာ လှိုင်းလုံးကြီးတွေ တဟဲဟဲဖြင့် ထကြွလှုပ်ရှားလို့နေကာ ဒေါသအရှိန်မပြေသေးတော့ယောင်ပင်။ ပင်လယ်ပြင်ကြီးထဲ သင်္ဘောပျက်မှာ ဒုက္ခသည်တွေကို အခက်အခဲမရှိ လွယ်လင့်တကူ ကယ်ယူနိုင်မည့်သူမှာ မေခလာတစ်ယောက်သာ ရှိမှာပဲထင်ရဲ့ဟု လင်းကျော် တွေးလာခဲ့မိပေ၏။

❖ ❖ ❖

နိုင်ငံခြား သင်္ဘောပျက်မှ ဒုက္ခသည် သင်္ဘောသားများကို ကယ်ဆယ်ဖို့ မြို့နယ်ကယ်ဆယ်ရေးအဖွဲ့မှ လှုပ်ရှားကြပေသော တတိယမြောက်နေ့ ဖြစ်ပေ၏။ ဒီနေ့တွင် အဖွဲ့သားအားလုံး စိတ်လှုပ်ရှားနေကြရသည်။ ကုန်ခဲ့သည့်ရက်က **လှိုင်းနှင့်**လေကို မတုသာဘဲ တဝဲဝဲလည် လှည့်ပတ်နေရရာက ညနေစောင်းလို့ **ကမ်းခြေ**ဆီသို့ ပြန်လည်ဦးတည် ဆုတ်ခွာလာခဲ့ရစဉ် M.V **ဂျိုဝါး၏** ကိုယ်ထည်မည်းမည်းကြီးမှာ ပင်လယ်ထဲသို့ နစ်ဆင်းစပြုနေသယောင် **နိမ့်စောင်းစွာ**မြင်ခဲ့ရသည်မို့ ဒီနေ့တွင် ပိုမိုကြောင့်ကြ ပူပန်နေမိကြပေ၏။ **ရာသီဥတု**ကမူ ဒီနေ့တွင် သာယာလာလျက် နံနက်ခင်းဆီက



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ကိုပင် ဖြူတ်ချည်း မြင်လိုက်ရသေးပေ၏။ လင်းကျော်သည် သုံးရက်မြောက်အဖြစ် 'ရွှေပုလဲ'တွင် လိုက်ပါလာရင်းက ဇေယျာနှင့်ငြိမ်းချမ်းတို့ကိုသာ တွေးတောနေမိပေ၏။ သင်္ဘောပျက်သည်ဟု သတင်းရရှိသည့်နေ့မှ သုံးရက်ကြာခဲ့ပြီ။ သူတို့မျက်နှာကိုမူ မမြင်မတွေ့ရလေသေး။ လင်းကျော်၏ ပူပန်ကြောင့်ကြစိတ်များက အမြင့်ဆုံးသို့ တက်လာနေပေတော့သည်။

ကစ္ဆပနဒီမြစ် အဆုံးသို့ရောက်လာကာ ဘင်္ဂလားပင်လယ်အော် အတွင်းသို့ ရောက်လာသည်နှင့် ဟိုးအဝေးမှာ အခါတိုင်း အထီးတည်းလှမ်းမြင်နေကျ M.V ဂျိုဝါး၏ ကိုယ်ထည်မှုမည်းမည်းကြီးက ရေပေါ်တွင် တစ်ဝက်မျှသာ ရှိတော့ပေ၏။ တစ်ဖွဲ့လုံး အံ့သြထိတ်လန့်သော အာမေဋိတ်သံတွေ ညံစီသွားရပေ၏။

"သွားပြီထင်တယ်ဗျာ"

"နှစ်ရက်လုံး အနားကိုမသိနိုင်ခဲ့တာ ဆိုးတာပဲ"

"လေက တစ်နာရီ မိုင်(၅၀–၆၀)ဟာ လျော့မှ မလျော့ဘဲဗျာ"

တအိအိ တရိရိ နစ်မြုပ်စပြုနေပေသော သင်္ဘောကြီးက ရေပေါ်တွင် အနည်းငယ်မျှသာ ကျန်တော့ပေမယ့် အလုံးစုံ နစ်မြုပ်ဖို့ အချိန်ကြာရှည်စွာ ယူနေသေးသည်မို့ ကြေကွဲဖွယ် မြင်ကွင်းတစ်ရပ်လို မျက်စိထဲမှာ စွဲထင်ခဲ့ရပေ၏။ လင်းကျော်ရင်တွင်လည်း တနုံ့နုံ့နာကျင်စွာ ခံစားရမိကာ ရင်မှာ ဟာင်းလင်းပြင်ပမာ 'ဟာ' သွားရပေတော့သည်။

ရေလှိုင်းလုံးကြီးများ တဝုန်းဝုန်းကြားမှ တစ်စတစ်စ နိမ့်ဆင်းနစ်ဝင်နေပေသော အဝေးမှ M.V ဂျိုဝါး။ လင်းကျော် မတွေ့မြင်ရက်တော့ဘဲ ကေဗင်ထဲသို့ ဆင်းလာမိခဲ့တော့ပေ၏။ သုံးရက်တိုင် ပင်လယ်လှိုင်းဒဏ် ခံထားရပေသော မှုးရိပ်မှုးဝေ ဝေဒနာက ပိုတက်လာကာ ဒီနေ့အဖို့ ကေဗင်ထဲက လုံးဝမထွက်သေးသော ကိုမျိုးဇံဘေးနားတွင် ဝင်ခွေနေလိုက်မိသည်။ ကြမ်းတမ်းသောလှိုင်းများကိုစီးရင်းက မူးမေ့ချင်သလို ဖြစ်လာဆဲ . . .

"ဟေး . . . ဟိုမှာ အသက်ကယ်လှေ"



www.burmeseclassic.com

www.burmeseclassic.com


ဟူသော အားပါးတရဟာစ်အော်လိုက်သံ ကြားလိုက်ရပေ၏။

မျိုးဖံရော လင်းကျော်ပါ ထရပ်မိကြပေ၏။

"ရွှေပုလဲ'သည် ပင်လယ်ထဲသို့ အတော်ပင်ခရီးနယ်ချဲ့ခဲ့သည်ကို တွေ့ရလျက် . . . အများဝိုင်းကြည့်နေရာ ပင်လယ်ပြင်ဆီသို့ လင်းကျော်လည်း လှမ်းမျှော်ကြည့်မိပေ၏။ လှိုင်းခေါင်းဖြူဖွေးများ၏ အနိမ့်အမြင့်လှိုင်းလုံးများကြားမှာ အသက်ကယ်လှေဝါဝါလေး တစ်စင်းကို ပျပျမျှမြင်လိုက်ရတော့သည်။ ရှင်လန်းဝမ်းသာ ဖြစ်ရခြင်းများက တိတ်ဆိတ်နေခဲ့သော 'ရွှေပုလဲ' ကို သက်ဝင်လှုပ်ရှားလာစေသည်။

"တစ်စင်းတည်းတော့ ဟုတ်မှာမဟုတ်ဘူးဗျ။ ရှိဦးမယ်"

မြို့နယ်ကောင်စီမှ တာဝန်ရှိဦးစောဦးက အဝေးကြည့်မှန်ဘီလူးဖြင့် ပင်လယ်တစ်ခွင်ကို ထက်အောက်စုန်ဆန် ရှာဖွေရင်း ပြောခဲ့သည်။ ဦးစောဦးနှင့်အဖွဲ့မှာ M.V ဂျို့ဝါးမှ အက်(စ်)အိုအက်(စ်) အကူအညီခေါ်သည်ကို ရန်ကုန်ကမ်းခြေမှတစ်ဆင့် သတင်းပို့မှုဖြင့် စစ်တွေမြို့တွင် ကယ်ဆယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းလျက် လှုပ်ရှားခဲ့ကြခြင်းဖြစ်ပေ၏။

(ထိုစဉ်က စစ်တွေကမ်းခြေတွင် ပင်လယ်ထဲမှသင်္ဘောများနှင့် တိုက်ရိုက်အဆက်အသွယ်ပြု၍ မရသေးပါချေ။ စက်ကိရိယာ ပစ္စည်းများတပ်ဆင်ဖို့ စီစဉ်နေဆဲကာလသာ ရှိပေသေး၏။)

လှိုင်းလေကြားတွင် လှေလေးသည် နီးလာလိုက် . . . လှိုင်းပုတ်ချက်နှင့်အတူ ဝေးကွာသွားလိုက် ရှိနေပေ၏။ 'ရွှေပုလဲ'ကလည်း တရွေ့ရွေ့ဖြင့် လှေလေးနှင့်နီးရာသို့ ချဉ်းကပ်သွားနေပေ၏။ လှေလေးပေါ်က လှုပ်လှုပ်ရွရွ လက်တပြပြရှိနေသူတွေကို လှမ်းမြင်သာလာသောအခါ . . .

"ဖေယျာ . . . ငြိမ်းချမ်း"

လှိုင်းလှေကြားတွင် လင်းကျော်၏ အားပါးတရဟာစ်အော်သံက ဝီဝီသသ ထွက်ပေါ်မလာနိုင်ဘဲ ဝေဝါးသွားကာ ဟာစ်အော်သံတစ်ခုအဖြစ်တော့ ကြားရစ်နိုင်သေးသည်။ လှေလေးပေါ်က ပြန်လည်ဟာစ်အော်သံများကိုလည်း


www.burmeseclassic.com

သွဲ့သွဲ့ကြားရပေ၏။ လက်ကလေးတွေ မြှောက်လျက်ပြနေသည်ကမူ တလှုပ် လှုပ်ဖြင့် . . . ရွှေပုလဲသည် နီးကပ်လာပြီဖြစ်သော လှေလေးဆီသို့ ကျွမ်း ကျင်စွာချဉ်းကပ်သွားခဲ့ပေ၏။ ကယ်ဆယ်ရေးအဖွဲ့သားများ၏ ဝမ်းသာအား ရသံတွေက ရွှေပုလဲပေါ်တွင် ဆူညံနေတော့ပေသည်။

အသက်ကယ်လှေလေးထဲတွင် ပါဝင်သော သင်္ဘောသားက ဆယ် ယောက်ခန့်ရှိမည်ထင်၏။ အားလုံးပင် ရေတွေစိုရွှဲကာ အသက်ကယ်အင်္ကျီ ကိုယ်စီ၊ ဘောင်းဘီကိုယ်စီနှင့်မို့ ဖေယျာနှင့်ငြိမ်းချမ်းကို မရှာတတ်ဘဲ ရှိနေ ရလေသည်။ လှေလေးမှ ကြိုးစပစ်ပေးကာ 'ရွှေပုလဲ'မှ ဖမ်းယူမိလောက် အောင် နီးကပ်လာသော အကွာအဝေးကို ရောက်ပါမှ သချာစွာကြည့်ယူ တော့ ကြာကြာမရှာဖွေလိုက်ရဘဲ ကြိုးစပစ်ပေးနေသူမှာ ဖေယျာကိုယ်တိုင် ဖြစ်နေပေ၏။ သူ့နောက်မှ ကပ်လျက်က ငြိမ်းချမ်း . . .

"ကျွန်တော်လည်း ပါတယ်ဗျို့"

ဟူသော မြန်မာစကားသံကိုကြားလိုက်ရတော့ ဝမ်းသာကြည်နူးရခြင်း များက လင်းကျော်ကိုယ်ထဲမှာ ပျံ့နှံ့လွှမ်းခြုံသွားပေတော့သည်လေ။

ဖေယျာပစ်ပေးသော ကြိုးစကို ရွှေပုလဲမှ တတိယအကြိမ်တွင်မှ ဖမ်း မိခဲ့ပေ၏။ လှေငယ်လေးကို တဖြည်းဖြည်းဆွဲယူ ဆိုက်ကပ်လာစေပြီးမှ သင်္ဘောသားများကို ဆွဲတင်ကြရ၏။ အားလုံး ကိုးယောက်ဖြစ်ပေ၏။ တချို့ က ဘောင်းဘီတို၊ တချို့ကမူ ဘောင်းဘီရှည်ကို ဆုတ်ဖြဲပစ်ထားခဲ့ဟန် ဒူး အထက်တွင် အနားများစုတ်ပြတ်နေသော ဘောင်းဘီဖြင့် အချို့က တီရှပ်၊ အချို့က ကိုယ်ချွတ်ဗလာဖြင့် . . . အဝတ်တစ်ထည် ကိုယ်တစ်ခုတွင် သူ တို့ သင်္ဘောသားနှင့်သက်ဆိုင်သော စီဒီပတ်(စ်)ပို့၊ ရဲလိုးဘွ(ခ်) ခေါ်စာအုပ်ငါ စသည်တို့ကိုသာ ပလတ်စတစ်အိတ်လေးများဖြင့် စုစည်းထုပ်လျက် ဘောင်း ဘီအိတ်များထဲတွင် သိမ်းဆည်းလျက်ပါပေ၏။

"ဗမာပြည်ပြန်လာတဲ့ သင်္ဘောသားတွေထဲမှာတော့ ကျွန်တော်တို့က အသားနားဆုံးနဲ့ အစုမိဆုံးပဲ အစ်ကိုရေ"

❧ ရွှေသန္တာ စာပေ ☙

www.burmeseclassic.com

www.burmeseclassic.com

ပျော့ပျော့နေတတ်ပေသော ငြိမ်းချမ်းက လင်းကျော်ကိုတွေ့လိုက်သည်နှင့် ရွှန်းပြက်လိုက်ပေသေး၏။ ပြုံးရယ်ကာ ပြောပေမယ့် သူ့အရယ်နှင့် ချောင်းဆိုးသံ တဟွတ်ဟွတ်က ရောသွားကာ သူ့အဆုတ်မှာ အအေးမိလျက် ရှိနေပြီကို မှန်းဆမိစေလေ၏။ ဇေယျာ့တွင်တော့ နှာခေါင်းသွေး ယိုစီးကျနေသည်မို့ နှာခေါင်းရိုး ကျိုးမကျိုးစမ်းသပ်ကြည့်ရှု ပေးရသည်။

"ဂျိုဝါးကြောင့် ဟုတ်ဘူးအစ်ကိုရေ့ . . . ဟိုကုလားကြောင့်ဗျ၊ ကျွန်တော်တို့ အသက်ကယ်လှေက သင်္ဘောကလည်း ခွလာမိရော ဗိုက်ပေါက်သွားလို့ ပင်လယ်ထဲကို မျောပါသွားရောဗျ . . . ဒီမှာတင် ဟိုဟူစိန်ဆိုတဲ့ အင်ဒိုနီးရှားကုလားက ရေထဲဆင်းသေပါ့မယ်လုပ်နေလို့ မနည်းဝိုင်းဆွဲထားရတာ . . . အဲဒါ သူက ဆွဲရမလားလို့ ပြန်ထိုးတဲ့ ဒဏ်ရာလေ"

လင်းကျော်သည် သုံးရက်လုံး ဒုက္ခရောက်လာကြသူတို့ အားလုံးကို လိုအပ်သော ရှေးဦးသူနာပြုမှုများကို ပြုရပေ၏။ အနည်းအကျဉ်းအထိအခိုက်မှ ဆိုးဆိုးရွားရွား အသက်အန္တရာယ်ရှိလောက်သည်အထိ တစ်ယောက်မှ ထိခိုက်ခြင်းမရှိခဲ့သည်က ကံကောင်းထောက်မ၍ပေပဲ . . .

"အသက်ကယ်လှေနှစ်စင်းနဲ့ ကျွန်တော်တို့ ဒီနေ့မနက်မှ သင်္ဘောက ခွာလာကြတာ . . . ဟိုတစ်စင်းမှာ လူ (၁၈)ယောက်ပါသွားတယ်"

ဇေယျာနှင့်ငြိမ်းချမ်းတို့ထံမှ သတင်းစကားအရ ပင်လယ်ပြင်တွင် လှည့်ပတ်၍ ကျန်လှေကိုရှာဖွေကြသေး၏။ ရှရှားရေနံတင်သင်္ဘောကြီးတစ်စင်းနှင့် ဟောင်ကောင်မှ သင်္ဘောတစ်စင်းတို့ကလည်း ကုန်လွန်ခဲ့သောရက်များအတွင်းက ဂျိုဝါးအနီးသို့ ကယ်ဆယ်ရန်ချဉ်းကပ်ခဲ့ကြသေးသည်ဟု သိရသည်။ လှိုင်းလေကြီးနေသဖြင့် ထိုသင်္ဘောသားများလည်း မချဉ်းကပ်နိုင်ခဲ့ကြပေ။

ကျန်သည့် အသက်ကယ်လှေတစ်စင်းသို့ အတန်ကြာရှာဖွေသေးပေမယ့် အစာရေစာပြတ်လပ်လျက် အအေးမိနေကြသော သင်္ဘောသားများမှာလည်း အဖျားတက်နေကြပြီမို့ ကမ်းမြေဆီသို့ ရွှေပုလဲကိုဦးတည် ပြန်လှည့်ခဲ့ရလေသည်။ စစ်တွေသင်္ဘောဆိပ်ကြီးတွင် ရွှေပုလဲရေယာဉ်ကို ဆိုက်ကပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေ၏။ သင်္ဘောပေါ်မှပင် ဆိပ်ကမ်းတွင်စောင့်ဆိုင်းနေသော ကြက်ခြေနီ တပ်ဖွဲ့ကို လှမ်းမြင်တွေ့ရပေ၏။ စစ်တွေမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိ ဝန်ထမ်းများလည်း ရောက်ရှိနေပေ၏။ ထိုလူအုပ်များ၏ ရှေ့ဆုံးတန်းတွင် တော့ လင်းကျော် သိမြင်ဖူးခဲ့သော ငြိမ်းချမ်း၏ မေသူမောင်နှင့်အတူ ယှဉ်တွဲရပ်နေသော ဖြူဖြူသွယ်သွယ် အမျိုးသမီးလေးတစ်ဦးကိုပါ တွေ့မြင်လိုက်ရပေ၏။ လင်းကျော် တယ်လီဖုန်းထဲမှာ စကားပြောခဲ့ရသော ဇေယျာ၏ စန္ဒီဖြစ်လေမည်ပင် . . .

"ဟာ . . . အစ်ကိုရာ ကျေးဇူး . . . ကျေးဇူး"

ဇေယျာနှင့်ငြိမ်းချမ်းက လင်းကျော်ကို တစ်လှည့်စီဆုပ်ကိုင်လှုပ်ရမ်း ကြသည်မှာ လက်မောင်းပြုတ်ထွက်မတတ်ပေ . . .

ရွှေပုလဲ ဆိုက်ကပ်လေသောအခါ အသက်ဘေးအန္တရာယ်မှ သိုးကာ သီကာ လွတ်လာကြလေသော ဂျီဝါးသင်္ဘောသားတို့ကို စစ်တွေမှ နွေးထွေးစွာ ဆီးကြိုပေ၏။

ငြိမ်းချမ်း၊ ဇေယျာနှစ်ဦးသည်သာ သီးသန့်ကြိုဆိုသူ ရှိ၏။ သူတို့ရဲ့ တွေ့ဆုံခန်းလေးမှာ စိတ်ဝင်စားဖွယ်ရှိမည်ဖြစ်ပေမယ့် လင်းကျော်တစ် ယောက် အလုပ်တွေရှုပ်သွားလေ၏။ အဆုံးတိုင် အကဲမဖြတ်လိုက်ရတော့ ပါပေ။ မရှေးမနှောင်းမှာပင် တပ်မတော်ရေမှ ၄၀၅ ရေယာဉ် ဆိုက်ကပ်လာ ခဲ့သည်။ ကျန်သည့် အသက်ကယ်လှေတစ်စင်းမှ သင်္ဘောသားများကို ၄၀၅ ရေယာဉ်က တွေ့ရှိကယ်ဆယ်ခဲ့ပြီး သင်္ဘောသား ၁၈ဦးက ဘေးမသီရန်မခ ဆိပ်ကမ်းသို့ ဆင်းလာကြပေ၏။ သင်္ဘောဆိပ်ကြီးတွင် ဆိုက်ကပ်ထားသော ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်းပိုင် 'ဟားခါး' သင်္ဘောမှဆေးမှူး သူငယ် ချင်းမြတ်သူနှင့် အသေးစိတ်ညှိနှိုင်းထားသည့်အတိုင်း သင်္ဘောသားများကို အရေးပေါ်ဆေးစစ်ဆေးခြင်း၊ ကုသခြင်းများပြုလုပ်နေရသည်မှာ ညဥ့်ဝင်ရ ခဲ့သည်အထိ ဖြစ်ပါလေ၏။ ပြုစုကုသမှုများလုပ်ဆောင်၍ အပြီးတွင်တော့ မြို့နယ်ပြည်သူ့ကောင်စီသို့ ဂျီဝါးမှ သင်္ဘောသားများကို လွှဲအပ်ခဲ့ရပါ လေ၏။

www.burmeseclassic.com



"အစ်ကိုရေ . . . စန္ဒီနဲ့မေသူတို့ကို 'ရွှေပြည်တန်'ကို ပို့ပေးလိုက်ပါဦး"

ငြိမ်းချမ်းနှင့်ဇေယျာက တာဝန်ပေးပြန်၏။ လင်းကျော်မှ အမျိုးသမီးနှစ်ဦးကို 'ရွှေပြည်တန်' တည်းခိုရိပ်သာသို့ ပြန်လည်ပို့ပေးခဲ့ရပေ၏။

❖ ❖ ❖

ခုတော့လည်း သူတို့နှစ်ဦး၏ မျက်နှာလေးများက အပူရိပ်ကင်းစင်စွာ အေးချမ်းရွှင်ပြနေတော့သည်။ 'ရွှေပုလဲ' ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာစဉ်က မေသူ့မျက်နှာလေးကို ငိုထားသည့်သဏ္ဍာန် နီရဲမို့မောက်စွာ တွေ့ခဲ့ရသည်။ စန္ဒီသည်မူ လင်းကျော် ခုမှတွေ့မြင်ဖူးရပေမယ့် နှစ်ကြာရှည်စွာက သိခဲ့ရဖူးသလို ရင်းနှီးမိစေပေသော မျက်နှာလေးမျိုးကို ပိုင်ဆိုင်သူဖြစ်ပေ၏။ ဇေယျာ ဆိပ်ကမ်းသို့ ရှေ့ဆုံးမှတက်သွားတော့ သူမမျက်နှာလေး ပြုံးလက်သွားလိုက်သည်မှာ ကစားပွဲတစ်ခုမှာ တရားမျှတစွာ အနိုင်ရရှိသွားသည့် ကလေးလေးတစ်ယောက်လိုပါပဲ . . .

"စန္ဒီတို့ကို အကြောင်းကြားပေးတာ ဆရာ့ကို သိပ်ကျေးဇူးတင်ပါတယ်"

ကျေးဇူးစကားများ ပြောကြတော့ မျက်နှာထားရခက်စွာ လင်းကျော် ပြုံးနေမိရပါလေ၏။

"သူ့သတင်းကြားရတော့ မေသူ့ရင်ထဲမှာ ကျပ်ဆို့သွားတာပဲဆရာရယ် . . . ဒီကိုရောက်လာတော့လည်း ကယ်ဆယ်ရေးလုပ်နေတာ နှစ်ရက်ရှိပြီ၊ အဆက်အသွယ်မရသေးဘူးဆိုတာ သိရတော့ ပိုပြီး ကျပ်တက်သွားလိုက်တာ အသက်ရှူလို့တောင် မဝတော့သလိုပဲ . . . ခုမှပဲ စိတ်အေးရတော့တာတော်ပါပြီ ဆရာရယ် . . . အဆင့်မီမီ မနေရရင်လည်းနေပါစေ၊ ကားမစီးရင်လည်း နေပါစေတော့ . . . သူ့ကို သင်္ဘောမတက်ခိုင်းရဲတော့ပါဘူး"

မေသူက ကလေးတစ်ယောက်ပမာ မျက်ရည်ဝဲဝဲဖြင့် ပွင့်လင်းစွာဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ဒီအဖြစ်မျိုးကတော့ ရှာပါးတဲ့အဖြစ်မျိုးပါပဲ . . . သင်္ဘောသားတိုင်း သင်္ဘောပျက်ကိန်းနဲ့ ကြုံရဖို့ဆိုတာလည်း ခဲယဉ်းပါတယ်၊ ဒီသင်္ဘောသား တစ်ယောက်တည်းအနေနဲ့ သင်္ဘောပျက်တာမျိုး ထပ်ကြုံရဖို့ဆိုတာက ပိုမဖြစ်နိုင်သေးတာပဲလေ"

လင်းကျော် ဖျောင်းဖျမိရပေ၏။

"ကိုဇေ့ကိုတော့ သင်္ဘောမလိုက်တော့ဖို့ ပြောလို့ရမယ် မထင်ပါဘူး။ သူ သင်္ဘောမှာငြီးငွေ့တယ် ပြောတတ်ပေမယ့် ပင်လယ်ရေပြင်ကို မမြင်ရဘဲ သူကြာကြာနေနိုင်မှာ မဟုတ်ပါဘူး၊ ကိုဇေ ခဏခဏပြောဖူးတယ်လေ၊ ပင်လယ်ခရီးကလည်း တစ်မျိုးတော့ဖမ်းစားထားတယ်တဲ့ . . . အချိန်ကျရင် နောက်တစ်ခေါက် ပြန်မထွက်ဘဲ မနေနိုင်ဘူးတဲ့ . . . သူ့အနေအကျဆုံး နေရာက စန္ဒီ့အိမ်မှာလည်းမဟုတ်ဘူး၊ မေမေ့အိမ်မှာလည်း မဟုတ်ဘူး၊ ပင်လယ်ထဲက သင်္ဘောပေါ်မှာသာပါ။ အခုလည်း အချိန်ကျရင် သူ သင်္ဘောပြန်ထွက်ချင်လာဦးမှာပါပဲ . . . စန္ဒီကလည်း သူ့ကို မတားချင်ဘူးလေ"

စန္ဒီ၏အတွေးအမြင်လေးများကမူ ခိုင်ခိုင်မတ်မတ်ရှိလှပေ၏။ သူမ၏ အယူအဆလေးကို စိတ်ဝင်စားမိလျက် . . .

"စန္ဒီကရော . . . ဇေယျာ သင်္ဘောပြန်ထွက်မှာကို မကြောင့်ကြမိဘူးလား"

စပ်စုသည်ပဲထင်ထင် လင်းကျော် ဝင်မေးဖြစ်ရပေ၏။

"စန္ဒီ့အတွေးကတော့ ဆရာနဲ့ သဘောချင်းတူပါတယ်၊ သင်္ဘောသားတိုင်းလည်း ပင်လယ်ထဲမှာ အန္တရာယ်မကြုံနိုင်ပါဘူး၊ ပြီးတော့ ကိုဇေဟာ အတွေ့အကြုံမနည်းတော့တဲ့ သင်္ဘောသားကောင်းတစ်ယောက်ပဲလေ"

ပြောရင်း ပြုံးရယ်လိုက်တော့ ပါးမို့မို့တွင် ပါးချိုင့်လေးနှစ်ခုချိုင့်ဝင်ထင်လာခဲ့တော့ပေ၏။

"ဆရာလည်း မေသူတို့ကိုလိုက်ပို့ရတာနဲ့ မနားရသေးဘူး၊ ဆရာပြန်ပါတော့လေ၊ မေသူတို့ သွားလို့ရပါပြီ"


www.burmeseclassic.com

www.burmeseclassic.com


"သွားတော့မယ် ဆရာ"

စန္ဒီနှင့်မေသူတို့ နှုတ်ဆက်ခွာကာ 'ရွှေပြည်တန်' အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေမှ လင်းကျော် ပြည်တော်သာတိုက်ခန်းများဆီသို့ ထွက်ခဲ့တော့ပေ၏။

❖ ❖ ❖

ဒီနေ့တွင်တော့ ဧယျာ၊ ငြိမ်းချမ်းအပါအဝင် ဂျီဝါးမှ သင်္ဘောသားများ မြန်မာပြည် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြပေတော့မည်။

လင်းကျော်က အတူလိုက်ပါသွားမည့် မေသူနှင့်စန္ဒီ 'ရွှေပြည်တန်'မှ ခေါ်ယူလျက် လေဆိပ်သို့ ပို့ဆောင်ပေးရပေ၏။ ဧယျာနှင့်ငြိမ်းချမ်းက သူတို့သင်္ဘောသားအဖွဲ့နှင့် အတူရှိနေကြ၏။ မေသူမောင်နှင့်စန္ဒီ၏တာဝန်က လင်းကျော်အပေါ်တွင်သာ ကျရောက်နေပေတော့၏။ ကိုယ်တစ်ယောက်တည်း ပူပန်နေရသည့်မှုကို ခွဲဝေပေးဖို့ သူတို့နှစ်ဦးကို စစ်တွေမြို့သို့ ခေါ်ယူမိသူမှာလည်း လင်းကျော်ပဲလေ . . .

လေဆိပ်တွင် အစဉ်ရှိတတ်မြဲဖြစ်သော အကောက်ခွန်အဖွဲ့ . . . လူဝင်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ကိုမျိုး၊ ကိုစိုးအောင်၊ ကိုကျော်သာတို့အဖွဲ့နှင့် ဆုံမိပြန်ကာ ဧယျာ၊ ငြိမ်းချမ်းတို့နှင့် ဖက်လှဲတကင်း နှုတ်ဆက်ဖြစ်ကြပြန်ပေ၏။

"ငါ့ညီတို့ နောက်တစ်ခါ စစ်တွေကို ဒီပုံစံနဲ့တော့ အလည်မလာကြနဲ့ကွာ"

ပထမဆုံးအခေါက်ကပင် သင်္ဘောနံရံစောင်းနှင့်ဆောင့်ကာ နဖူးမှာ တစ်ချက်ချုပ်လိုက်ရသော လူဝင်မှုကြီးကြပ်ရေးအရာရှိ ကိုစိုးအောင်က ပြော၍ ရယ်မောကြရသေး၏။ မြို့နယ်မှ လူကြီးများလည်း လိုက်ပါပို့ဆောင်ကြပေသေးရာ သင်္ဘောသား ၂၇ ယောက်မှာ သီးခြားစုနေရပေ၏။ လင်းကျော်


www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ဖေယျာနှင့်ငြိမ်းချမ်းကဆွဲခေါ်၍ စကားတွေပြောကာ ကျေးဇူးတင်မဆုံးနိုင် ဖြစ်နေတော့ပေ၏။

"ကိုယ်လုပ်ပေးခဲ့တာဆိုလို့ ရွှေပုလဲပေါ်မှာ မသောက်ဘဲမှုးနေတာတစ်ခုပဲရှိတာပါ" ဟု ဆိုရပေ၏။

"ကျွန်တော်တို့ သဘော်သားအားလုံးက မြန်မာပြည်ကလူတွေကိုသိပ်ကျေးဇူးတင်နေကြပါတယ်ဗျာ . . . ဒုက္ခခံပြီး ကယ်ဆယ်ခဲ့ရတယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး အသိပါ"

ဖေယျာက ဆိုပေ၏။

လေယာဉ်ဆိုက်ရောက်တော့မည်ဖြစ်ကြောင်း ဒုတိယသံချောင်းခေါက်သံ ထွက်ပေါ်လာပေ၏။ ခရီးသည်တို့ ရုတ်ရုတ်သဲသဲဖြစ်လာကြသည်။ မေသူတို့နှစ်ဦးဘက်သို့ လှမ်းကြည့်မိစဉ် လင်းကျော်သို့ စူးစမ်းစွာကြည့်နေပေသော စန္ဒီ့ကို တစ်ကိုယ်တည်းရပ်လို့တွေ့ရပေ၏။

"မေသူရော၊ လေယာဉ်က သိပ်မကြာခင်ဆိုက်တော့မယ်"

လင်းကျော် စိတ်ပူပန်စွာမေးမိစဉ် စန္ဒီက အမျိုးသမီးအိမ်သာဆီသို့ လှမ်းကြည့်လိုက်လျက် ဆိုသည်။

"အပြင် ခဏထွက်တာပါ၊ အခုလာတော့မှာပါ"

"လိုက်သွားကြည့်လိုက်ပါလား . . . ကျွန်တော် ပစ္စည်းတွေကြည့်ထားမယ်"

လင်းကျော် လောမိစဉ် စန္ဒီကတော့ အေးအေးဆေးဆေးလေး။ သူမအရေးတကြီးထားနေသောအကြောင်းက . . . ဒီကိစ္စ မဟုတ်ပါဟူသောသဘောဖြင့် အမေးတစ်ခုကိုသာ ပြန်မေးခဲ့ပေ၏။

"စန္ဒီ တစ်ခုမေးချင်လို့ပါ၊ ဦးလင်းဝင်းကျော်က အစ်ကိုဖွန်ပဲမဟုတ်သား ဟင်"

လင်းကျော်သည် ဘော့ဟဲယား ဆံပင်ဝိုင်းဝိုင်းလေးနှင့် သုံ့ဆင့်ညှပ်ဆံပင် . . . ငယ်နုသောအလှနှင့် ရင့်ကျက်တည်ငြိမ်ခြင်းတွေ တိုးဝေလာ



www.burmeseclassic.com

www.burmeseclassic.com


သည့် အလှချင်းသာခြားနားလျက် ပါးမို့မို့ပေါ်တွင် ပါးချိုင့်ခွက်လေးများလည်း ရှိနေသေးဆဲဖြစ်လေသော တစ်ခါက ကျောင်းသွားဖော်ကို နှုတ်ဆက်ရပါလေသည်။

"တွေ့တဲ့အချိန်မှာပဲ ကိုယ်မှတ်မိလိုက်ပါတယ် ဒေစီ"

"စန္ဒီကတော့ ဖြည်းဖြည်းမှမှတ်မိလာတာ အစ်ကိုက ရုပ်ပြောင်းသွားတယ်နော် . . . အစိုးရကျောင်းပြောင်းလာတော့ နာမည်ပါပြောင်းလိုက်တယ်လေ"

"ကိုယ်လည်း ဒီလိုပဲပေါ့"

"တွေ့ရတာဝမ်းသာပါတယ် . . . အစ်ကို"

"ကိုယ်လည်း ဝမ်းသာပါတယ်"

"ကျေးဇူးလည်းတင်ပါတယ်၊ ကိုဖေ့အတွက်ရော စန္ဒီ့ကို ကူညီပေးခဲ့တာတွေအတွက်ပါ"

BURMESE CLASSIC

"မလိုပါဘူး ထင်ပါတယ်ဗျာ"

လေယာဉ်သံကို သဲ့သဲ့ကြားရလာပြီဖြစ်၏။ ခရီးသည်ဝင်ပေါက်မှ ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာသော မေသူမောင်ကို လှမ်းတွေ့ရလေသည်။

"စန္ဒီ . . . ကျောင်းတုန်းက အစ်ကို့ပြန်ကိုပြောခဲ့မိတာ အမှားတွေပါမှာပါ၊ အဲဒီအတွက် တောင်းပန်ပါတယ်အစ်ကို"

စန္ဒီ့အသံက တိုးတိုးလေး . . . လင်းကျော်က တစ်ဘက်လူ စိတ်ပေါ့ပါးသက်သာစေဖို့ ပြုံးရယ်ကာဖြင့် နှစ်သိမ့်လိုက်ရပေ၏။

"ဘာအမှားတွေမှ မရှိနိုင်ပါဘူးဗျာ . . . ရှိလည်း ကိုယ် ဘယ်လိုမှ သဘောမထားပါဘူး"

စန္ဒီ့မျက်နှာလေး ရွှင်ပျသွားခဲ့သည်။

"ဆရာက မေသူကြာနေလို့ လိုက်တောင်ခေါ်ခိုင်းနေတာ . . ."

ဟု အမောတကော ရောက်လာသော မေသူ့ကို ပြုံးပြုံးလေးဆိုလေ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဟောလေယာဉ်ဝဲနေပြီ၊ နေရာရအောင် မြန်မြန်ပြေးကြပေတော့ တော်တော်ကြာ အတူတူမထိုင်ရဘဲနေမယ်နော်"

လင်းကျော်ကဆိုလိုက်လျှင် ရယ်မောသံလေးများ ဝေစီလျက် လေယာဉ်ကွင်းသို့ဆင်းရာ တံခါးပေါက်ဆီသို့ ပြေးသွားရပ်ကြလေ၏။

ဂျက်က ကွင်းထဲသို့ဆင်းလာရပ်နေပြီဖြစ်၏။ ဖေယျာနှင့်ငြိမ်းချမ်းက လက်ပြနှုတ်ဆက်လျက် ရှေ့ဆုံးမှ ထွက်ခွာသွားကြ၏။ သူတို့နောက်မှ ဂျိုဝါး သဘော်သားများ။ စက်ဘပူ၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ မလေးရှား လူမျိုးများ။ သူတို့နောက် ခရီးသည်များကြားတွင်တော့ စန္ဒီနှင့်မေသူ . . . စန္ဒီက ကိုယ်လေးတစ်ပတ်လည်အောင် နောက်သို့လှည့်ကာ လင်းကျော်သို့ လက်ပြခဲ့သေးလေသည်။

လင်းကျော်သည် ဝေဟင်ထဲသို့ ဂျက်ဝဲပျံတက်သွားသည်အထိ လေယာဉ်ကွင်းစပ်မှ ရပ်တန့်ငေးမောကြည့်နေမိလေ၏။ ပင်လယ်ထဲတွင် သဘော်ပျက်စီးနစ်မြုပ်လေ၍ လေးရက်တိုင် ဒုက္ခရောက်ခဲ့ရရှာသော သဘော်သားများသည် မြန်မာပြည်အစိုးရ၏ အစီအစဉ်ဖြင့် အပြန်ခရီး ချောမောစွာရှိကြရပြီပင် . . .

မိုးကောင်းကင်အမြင့်မှာ ဘော်ငွေရောင် ငှက်ကလေးတစ်ကောင် သဖွယ် မှုန်ပျပျသာမြင်ရတော့ပေသော ဂျက်လေယာဉ်နှင့်လိုက်ပါသွားလေသော ခင်မင်ရသည့်ငြိမ်းချမ်း မေသူမောင်နှင့်ဖေယျာ၊ စန္ဒီတို့ကိုတော့ လင်းကျော် အမှတ်ထင်ထင် ရှိနေတော့မည်သာ . . . အထူးသဖြင့် မကြီး စကောင်း ကြီးစကောင်း ပြန်လည်ဆုံဆည်းခဲ့ပေသော တစ်ခါကကျောင်းသွားဖော်လေး ဒေစီ (သို့မဟုတ်) စန္ဒီ . . . ပြန်လည်ဆုံတွေ့ကြစဉ်မှာ တောင်းပန်စကား တုံ့တင်ခဲ့ကြသည်သာမို့ စန္ဒီတွင်လည်း အပြစ်မရှိပါတော့ အချိန်ရသဖြင့် လင်းကျော်က ရှင်းပြချင်ပေသေးသည်။

အမြင်ရှင်းလင်းလို့ တစ်ဦးနှင့်တစ်ဦး သံသယကင်းစွာ ဖြူစင်စိတ် ထားနိုင်ပါပြီဆိုသည့်အခါမှာတော့ တစ်ခါက ကျောင်းသွားဖော်ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



လင်းကျော် တစ်ခုတော့ပြောပြချင်လေသည်။ ညီမလေးက အမျိုးသမီးတွေ လိုက်မလုပ်နိုင်သည့် အလုပ်မျိုးကို လုပ်ကိုင်သူ အမျိုးသားကိုမှ အထင်ကြီး တတ်မယ်ဆိုရင်တော့ သူက စာဂျပိုး၊ အခုတောင် မျက်မှန် ဒီလောက်ထူနေ တာ စစ်ဗိုလ်တို့၊ လေယာဉ်မှူးတို့၊ သင်္ဘောသားတို့ ဘာတစ်ခုမှဖြစ်နိုင်မှာ မဟုတ်ပါဘူး။ အစကတည်းကကို အရွေးမခံရဘဲ ပြုတ်မှာပါဟု ဆိုခဲ့သည်များ ကို ပြန်လည်ချေပသည်ဟု မထင်ဘူးဆိုရင်တော့ မြန်မာနိုင်ငံမှာ အဲယောက် တစ်ဆယ်ထက်မပိုပေသော လင်းဝင်းကျော်၏ ဆိပ်ကမ်းကျန်းမာရေး အရာရှိတာဝန်မှာလည်း အမျိုးသမီးတစ်ဦးတလေကိုမှ မခန့်ထားဖူးခဲ့ သေးသည့် တာဝန်တစ်ခုသာဆိုတာ ကျောင်းသွားဖော်လေးကို သိစေ လိုလှသည်ပင် ... ။

ဝင်းဝင်းလတ်

❖ ❖ ❖ ❖ ❖



www.burmeseclassic.com